# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက် ၂၀၁၅ ခုနှစ်၊ ဩဂုတ် ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ [၅၄]၊ အမှတ် [၃၁၈]


**သုသိက္ခိတ ဝိနယမင်္ဂလာ**

စည်းကမ်းကျင့်ဝတ်ကို ကောင်းစွာသင်ယူခြင်း၊
လိုက်နာကျင့်သုံးခြင်းသည်
ကောင်းမြတ်သော မင်္ဂလာမည်၏။

## ကိုးကန့်ဒေသအရေးပေါ်အခြေအနေ ကြေညာချက်ဆက်လက်အတည်ပြု

စာမျက်နှာ-၃

## စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်

စာမျက်နှာ-၃

# မည်သည့်ဘဏ်ကိုမှပိတ်သိမ်းဖို့ အစီအစဉ် လုံးဝမရှိ ဘဏ်အားလုံး ဗဟိုဘဏ်ရဲ့စိစစ်မှုအောက်မှာ ရှိနေ



ဦးဆက်အောင် (ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ)

> “ ဘဏ်တွေမှာ တစ်ခုခု အကျပ်အတည်းဖြစ်လာရင် အချိန်နဲ့တစ်ပြေးညီ နောက်ကနေ ထောက်ပံ့ပေးဖို့ ဗဟိုဘဏ်က အဆင်သင့်ရှိပါတယ် ”

နေပြည်တော် ဩဂုတ် ၁၈

**ပြည်တွင်းရှိ ပုဂ္ဂလိကဘဏ်အချို့နှင့်ပတ်သက်၍ ထွက်ပေါ်လာသည့်သတင်းများသည် ကောလာဟလများသာဖြစ်ပြီး ဘဏ်များအားလုံးသည် ဗဟိုဘဏ်၏ သတ်မှတ်စည်းကမ်းဘောင်နှင့် အချိုးများအတွင်း ရှိနေကြောင်းနှင့် ဘဏ်များတွင် ငွေကြေးအကျပ်အတည်း ဖြစ်ပေါ်ပါကလည်း လိုအပ်သောအကူအညီများကို ဥပဒေနှင့်အညီ အပြည့်အဝပံ့ပိုးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ယနေ့ နံနက် ၉ နာရီခွဲတွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ထုတ်ပြန်ကြေညာသည်။**

“တချို့ဘဏ်တွေကို ပိတ်သိမ်းဖို့ လုပ်နေတယ်ဆိုပြီး ကောလာဟလတွေ ဖြစ်လာပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ဗဟိုဘဏ်ကနေ မည်သည့်ဘဏ်ကိုမှ ပိတ်သိမ်းဖို့အစီအစဉ် လုံးဝမရှိပါဘူး။ ဘဏ်တွေအားလုံးကလည်း ကျွန်တော်တို့ ဗဟိုဘဏ်ရဲ့ စိစစ်မှုအောက်မှာ အကုန်လုံးရှိနေပါတယ်။ ဘဏ်တွေရဲ့ စာရင်းဇယားတွေကို ဗဟိုဘဏ်ကို နေ့တိုင်းပို့ရပါတယ်။ ဗဟိုဘဏ်ကသတ်မှတ်ထားတဲ့ စည်းကမ်းဘောင်တွေနဲ့ အချိုးတွေအများကြီးရှိပါတယ်။ ဒီလို သတ်မှတ်ထားတဲ့ စည်းကမ်းဘောင်အတွင်းမှာ ဘဏ်တွေအားလုံးရှိနေပါတယ်” ဟု မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က ဖိတ်ကြားထားသော မီဒီယာများကို ပြောသည်။

ပြည်တွင်းရှိ ဘဏ်များအားလုံးကို ငွေကြေးအကျပ်အတည်း မဖြစ်အောင် နိုင်ငံတကာထုံးစံများနှင့်အညီ အချိုးများ၊ စည်းကမ်းသတ်မှတ်ချက် ဘောင်များအတိုင်း ငွေကြေးတည်ငြိမ်မှုရှိစေရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဆောင်ရွက်လျက်ရှိသည်။

“တကယ်လို့သာ ဘဏ်တွေက ကျွန်တော်တို့ရဲ့ စည်းကမ်းဘောင်ထဲကနေ လွတ်လာရင် ဒါမှမဟုတ် ကျွန်တော်တို့ရဲ့ သတ်မှတ်ချက်အချိုးတွေနဲ့ ကိုက်ညီမှု မရှိဘူးဆိုရင် ဗဟိုဘဏ်က ဒီဘဏ်တွေကို ချက်ချင်းခေါ်ပြီး သတိပေးပါတယ်။ သတိပေးလို့မရရင် အရေးယူမှုတွေ လုပ်ပါတယ်။ ဘဏ်တွေက နေ့စဉ်စာရင်းတွေကို နေ့တိုင်း ဗဟိုဘဏ်ကို

*စာမျက်နှာ ၆ ကော်လံ ၁* ◆



ဦးမိုးဆန်းအောင်

## အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးစီမံကိန်းသည် သစ်တောဧရိယာကေ၆၆သန်းကျော် အမြဲတမ်းသစ်တောဖြစ်လာမည်

နိုင်ငံတော်အနေဖြင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အနှစ် ၃၀ ဘက်စုံပင်မ စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်လျက်ရှိရာ စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ခြင်းဖြင့် နောင်တွင်သစ်တောဧရိယာဧက ၆၆ သန်းကျော်သည် အမြဲတမ်းသစ်တောကြီးအဖြစ် ဖြစ်တည်လာမည်ဖြစ်ကြောင်း စီမံကိန်းတွင်ထည့်သွင်းဖော်ပြထားသည်။ နိုင်ငံတော်က အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး စီမံကိန်းကိုအရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ၂၀၀၂ ခုနှစ်အထိ သစ်တောစိုက်ခင်းဧက နှစ်သိန်းကျော်တည်ထောင်နိုင်ခဲ့ပြီး သဘာဝတောကျန်ဧက ခြောက်သိန်းကျော်ကို ထိန်းသိမ်းကာကွယ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ ထို့အပြင် နိုင်ငံတော်က ကျေးလက်ဒေသများတွင် စိုက်ပျိုးရေနှင့် သောက်သုံးရေ အလုံအလောက်ရရှိရေးအတွက် ဆည်မြောင်းတာတမံများတည်ဆောက်ပေးခြင်း မြစ်ရေတင်စီမံကိန်းများ မြေအောက်ရေရရှိရေး လုပ်ငန်းများကိုဆောင်ရွက်ပေးလျက်ရှိရာ

*စာမျက်နှာ ၆ ကော်လံ ၁* ❀


**ယနေ့ ဖတ်စရာ**

အမေရိကန်မြို့ကြီးများကို အကြမ်းဖက်တိုက်ခိုက်ရန်ကြံစည်နေသည့် အိုင်အက်စ် အစွန်းရောက်အဖွဲ့ — စာမျက်နှာ-၅

အမှန်တကယ် လိုအပ်သည့်နေရာတွင် လိုအပ်သလို ပံ့ပိုးပေးနိုင်မည့် အကျိုးရှိသော အကူအညီဖြစ်ရန် လိုပါသည် — စာမျက်နှာ-၁၁

သီးနှံအအေးထိန်းနှင့် ပဲသန့်စင်လုပ်ငန်း စွန့်ပစ်ပစ္စည်းသိုလှောင်ခန်းမှ ဝိုင်ယာရှော့ခ်ဖြစ်၍ မီးလောင် — စာမျက်နှာ-၁၄





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ရွေးကောက်ပွဲမဲဆွယ်စည်းရုံးခွင့်

မြန်မာပြည်သူတစ်ရပ်လုံး၏ ကံကြမ္မာကိုဖန်တီးနိုင်မည့် ၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးကို လာမည့် နိုဝင်ဘာ ၈ ရက်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ကြိမ်တည်း၊ တစ်ရက်တည်းကျင်းပသွားရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးက ကြေညာထားပြီဖြစ်ပါသည်။ ရွေးကောက်ပွဲကြီးနီးလာသည်နှင့်အမျှ နိုင်ငံရေးပါတီအသီးသီးတို့၌ ကိုယ်စားလှယ်လောင်းများအမည်တင်သွင်းခြင်း၊ စိစစ်ရွေးချယ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ဤရွေးကောက်ပွဲကြီးတွင် ဝင်ရောက်အရွေးခံနိုင်ရန် ကိုယ်စားလှယ်လောင်းအမျိုးအစား ငါးမျိုးရှိပါသည်။ ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်နှင့်တိုင်းဒေသကြီး၊ ပြည်နယ်တိုင်းရင်းသားလူမျိုးနှင့် တစ်သီးပုဂ္ဂလဟူ၍ ကိုယ်စားလှယ်လောင်း အမျိုးအစားငါးမျိုးရှိပါသည်။ နိုင်ငံရေးပါတီအသီးသီးက လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်းကို ၂၀၁၅ ခုနှစ် ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၁၄ ရက်အထိ ဆောင်ရွက်ခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၇၇၂ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၉၁၃ဦး၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၃၃၄၁ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ်တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း ၁၆၃ ဦး စုစုပေါင်း ၆၁၈၉ ဦးရှိပြီး နိုင်ငံရေးပါတီ ၉၂ ပါတီနှင့် တစ်သီးပုဂ္ဂလ ၃၂၃ ဦးတို့က အမည်စာရင်း တင်သွင်းခဲ့ကြောင်း သိရပါသည်။ ဤစာရင်းများအရ လာမည့် ရွေးကောက်ပွဲကြီးတွင် ဝင်ရောက်အရွေးခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းပေါင်း ၆၆၀၀ ကျော်ရှိကြောင်း ကြားသိရပါသည်။

ဤလွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ချက်အရ လာမည့် စက်တင်ဘာ ၈ ရက်မှ နိုဝင်ဘာ ၆ ရက်အထိ ရက်ပေါင်း ၆၀ အတွင်း မိမိတို့မဲဆန္ဒနယ်အသီးသီးတို့၌ မဲဆွယ်စည်းရုံးခွင့်ရရှိကြမည်ဖြစ်ပါသည်။ ဤသို့မဲဆွယ်စည်းရုံးရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ပါတီတစ်ခုနှင့်တစ်ခု ဝေဖန်တိုက်ခိုက်ပြောဆိုခြင်း၊ ပုဂ္ဂိုလ်ရေးထိခိုက်ပြောဆိုခြင်း မပြုလုပ်မိစေရန် အထူးပင်အရေးကြီးလှပါသည်။ နိုင်ငံရေးပါတီအသီးသီးနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၆ အရ နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ လွတ်လပ်စွာစည်းရုံးခွင့်ရှိပြီး နိုင်ငံသားတိုင်းသည် ပုဒ်မ ၃၅၄ အရလည်း ဥပဒေနှင့်မဆန့်ကျင်ဘဲ လွတ်လပ်စွာထုတ်ဖော်ပြောဆိုရေးသားခွင့်၊ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်ရှိပါသည်။

သို့ရာတွင် ရွေးကောက်ပွဲဥပဒေအခန်း ၁၃ ပါ ရွေးကောက်ပွဲပြစ်မှုနှင့် ပြစ်ဒဏ်များ၊ အခန်း ၁၄ ပါ တရားမဲ့ပြုကျင့်မှုများကို ကျူးလွန်မှုမရှိစေရေး လိုက်နာစောင့်ထိန်းရန် လိုအပ်မည်ဖြစ်ပါသည်။ မိမိ၏ ဟောပြောချက်များသည် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် ရွေးကောက်ပွဲဥပဒေအရ အရေးယူ ခံရနိုင်ပါသည်။ တရားမဲ့ပြုကျင့်မှု တစ်ရပ်ရပ်ဖောက်ဖျက်ပါက ရွေးကောက်ပွဲတွင် အနိုင်ရသည့်တိုင် ပြိုင်ဘက်ကိုယ်စားလှယ်လောင်းက ကန့်ကွက်စာ တင်သွင်းခဲ့လျှင် အရေးယူဆောင်ရွက်ခြင်းကိုခံရနိုင်ပါသည်။ သို့ဖြစ်၍ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးကာလအတွင်း ကိုယ်စားလှယ်လောင်းများ လိုက်နာအပ်သည့် ကျင့်ဝတ်များကို လိုက်နာခြင်းအားဖြင့် မဲဆွယ်စည်းရုံးခြင်းကို ဆောင်ရွက်သင့်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

" မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းများယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ "

## ဧရာဝတီတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအားဆန်အိတ်နှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်



**ပုသိမ် ဩဂုတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဩဂုတ် ၁၅ ရက် နံနက် ၈ နာရီက ဩဂုတ်လအတွင်း ဒါးကချောင်းရေမြင့်တက်မှုကြောင့် ရေဘေးကယ်ဆယ်ရေး ဆောင်ရွက်ထားရှိမှုများနှင့် ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံအတွင်း၌ တိုးချဲ့ဆောင် တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကျောင်းကုန်းမြို့နယ် ရတနာပုံဘုန်းတော်ကြီးကျောင်းနှင့် ဆုတောင်းပြည့် ဘုန်းတော်ကြီးကျောင်းဝင်း အတွင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်းမှ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံပြီး အားပေးစကားပြောကြား၍ ရေဘေးသင့်ပြည်သူများထံသို့ ဆန်အိတ်နှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကန်ကြီးထောင့်မြို့နယ် လောကမှန်ကူစေတီတော်တန်ဆောင်းအတွင်း၌ မြို့နယ် ရေဘေးကယ်ဆယ်ရေး လုပ်ငန်း ကြီးကြပ်မှု ကော်မတီဝင်များနှင့် တွေ့ဆုံခဲ့သည်။

ထို့နောက် ကန်ကြီးထောင့်မြို့နယ် အုပ်ချုပ်ရေးမှူးက ရေဘေးကယ်ဆယ်ရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးချုပ်က လိုအပ်ချက်များကို မှာကြားကာ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံ အားပေးစကားပြောကြား၍ ဆန်နှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် ပုသိမ်မြို့အမှတ်(၁၂) ရပ်ကွက် ရွှေသာလျောင်းဘုရားဝင်း အတွင်း၊ အမှတ်(၇) ရပ်ကွက် အောင်ပင်လယ် ကျောင်းဝင်းအတွင်း နှင့် အမှတ်(၁)ရပ်ကွက်၊ အမှတ်(၅) အခြေခံပညာ မူလတန်းကျောင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်းကို သွားရောက်ကြည့်ရှုပြီး ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားကာ ဆန်အိတ်နှင့်ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

## ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၈**

ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ ဩဂုတ် ၁၈ ရက်တွင် နေပြည်တော် (ရုံးချုပ်) အလှူခံဌာန၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Mongolia Leah Energy Development (Hong Kong) Limited ၏ CEO ဖြစ်သူ MR. SUYALETU က တရုတ်ယွမ် ၅၀၀၀၊ လားရှိုးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့မှ အလှူငွေကျပ် ၁၀၀၀၀၀၀ ကို မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်ငွေစာရင်းအမှတ် (CF-002301) သို့ တိုက်ရိုက်ထည့်သွင်းလှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးတွင် ဩဂုတ် ၁၈ ရက်က ငွေကျပ် ၆၁၄၄၅၀ လက်ခံရရှိခဲ့ရာ ဇူလိုင် ၂၉ရက်မှ ဩဂုတ် ၁၈ ရက်အထိ အလှူရရှိငွေစုစုပေါင်းမှာ ငွေကျပ် ၁၅၆၄၄၅၇၈၇၂၊ အမေရိကန်ဒေါ်လာ ၆၂၉၅၉၆ ဒသမ ၆၇၊ ထိုင်းဘတ် ၁၆၈၀၅၅၊ မလေးရှားရင်းဂစ် ၂၀၀၀၊ တရုတ်ယွမ် ၅၀၀၀ ဖြစ်ပြီး လက်ခံရရှိသောအလှူငွေနှင့် ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၈-၈-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၁၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၆၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၆၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၀၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၆၆ |
| ဥရောပ | တစ်ယူရို | ၁၄၀၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၈.၆၄ |
| ထိုင်း | တစ်ဘတ် | ၃၅.၆၀၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၃၄၉ |
| တရုတ် | တစ်ယွမ် | ၁၉၇.၉၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၇.၀၂ |

ခင်ရတနာ-စုစည်းသည်။

# ကိုးကန့်ဒေသ အရေးပေါ်အခြေအနေ ကြေညာချက် ဆက်လက်အတည်ဖြစ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်(၅/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်**
**(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်)**

## ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် ဆက်လက်အတည်ဖြစ်ကြောင်း ကြေညာခြင်း

၁။ ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့မှစတင်၍ ကိုးကန့်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားသဖြင့် ပြည်သူများ၏လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ်(၁/၂၀၁၅)ကိုထုတ်ပြန်၍ အရေးပေါ်အခြေအနေကြေညာခဲ့ပြီး ယင်းအမိန့်သည် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့အထိ ဆက်လက်အတည်ဖြစ်ကြောင်း ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ်(၃/၂၀၁၅)ကို ထပ်မံထုတ်ပြန်ခဲ့ပါသည်။

၂။ ယင်းအမိန့်သည် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့တွင် သတ်မှတ်ရက်ကုန်ဆုံးသော်လည်း ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိခြင်းမရှိသေးသဖြင့် ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ်(၁/၂၀၁၅) ဖြင့် ထုတ်ပြန်ခဲ့သည့် အရေးပေါ်အခြေအနေ ကြေညာချက်သည် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့အထိ ဆက်လက်အတည်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ကြေညာလိုက်သည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်(၆/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်**
**(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်)**

## စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်ခြင်း

၁။ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ်(၁/၂၀၁၅)ဖြင့် အရေးပေါ်အခြေအနေ ကြေညာထားသည့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေခြင်းငှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ(ခ)အရ ထုတ်ပြန်ထားသော စစ်အုပ်ချုပ်ရေးအမိန့်ကို ဆက်လက်တည်စေပြီး ယင်းအမိန့်ပါတာဝန်နှင့် လုပ်ပိုင်ခွင့်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဆက်လက်အပ်နှင်းလိုက်သည်။

၂။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယင်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို မိမိကိုယ်တိုင်ကျင့်သုံးဆောင်ရွက်ခြင်း သို့မဟုတ် သင့်လျော်သည့် စစ်ဘက်အာဏာပိုင်တစ်ဦးဦးကို ကျင့်သုံးဆောင်ရွက်စေခြင်းပြုနိုင်သည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ လာအိုနိုင်ငံ၌ လှည့်လည်ကြည့်ရှု

**နေပြည်တော် ဩဂုတ် ၁၈**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် လာအိုဒုတိယကာကွယ်ရေးဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ Major General Souyone Leuangboummy ၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ရန် ဩဂုတ် ၁၇ ရက် နံနက်ပိုင်းက နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ ဝပ်တိုင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိကြပြီး ဆက်လက်ထွက်ခွာခဲ့ရာ တည်းခိုမည့် Landmark Mekong Riverside Hotel သို့ ရောက်ရှိသည်။

ထို့နောက် ဗီယင်ကျန်းမြို့ရှိ ထက်လွှမ်ဘုရားသို့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင်ရောက်ရှိပြီး ဖူးမြော်ကြည်ညို၍ အလှူငွေများပေးအပ်ကာ ဘုရားပရဝဏ်အတွင်း လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ပတ်တူဆိုင်းသို့ ဒေသစံတော်ချိန် ညနေ ၃ နာရီ ၅ မိနစ်တွင် ရောက်ရှိရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဆီဇာကပ်ဘုရားနှင့် မြဘုရားကျောင်းသို့ ရောက်ရှိဖူးမြော်ကြပြီး မြဘုရားကျောင်းဆောင်ပြုပြင်ရေးအတွက် အလှူငွေများပေးအပ်ကာ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ဒေသစံတော်ချိန် ညနေ ၅ နာရီ မိနစ် ၅၀ တွင် ဗီယင်ကျန်းမြို့ရှိ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)ရုံးသို့ရောက်ရှိပြီး စစ်သံရုံးမှ မိသားစုဝင်များအား တွေ့ဆုံအားပေးစကားပြောကြားကာ လက်ဆောင်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။ **(မြဝတီ)**



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ လာအိုနိုင်ငံ ပတ်တူဆိုင်း၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

# လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် လွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၁၈**

ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီသည် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဇူလိုင် ၁၆ ရက်ကကျင်းပခဲ့သည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၇၂) ရက်မြောက်နေ့တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ မူလသဘောထားမှတ်ချက်အပေါ်တွင် ဆုံးဖြတ်ရန်ဖြစ်သော်လည်း နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားဖြစ်ထွန်းစေမည့် မှန်ကန်သောဥပဒေကောင်းတစ်ရပ်ဖြစ်ရန်အတွက် ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ယနေ့တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် လွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့သည်။

ညှိနှိုင်းအစည်းအဝေးသို့ ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာ တက်ရောက်အမှာစကားပြောကြားခဲ့ပြီး ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ဦးခင်မောင်ရီတို့က ဆွေးနွေးမှာကြားကာ လွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီ(၂၀) ပါတီမှ ကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

## ကျောင်းစာကြည့်တိုက်များ အရည်အသွေးတိုးမြှင့်ရေး အခမ်းအနား ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၈**

အာရှဖောင်ဒေးရှင်းနှင့် မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းတို့ ပူးပေါင်းကျင်းပသည့် “ကျောင်းစာကြည့်တိုက်များ အရည်အသွေးတိုးမြှင့်ရေး” အခမ်းအနားကို ဩဂုတ် ၁၉ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ၂၅ ရပ်ကွက် သံသုမာလမ်းရှိ အခြေခံပညာအထက်တန်းကျောင်း(သုဝဏ္ဏ) နဝရတ်စာကြည့်တိုက်၌ ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ဆောင်ရွက်ပေးရမည့်ဥပဒေများနှင့် လွှတ်တော်လုပ်ငန်းများကို ရရှိသည့်အချိန်အတွင်း ပြီးစီးအောင် လွှတ်တော်ကိုယ်စားလှယ်များ ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၈

**ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၇၆ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပရာ ပြည်ထောင်စုလွှတ်တော် နာယက က လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည့်အခြေအနေများနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။**


ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပစဉ်။

ပြည်ထောင်စု လွှတ်တော် နာယက က ရှင်းလင်းတင်ပြရာတွင် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပခဲ့သည့် ၂၀၁၁ ခုနှစ်မှစ၍ ယနေ့အချိန်အထိ ရုပ်သိမ်းခြင်း၊ ပြင်ဆင်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းများအပါအဝင် ဥပဒေပေါင်း ၁၈၀ ခု ထုတ်ပြန်ပြီးဖြစ်ပါကြောင်း၊ လက်ရှိဆောင်ရွက်ဆဲဥပဒေကြမ်းများအနေဖြင့် ပြည်ထောင်စုလွှတ်တော်တွင် ၁၀ ခု၊ ပြည်သူ့လွှတ်တော်တွင် ၂၀ ခု၊ အမျိုးသားလွှတ်တော်တွင် ၃၀ ခု ရှိပါကြောင်း၊ ယခုရက်ပိုင်းအတွင်း ပြည်ထောင်စုလွှတ်တော်သို့ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် ပြည်ထောင်စုလွှတ်တော်၌သာ ဆောင်ရွက်ရမည့် ဥပဒေကြမ်းငါးခု၊ ကိုးကန့်ဒေသအရေးပေါ်အခြေအနေအား သက်တမ်းတိုးမြှင့်ရန်၊ ပြည်ထောင်စုဝန်ကြီးနှစ်ဦး ခန့်အပ်တာဝန်ပေးနိုင်ရန်၊ ပြည်ပ ချေးငွေ ချေးယူနိုင်ရေး၊ နိုင်ငံတကာစာချုပ်များတွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးတို့အပါအဝင် မဖြစ်မနေဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် လွှတ်တော်ဆိုင်ရာလုပ်ငန်းကိစ္စရပ်များ ရှိနေပါကြောင်း။

လွှတ်တော်များအနေဖြင့် ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းကိစ္စများထဲမှ မဖြစ်မနေဆောင်ရွက်ရမည့် ဥပဒေကြမ်းများကို လေ့လာစိစစ်ပြီး ပြီးနိုင်သမျှပြီးစီးရန် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မကြာမီကျင်းပမည့် ရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲ အောင်မြင်ရေးအပါအဝင် လက်ရှိအခြေအနေများအရ လွှတ်တော် အစည်းအဝေးများ ကျင်းပရာတွင် ကာလအကန့်အသတ် ရှိမည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်ပေးရမည့် ဥပဒေများနှင့် လွှတ်တော်လုပ်ငန်းများကို ရရှိသည့်အချိန်အတွင်း ပြီးစီးနိုင်သမျှ ပြီးစီးအောင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှု ကော်မတီရုပ်သိမ်းခြင်းကို လွှတ်တော်သို့ တင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်သည်။

ယင်းနောက် နာယက က ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌထံမှ ပေးပို့သော လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းပြဋ္ဌာန်းနိုင်ရေး တင်ပြစာနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်များဖြင့် ပြန်လည်ပေးပို့လာသော မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်း၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကြမ်း၊ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာများကို ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်သည်။

ယင်းနောက် နာယက က လစ်လပ်လျက်ရှိသော ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းအားလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေအားလည်းကောင်း ခန့်အပ်တာဝန်ပေးနိုင်ရေးနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြခြင်းနှင့် ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတရုံး၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ်(၁/၂၀၁၅)ဖြင့် ထုတ်ပြန်ခဲ့သည့် အရေးပေါ်အခြေအနေကြေညာချက်ကို ထပ်မံ၍ ရက်ပေါင်း ၉၀ အထိ ဆက်လက်အတည်ဖြစ်ရေးအတွက် လွှတ်တော်၏ သဘောတူညီချက်ရရှိရန် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက လွှတ်တော်သို့ အဆိုတင်သွင်းသည်။

ထိုသို့ အဆိုတင်သွင်းရာတွင် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက လက်ရှိအခြေအနေအရ အဆိုပါဒေသ၌ အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် မူလအခြေအနေသို့ပြန်လည်ရောက်ရှိခြင်းမရှိသေးပါသဖြင့် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၁၅)ဖြင့် ထုတ်ပြန်ခဲ့သည့် အရေးပေါ်အခြေအနေကြေညာချက်သည် ထပ်မံ၍ ရက်ပေါင်း ၉၀ အထိ တတိယအကြိမ်နှင့် နောက်ဆုံးအကြိမ်အဖြစ် ဆက်လက်အတည်ဖြစ်စေရန် လိုအပ်သောကြောင့် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၁၂၊ ပုဒ်မခွဲ(ဃ)ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်မှ သဘောတူခွင့်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင်က ရပ်ရွာတည်ငြိမ်အေးချမ်းရေးအတွက် စစ်အုပ်ချုပ်ရေးဖြင့် ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း၊ မကြာမီချုပ်ဆိုတော့မည့် တစ်နိုင်ငံလုံးအပစ်ခတ်ရပ်စဲရေး သဘောတူညီမှုစာချုပ် ချုပ်ဆိုပြီးချိန်နှင့် ရွေးကောက်ပွဲပြီးချိန်တွင် ပြန်လည်ရုပ်သိမ်းပေးရန် လိုအပ်ပါကြောင်း၊ ရွေးကောက်ပွဲနီးချိန်တွင် ဒေသခံများမဲပေးနိုင်ရန် မှတ်ပုံတင်များ ဆောင်ရွက်ပေးရေးနှင့် ဒေသခံပြည်သူများ ပြန်လည်အခြေကျနေထိုင်နိုင်ရန် ဆောင်ရွက်ပေးသင့်ပါကြောင်းဖြင့် ဆွေးနွေးခဲ့ပြီး အဆိုကို လွှတ်တော်က သဘောတူအတည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှပေးပို့သော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနလက်အောက်ရှိ တိုင်းဒေသကြီး၊ ပြည်နယ် ၁၄ ခုနှင့် နေပြည်တော်ကောင်စီ နယ်မြေတို့တွင် ကျေးရွာလျှပ်စစ်မီးလင်းရေး စီမံကိန်းအတွက် အမေရိကန်ဒေါ်လာသန်း ၉၀၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ဓာတ်အားစနစ်မှ ဆက်သွယ်ပေးသည့် လျှပ်စစ်ဓာတ်အားတိုးချဲ့ရေး စီမံကိန်းအတွက် အမေရိကန်ဒေါ်လာသန်း ၃၁၀ ချေးငွေများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးတင်ငွေနှင့် ဦးအောင်သန်းဦးတို့က အဆိုပါချေးငွေဖြင့် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြသည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# အထွေထွေရွေးကောက်ပွဲကြီးအတွက် ပြင်ဆင်ရမည့်အချိန် နီးကပ်နေခြင်းကြောင့် ပြည်သူ့ လွှတ်တော်အစည်းအဝေးရပ်ဆိုင်းပေးရန် အရေးကြီးအဆိုတင်သွင်း

**နေပြည်တော် ဩဂုတ် ၁၈**

ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၈၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပရာ ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းက **“၂၀၁၅ ခုနှစ်၊ ဇွန်လမှ ဩဂုတ်လအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း သဘာဝဘေးသင့်မှုများနှင့် နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးအတွက် ပြင်ဆင်ရမည့်အချိန် အလွန်နီးကပ်နေခြင်းတို့ကြောင့် ကျင်းပနေဆဲ (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ရပ်ဆိုင်းပေးပါရန်”** အရေးကြီးအဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေးသည်။


ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင် ဖြေကြားစဉ်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ပြန်လည် ဆွေးနွေးသည်။

ယင်းနောက် မလှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအေးမောက်၏ **“သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးမှ လုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသို့ နိုင်ငံတော်သမ္မတကြီး မူချထားသည့်အတိုင်း ဘဏ္ဍာရန်ပုံငွေအသုံးစရိတ် အချိန်မီလွှဲပြောင်းပေးနိုင်ခြင်း ရှိ၊ မရှိနှင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိပြီး ပြည်သူများ သိရှိခွင့်ရစေရန် အမိန့်ညွှန်ကြားချက် ထုတ်ပေးနိုင်ခြင်း ရှိ မရှိ သိလိုခြင်း”** မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီး ၂၀၁၅ ခုနှစ် ဧပြီ ၉ ရက်တွင် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး အတည်ပြုပြဋ္ဌာန်းခဲ့ပါကြောင်း။


မလှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအေးမောက် မေးမြန်းစဉ်။

ရင်းနှီးမြှုပ်နှံမှု ငွေလုံးငွေရင်း အသုံးစရိတ်များ သုံးစွဲရာတွင် ပြည်ထောင်စုက ကိုယ်တိုင်ဆောင်ရွက်သည်များရှိသကဲ့သို့ ပြည်ထောင်စုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့ ညှိနှိုင်း၍ ပြည်ထောင်စုက တိုင်းဒေသကြီး/ပြည်နယ်သို့ ရန်ပုံငွေလွှဲပြောင်းပေးပြီး ဆောင်ရွက်သည်များလည်း ရှိပါကြောင်း၊ ထို့ပြင် မူလကပင် တိုင်းဒေသကြီး/ ပြည်နယ် ဘဏ္ဍာရန်ပုံငွေ

*စာမျက်နှာ ၆ ကော်လံ ၁ သို့*

အမျိုးသားလွှတ်တော်အစည်းအဝေး

# ကျင်းပနေသည့် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ရပ်နားပေးရန် အရေးကြီးအဆိုတင်သွင်း

**နေပြည်တော် ဩဂုတ် ၁၈**

အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၇၄ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ထွန်းက **လွှတ်တော်ကိုယ်စားလှယ်များ၏ မိမိနယ်မြေ၊ မိမိမဲဆန္ဒနယ် ပြည်သူများ ရေဘေးအန္တရာယ်ကျရောက်မှုအတွက် ကာကွယ်ရေးလုပ်ငန်းများ၊ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်၊ ၂၀၁၅ ခုနှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ပါတီအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ကိုယ်စားလှယ် စိစစ်ရေးကိစ္စများ ဆောင်ရွက်နိုင်ရန်၊ မကြာမီရောက်ရှိမည့် စည်းရုံးရေးကာလတွင် မဲဆန္ဒနယ်အတွင်း ကွင်းဆင်းဆောင်ရွက်နိုင်ရန် အမျိုးသားလွှတ်တော်အစည်းအဝေးကို ရပ်နားပေးနိုင်ရေး အရေးကြီးအဆို** တင်သွင်းခဲ့သည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာဝင်းမြင့်အောင်က မြန်မာနိုင်ငံအနှံ့အပြားတွင် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မုန်တိုင်း တိုက်ခတ်ခြင်းများကြောင့် မြစ်ရေကြီးမှုများ၊ ရေတိုက်စားမှုများကြောင့် လူနှင့် တိရစ္ဆာန်များ သေဆုံးခြင်း၊ ရေနစ်မြုပ်ခြင်း၊ အိမ်များမျောပါခြင်း၊ မြေပြိုခြင်း၊ တောင်ပြိုခြင်း၊ နွံများ ပိတ်ဆို့ခြင်း၊ စိုက်ပျိုးသီးနှံများ ပျက်စီးခြင်း၊ ပျိုးထောင်ထားသော စပါးသီးနှံများ ပျက်စီးခြင်း စသည့် ဘေးဒုက္ခများ ကျရောက်ခဲ့ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရက ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့ကို အရေးပေါ်သဘာဝဘေးကျရောက်သည့်ဒေသများအဖြစ် အမိန့်ထုတ်ပြန်ကြေညာခဲ့ပါကြောင်း၊ အလားတူ လွှတ်တော် အစည်းအဝေးများကိုလည်း ရက်ရွှေ့ဆိုင်းခဲ့ပါကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကလည်း ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းသည့်နေ့ရက်ကို တိုးမြှင့်သတ်မှတ်ပေးခဲ့ပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း ရေဘေးသင့် ပြည်သူများအတွက် ကူညီဆောင်ရွက်မှုများ ပြုလုပ်ပေးနိုင်ခဲ့ပါကြောင်း၊ ဆက်လက်၍လည်း ရေဘေးသင့် ပြည်သူများအတွက် ကူညီဆောင်ရွက်ရန်ကိစ္စများ ကျန်ရှိ

*စာမျက်နှာ ၆ ကော်လံ ၅ သို့*

# အမေရိကန်မြို့ကြီးများကို အကြမ်းဖက်တိုက်ခိုက်ရန် ကြံစည်နေသည့် အိုင်အက်စ်အစွန်းရောက်အဖွဲ့

ထွန်းတောက်

**အမေရိကန်အမိမြေပေါ်၌**

မကြာမီရက်ပိုင်းအတွင်း၌ ကွန်ဂရက်အောက်လွှတ်တော်ထောက်လှမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌမိုက်ရော်ဂျာက အနာဂတ်တစ်ချိန်ချိန်တွင် နည်းပညာအဆင့်မြင့်လက်နက်ကိရိယာများ၊ ကွန်ပျူတာထိန်းချုပ်ကွပ်ကဲမှုများဖြင့် တိုက်ပွဲအတွေ့အကြုံ ရင့်ကျက်သည့်အိုင်အက်စ်ကဲ့သို့ဂျီဟတ်ဒစ်စစ်သွေးကြွများသည် အမေရိကန်အမိမြေပေါ်တွင် ထိန်းမနိုင်သိမ်းမရ ဆူပူသောင်းကျန်းလာနိုင်ကြောင်း၊ အမေရိကန်တွင်သာမက ဥရောပနိုင်ငံများတွင်ပင် အစ္စလာမ္မစ်ကာလီဖိတ် အင်ပါယာကြီးကို ထူထောင်လာနိုင်ကြောင်း သတိပေးပြောဆိုခဲ့သည်။



၂၀၁၄ ခုနှစ် ဇွန်လတွင် ဆီးရီးယားနှင့်အီရတ်နိုင်ငံများ၌ ငွေကြေးနှင့်လက်နက်အင်အား တောင့်တင်းလာသည့် အိုင်အက်စ်အဖွဲ့သည် အရေးပါသည့် မြို့ကြီးများကိုသိမ်းပိုက်၍ အစ္စလာမ္မစ်ကာလီဖိတ်အင်ပါယာနိုင်ငံတည်ထောင်လိုက်ကြောင်း ကြေညာချက်ထုတ်ပြန်လိုက်သောအခါ အမေရိကန်ထောက်လှမ်းရေးအေဂျင်စီများ၊ တရားဥပဒေစိုးမိုးရေးထိန်းသိမ်းသောအဖွဲ့များ၊ နယ်ခြားစောင့်တပ်ဖွဲ့များ၊ အမိမြေလုံခြုံရေးဝန်ကြီးဌာနနှင့် လင်းဆေးဂရေဟမ်စသည့် ရီပတ်ဘလစ်ကန်နိုင်ငံရေးသမားများက အမေရိကန်အမိမြေပေါ်တွင် ၉/၁၁ နယူးယောက်အကြမ်းဖက်တိုက်ခိုက်မှုမျိုး ထပ်မံဖြစ်ပွားလာနိုင်သည်ဟု သတိပေးပြောဆိုကာ လုံခြုံရေးကို တိုးမြှင့်ထားသည်။

၂၀၀၅ ခုနှစ်၌ အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့များက ဖမ်းဆီးမိ၍ အကျဉ်းချထားခဲ့သည့် အယ်လ်ခိုင်ဒါစစ်သွေးကြွ အဘူဘေကာအယ်ဘက်ဒါဒီကို အန္တရာယ်မရှိသူဟု သတ်မှတ်၍ အကျဉ်းထောင်မှ ပြန်လွှတ်ပေးခဲ့သည်။

နောက်ပိုင်းကာလတွင် ရက်စက်ကြမ်းကြုတ်သော အိုင်အက်စ်အဖွဲ့ကို တည်ထောင်သည့် အဘူဘေကာ အယ်ဘက်ဒါဒီသည် ထောင်မှလွတ်မြောက်ခါစ၌ နယူးယောက်မြို့ကို လာရောက်တိုက်ခိုက်မည်ဟု ခြိမ်းခြောက်ပြောဆိုခဲ့ကြောင်း အီရတ်တွင် ထောင်မှူးတာဝန်ယူခဲ့သည့် ဗိုလ်မှူးကြီးကက်နက်ကင်းက ပြန်လည်ပြောပြသည်။

ထို့ပြင် တက္ကဆက်ပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်း ရီပတ်ဘလစ်ကန်နိုင်ငံရေးသမား ရစ်ပယ်ရီက ယနေ့အချိန်၌ သမ္မတအိုဘားမား၏ ပွင့်လင်းမှု နိုင်ငံခြားရေးပေါ်လစီအရ အမေရိကန်နှင့် မက္ကဆီကိုနယ်စပ်၊ တက္ကဆက်၊ နယူးမက္ကဆီကို ပြည်နယ်နှင့် အရီဇိုးနားပြည်နယ်များတွင် မက္ကဆီကန်မူးယစ်ဆေးဝါးဂိုဏ်းများနှင့်အတူ အစွန်းရောက်စစ်သွေးကြွများသည် တဖြည်းဖြည်းချင်း စိမ့်ဝင်ပျံ့နှံ့ဝင်ရောက်ကာ အမေရိကန်မြေပေါ်တွင် အကြမ်းဖက်တိုက်ခိုက်ရန် စီစဉ်နေကြပြီဟု သတိပေးပြောဆိုသည်။ မစ္စတာရစ်ပယ်ရီသည် ၂၀၁၆ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့်သူဖြစ်သည်။

**အမျိုးသားအထိမ်းအမှတ်သဘာဝဥယျာဉ်**

အမေရိကန်နိုင်ငံ နယူးမက္ကဆီကို ပြည်နယ်နှင့် မက္ကဆီကိုနယ်စပ်သာယာလှပသည့် တောင်တန်းတောင်ထိပ်များရှိသော Organ Mountains-Desert Peaks ဒေသကို သမ္မတအိုဘားမားက ၂၀၁၄ ခုနှစ် မေလအတွင်း၌ အမျိုးသားသဘာဝဥယျာဉ်အဖြစ် တရားဝင်ထုတ်ပြန်ကြေညာခဲ့ကာ ဘေးမဲ့တောအဖြစ် သတ်မှတ်ခဲ့သည်။

ထိုသဘာဝ ဥယျာဉ်တွင် မက္ကဆီကိုမူးယစ်ဂိုဏ်းများ၊ တရားမဝင်ရွှေ့ပြောင်းခိုးဝင်သူများ၊ ရာဇဝတ်ဂိုဏ်းသားများနှင့်အစွန်းရောက်စစ်သွေးကြွများသည် လွတ်လပ်စွာပင် ဝင်ထွက်သွားလာနေကြသည်ဟု လူဝင်မှုလေ့လာရေး ပညာရှင်များက ဆိုသည်။

တက္ကဆက်၊ နယူးမက္ကဆီကိုနှင့် အရီဇိုးနားပြည်နယ်များနှင့်မက္ကဆီကိုနယ်စပ် မိုင် ၂၀၀၀ ကျော် ရှည်လျားသည့်ဒေသတစ်လျှောက် နယ်မြေသုံးပုံတစ်ပုံမှာ လုံခြုံမှုမရှိကြောင်း ဒေသခံပြည်သူတချို့က ဝေဖန်ပြောဆိုသည်။

မကြာမီက တွစ်တာဝက်ဘ်ဆိုက်ပေါ်တွင် အိမ်ဖြူတော်ရှေ့၌ အိုင်အက်စ်အလံကိုင်မြှောက်ထားသည့် အိုင်အက်စ်စစ်သွေးကြွတစ်ဦး၏ ဓာတ်ပုံကို လွှင့်ထားကာ အမေရိကန်မြို့ကြီးများ၌ အိုင်အက်စ်တို့လှုပ်ရှားနေပြီဟု အောက်တွင် စာတန်းထိုးထားသည်။

အက်ဖ်ဘီအိုင်အရာရှိများက ၎င်းလွှင့်တင်ချက်မှာ ခြိမ်းခြောက်ဝါဒဖြန့်မှုသက်သက်သာ ရည်ရွယ်ကြောင်း၊ ဓာတ်ပုံအတုဖန်တီးချက်သာဖြစ်ကြောင်း ပြောဆိုသည်။

**ကုလသမဂ္ဂအစီရင်ခံစာ**

မကြာမီကထွက်ပေါ်လာသည့် ကုလသမဂ္ဂအဖွဲ့၏ အစီရင်ခံစာတွင် ၂၀၁၄ ခုနှစ်ဇွန်လမှ ၂၀၁၅ခုနှစ် မတ်လအတွင်း အိုင်အက်စ် အစွန်းရောက်အဖွဲ့သည် အနောက်နိုင်ငံများ အပါအဝင် ကမ္ဘာ့နိုင်ငံများမှ ဂျီဟတ်ဒစ်တိုက်ခိုက်ရေးသမား ၂၅၀၀၀ ကျော်စုဆောင်းနိုင်သည်အထိ အင်အားကြီးထွားလာနိုင်ကြောင်း၊ အိုင်အက်စ်အစွန်းရောက်ဝါဒသည် ကင်ဆာရောဂါပမာ တစ်ကမ္ဘာလုံးသို့ ကူးစက်ပျံ့နှံ့နေပြီ ဟု သတိပေးချက်ဖော်ပြထားသည်။

အီရတ်နှင့်ဆီးရီးယားတွင် အခြေစိုက်ထားသည့် အိုင်အက်စ်အဖွဲ့သည် လစ်ဗျား၊ တူနီးရှား၊ အယ်လ်ဂျီးရီးယားစသည့် မြောက်အာဖရိကဒေသများအထိ လည်းကောင်း၊ ထိုမှတစ်ဆင့် ဆာဟာရအောက်ပိုင်းနိုင်ငံများအထိလည်းကောင်း၊ နိုင်ဂျီးရီးယား ဘိုကိုဟာရမ်အစွန်းရောက်အဖွဲ့၊ ဆိုမာလီအယ်လ်ရှာဘက်အစွန်းရောက်အဖွဲ့များနှင့် မဟာမိတ်ဖွဲ့၍လည်းကောင်း အိုင်အက်စ်တို့သည် နယ်မြေချဲ့ထွင်နေကြသည်။

ထို့ပြင် အမေရိကန်စစ်ထောက်လှမ်းရေး အေဂျင်စီ၏ ထောက်လှမ်းတွေ့ရှိချက်အရ အိုင်အက်စ်အစွန်းရောက်များသည် ချေချင်းညာနှင့် ဒါဂက်စတန်ဒေသများမှတစ်ဆင့် ကော့ကေးဆပ်တောင်ပိုင်းဒေသ၊ ဂျော်ဂျီယာ၊ အာမေးနီးယား၊ အဇာဘိုင်ဂျန်၊ ရုရှားနှင့်ယူကရိန်းနိုင်ငံများ အထိ နယ်ပယ်ချဲ့ထွင်ကာ လျှို့ဝှက်လှုပ်ရှားနေပြီဟု သိရှိရသည်။

အစ္စလာမ္မစ်အစွန်းရောက်များသည် အထူးသဖြင့် ရုရှားနိုင်ငံကို ပစ်မှတ်ထားတိုက်ခိုက်လေ့ရှိသည်။

**အက်ဖ်ဘီအိုင်အဖွဲ့၏ စုံစမ်းတွေ့ရှိချက်**

ဆီးရီးယားနိုင်ငံ ရက်ကာမြို့တွင် လျှို့ဝှက်အခြေစိုက်ထားသည့် အိုင်အက်စ်အစွန်းရောက်အဖွဲ့၏ မဟာခေါင်းဆောင်ကြီး အဘူဘေကာအယ်ဘက်ဒါဒီက ကမ္ဘာ့အကြမ်းဖက်မှုစစ်ပွဲ (Global Terror War) ဆင်နွှဲမည်။ အထူးသဖြင့် အမေရိကန်ပြည်ထောင်စု၏ မြေပေါ်၌ မြို့ပြအကြမ်းဖက်မှုစစ်ပွဲ ဆင်နွှဲမည်ဟု ဝက်ဘ်ဆိုက်ပေါ်တွင် ကြေညာချက်လွှင့်တင်ထားရာ ကမ္ဘာ့ပြည်သူများ စိုးရိမ်စိတ်မြင့်တက်နေသည်။

အိုင်အက်စ်တို့သည် ရေနံငွေကြေးများနှင့် လက်နက်ပြည့်စုံမှုကြောင့် ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံတွင်မဆို အလစ်အငိုက်အကြမ်းဖက်တိုက်ခိုက်မှု ပြုလုပ်နိုင်သည်။

လွန်ခဲ့သည့် အောက်တိုဘာလ၌ ဘရိတ်ဘာ့ဒ်သတင်းဌာန၌ အက်ဖ်ဘီအိုင်အဖွဲ့၏ စစ်ဆေးတွေ့ရှိချက်မှတ်တမ်းများကို တင်ပြထားရာ အမေရိကန်ပြည်တွင်း၌ ကြီးထွားလာနေသည့် အကြမ်းဖက်သမားအစွန်းရောက်များနှင့် အိုင်အက်စ်အဖွဲ့ကို ထောက်ခံအားပေးသူများသည် အမေရိကန်ရဲတပ်ဖွဲ့ဝင်များ၊ အက်ဖ်ဘီအိုင်အရာရှိများနှင့် အစိုးရဝန်ထမ်းများကို ပစ်မှတ်ထားတိုက်ခိုက်ရန် ကြံစည်နေသည်ဟု ဖော်ပြထားသည်။

အိုင်အက်စ်မဟာခေါင်းဆောင်ကြီး အယ်ဘက်ဒါဒီက အမေရိကန်နိုင်ငံသား ဂျီဟတ်ဒစ်များအနေဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် စစ်သည်များကို တွေ့မရှောင်သုတ်သင် ရှင်းလင်းသတ်ဖြတ်ရမည်ဟု လမ်းညွှန်ချက်ကို ဝက်ဘ်ဆိုက်ပေါ်တွင် လွှင့်တင်ခြိမ်းခြောက်ထားသည်။

Jade Helm 15 Exercises

ပြင်သစ်နိုင်ငံ၌ ချာလီဟက်ဒိုးရုပ်ပြောင်မဂ္ဂဇင်း၌ တမန်တော်မိုဟာမက်၏ ကာတွန်းပုံများကို ရေးဆွဲဖော်ပြသည့်အတွက် အိုင်အက်စ်အဖွဲ့နှင့်အဆက်အသွယ်ရှိသည့် စစ်သွေးကြွများက ၎င်းမဂ္ဂဇင်းတိုက်နှင့်ဂျူးကုန်တိုက်တစ်ခုကို အကြမ်းဖက်တိုက်ခိုက်ခဲ့ရာ လူပေါင်း ၁၇ ဦးသေဆုံးခဲ့သည်။

ချာလီဟက်ဒိုးမဂ္ဂဇင်းကို စံပြနမူနာယူ၍ အမေရိကန်နိုင်ငံသားအချို့က Jade Helm 15 Exercises ဟူ၍အမည်ပေးကာ တမန်တော်မိုဟာမက်၏ ကာတွန်းရုပ်ပြောင်ဆွဲပွဲများပြုလုပ်ကာ လွတ်လပ်စွာဖော်ပြခွင့် လူ့အခွင့်အရေးများကို မြှင့်တင်သော ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်နေကြသည်။

မကြာမီက တက္ကဆက်ပြည်နယ် ချက်တာန္နူဂါဒေသရှိ စစ်အခြေစိုက်စခန်းနှစ်ခုတွင် ၎င်းကာတွန်းရုပ်ပြောင်ရေးဆွဲပွဲကျင်းပနေစဉ် အစွန်းရောက်တစ်ဦးက ဝင်ရောက်ပစ်ခတ်တိုက်ခိုက်၍ မရိန်းလေးဦးနှင့်ရေတပ်သားတစ်ဦးသေဆုံးသွားခဲ့သည်။ ၎င်းအကြမ်းဖက်သမားများမှာ မိုဟာမက်ယူဆွပ်အဘူလာဇီးဆိုသူ အမေရိကန်နိုင်ငံသားဖြစ်သည်။

ထို့အတူ တက္ကဆက်ပြည်နယ်ထဲမှာပင် ဂါလန်မြို့၌ ရုပ်ပြောင်ကာတွန်းရေးဆွဲပွဲ ကျင်းပနေစဉ် အမေရိကန်နိုင်ငံသား အစွန်းရောက်နှစ်ဦးက ဝင်ရောက်တိုက်ခိုက်ရန်ကြိုးပမ်းစဉ်လုံခြုံရေးအစောင့်များက ၎င်းတို့ကို ပစ်သတ်ခဲ့သည်။

အမေရိကန်ပြည်ထောင်စု၌ အိုင်အက်စ်လိုလားသည့် ပြည်တွင်း ဂျီဟတ်ဒစ်များနှင့်နိုင်ငံခြားမှ ဝင်ရောက်လာသည့် အစွန်းရောက်များသည် အနာဂတ်ကာလတစ်ချိန်ချိန်တွင် အမေရိကန်အမိမြေပေါ်တွင် မြို့ပြအကြမ်းဖက်စစ်ပွဲများ ဆင်နွှဲလာနိုင်ကြောင်း၊ အိုင်အက်စ်တို့သည် န္ယူကလီးယားလက်နက်များကို မှောင်ခိုဈေးကွက်မှ ဝယ်ယူကာ မက္ကဆီကိုနယ်စပ်မှတစ်ဆင့် အမေရိကန်နိုင်ငံတွင်းသို့ လျှို့ဝှက်သွင်းယူ၍ အမေရိကန်မြို့ကြီးများကို န္ယူပုံးများဖြင့်တိုက်ခိုက်လာနိုင်ကြောင်း စစ်ရေးပညာရှင်များက သတိပေးနေကြသည်။

**မကြာမီကထွက်ပေါ်လာသည့် ကုလသမဂ္ဂအဖွဲ့၏ အစီရင်ခံစာတွင် ၂၀၁၄ ခုနှစ် ဇွန်လမှ ၂၀၁၅ ခုနှစ်မတ်လအတွင်း အိုင်အက်စ် အစွန်းရောက်အဖွဲ့သည် အနောက်နိုင်ငံများ အပါအဝင် ကမ္ဘာ့နိုင်ငံများမှ ဂျီဟတ်ဒစ်တိုက်ခိုက်ရေးသမား ၂၅၀၀၀ ကျော်စုဆောင်းနိုင်သည်အထိ အင်အားကြီးထွားလာနိုင်ကြောင်း အိုင်အက်စ်အစွန်းရောက် ဝါဒသည် ကင်ဆာရောဂါပမာ တစ်ကမ္ဘာလုံးသို့ ကူးစက်ပျံ့နှံ့နေပြီဟု သတိပေး ချက်ဖော်ပြထား. . .**

*ပြည်သူ့လွှတ်တော်မှ*

အစီအစဉ်ဖြင့် ဆောင်ရွက်သည်များလည်း ရှိပါကြောင်း၊ မည်သို့ပင်ဆောင်ရွက်သည်ဖြစ်စေ ဘဏ္ဍာရန်ပုံငွေများကို အချိန်မီ လွှဲပြောင်းပေးအပ်ရမည် ဖြစ်ပါကြောင်း။

ဌာန/ အဖွဲ့အစည်းများသည် ငွေလုံးငွေရင်း အသုံးစရိတ်များဖြင့် တည်ဆောက်ရေး၊ ပစ္စည်းဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၃ ခုနှစ် ဧပြီ ၅ ရက်ပါ ညွှန်ကြားချက်အမှတ် ၁/၂၀၁၃ ဖြင့် ထုတ်ပြန်ခဲ့သော "ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုရာတွင် တင်ဒါစည်းကမ်းချက်များ" နှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်အတွက် တင်ဒါခေါ်ယူပြီးစီးမှုနှင့် ပတ်သက်၍ စိစစ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီးဌာနရှစ်ခုသည် ပထမ(၃)လအတွင်း တင်ဒါခေါ်ယူမှု လုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာန ၂၂ ခုတွင် တင်ဒါခေါ်ယူရန် ဆောင်ရွက်ဆဲဖြစ်သည်ကို သိရှိရပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအနက် တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုတွင် ပထမ(၃)လအတွင်း ခေါ်ယူပြီးစီးပြီဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ် ရှစ်ခုတွင် ခေါ်ယူရန် ဆောင်ရွက်ဆဲဖြစ်ပါကြောင်း။

ကျန်ဝန်ကြီးဌာနများ အနေဖြင့် တင်ဒါလုပ်ငန်းများအတွက် နိုင်ငံပိုင်သတင်းစာများမှ ကြော်ငြာခေါ်ယူခြင်း၊ ဝန်ကြီးဌာန Website တွင် ကြော်ငြာခြင်း စသည်ဖြင့် ဆောင်ရွက်ခဲ့ကြပြီး လုပ်ငန်းနှင့်ပတ်သက်သည့် အချက်အလက်များအား သိရှိလိုပါက သက်ဆိုင်ရာရုံးချုပ်ဌာနများသို့ ဖြစ်စေ၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ရုံးများသို့ဖြစ်စေ၊ ဝန်ကြီးဌာနများမှ ဖော်ပြထားသော တာဝန်ရှိသူ အဆင့်ဆင့်သို့ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး နတ်တလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းဦး၏ **"တရားဝင်တင်သွင်းလာသော မော်တော်ဆိုင်ကယ်များကို လိုင်စင် (ဗီးတက်)၊ အုံနာဘုတ်ပေးရာတွင် ကြန့်ကြာနေပါသဖြင့် ထိုကာလအတွင်း မတော်တဆယာဉ်တိုက်မှုများဖြစ်ပွားပါက လိုင်စင်မဲ့ သို့မဟုတ် လိုင်စင်ရှိကို မည်သို့သတ်မှတ်ပြီး မည်သို့စီမံဆောင်ရွက်မည်ကို သိလိုခြင်း"** မေးခွန်းအား ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်က မော်တော်ဆိုင်ကယ် အရောင်းပြခန်း၊ ကုမ္ပဏီများအနေဖြင့် မူသေနံပါတ်ပြားဖိုးငွေများ ပေးသွင်းခြင်းမရှိပါက ဌာနအနေဖြင့် ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)နှင့် ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်(အဝိုင်း)တို့ ထုတ်ပေး၍ မရနိုင်ပါကြောင်းနှင့် ငွေပေးသွင်းပြီးစီးရေ အနည်း/အများပေါ်မူတည်၍ အများဆုံးခုနစ်ရက်အတွင်း အပြီးဆောင်ရွက်ပေးနိုင်ပါကြောင်း။

သို့ဖြစ်ပါ၍ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)နှင့် ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ် (အဝိုင်း)တို့ ထုတ်ပေးခြင်းတို့အတွက် နှစ်လကျော်ကြာမြင့်ရသည့် အကြောင်းအရင်းမှာ မော်တော်ဆိုင်ကယ်ရောင်းချသော ကုမ္ပဏီများမှ မူသေနံပါတ်ရယူ၍ ယာဉ်စစ်ဆေးပြီးသော်လည်း ယာဉ်မှတ်ပုံတင်ခများကို ချက်ချင်းပေးသွင်းနိုင်မှုမရှိခြင်း၊ စာရွက်စာတမ်း အထောက်အထားများ မပြည့်စုံခြင်းတို့ကြောင့်သာ ကြန့်ကြာမှု ရှိနိုင်ပါကြောင်း၊ လိုင်စင်မဲ့ဟုသတ်မှတ်မည်ဆိုပါက တရားဝင်မော်တော်ဆိုင်ကယ် ဝယ်ယူစီးနင်းသော အများပြည်သူများအတွက် မည်သို့စီမံဆောင်ရွက်မည်ဆိုသည့် မေးခွန်းနှင့်စပ်လျဉ်း၍ တရားဝင်မော်တော်ဆိုင်ကယ် ဝယ်ယူစီးနင်းသည့်အတွက် သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာ၊ အကောက်ခွန်ဖော်ပြချက် အထောက်အထားများနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရားဝင်အခွန်ဆောင်ပြီး စာရွက်စာတမ်းများ ရှိပြီးဖြစ်ပါကြောင်း။

"တရားဝင် မော်တော်ဆိုင်ကယ်စီးနင်းသူများအနေဖြင့် အဆိုပါ စာရွက်စာတမ်း အထောက်အထားများကို ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနရုံးတွင် တင်ပြ၍ မူသေနံပါတ်ရယူခြင်း၊ ယာဉ်စစ်ဆေးခြင်း၊ ကနဦး မှတ်ပုံတင်ခ၊ သူတစ်ပါးထိခိုက်မှု အာမခံပေးသွင်းပြီး၊ ဖောင်းကြွနံပါတ်ပြားဖိုးငွေများ ပေးသွင်းရမည်ဖြစ်ပြီး ငွေပေးသွင်းပြီး မော်တော်ဆိုင်ကယ်များအား ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်(အဝိုင်း)ကို တစ်ရက်အတွင်း ထုတ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ဖြင့် ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က **"လမ်းနှင့် တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို တင်သွင်းရာ ယင်းဥပဒေနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ညိုက အစီရင်ခံစာဖတ်ကြားရှင်းလင်းပြီး အဆိုပါဥပဒေကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **"ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူသည်။

ယနေ့ အစည်းအဝေးတွင် မေးခွန်းသုံးခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု ပြင်ချက်မရှိ အတည်ပြုခြင်း၊ ဥပဒေကြမ်းတစ်ခု တင်သွင်းခြင်းနှင့် အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းတို့ ဆောင်ရွက်ကြသည်။

**(သတင်းစဉ်)**



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကြည်ထွန်း အရေးကြီးအဆို တင်သွင်းစဉ်။



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါက်တာဝင်းမြင့်အောင် အရေးကြီးအဆို တင်သွင်းစဉ်။

*အမျိုးသားလွှတ်တော်မှ*

နေပါကြောင်း ဆွေးနွေးကာ **ယခုကျင်းပနေသည့် အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ရပ်နားပေးပါရန် အရေးကြီးအဆို** တင်သွင်းခဲ့သည်။

ယင်းအရေးကြီးအဆိုများသည် အကြောင်းအရာတူညီသည့်အတွက် တစ်ပေါင်းတည်း ဆောင်ရွက်သွားမည်ဖြစ်ပြီး လွှတ်တော်ကလည်း လက်ခံဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင်က ဖတ်ကြားတင်သွင်းကာ လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုခဲ့သည်။

ယနေ့ အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးက အရေးကြီးအဆိုနှစ်ခု တင်သွင်းခြင်း၊ ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ အစီရင်ခံစာဖတ်ကြားခြင်း၊ လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

**(သတင်းစဉ်)**

*ရှေ့ဖုံးမှ*

ပေးပို့ရပါတယ်။ စာရင်းဆိုတာမှာ Financial Reporting တစ်ခုတည်း မဟုတ်ပါဘူး။ သတ်မှတ်ထားတဲ့ အချိုးတွေ စည်းကမ်းဘောင်အတွင်း ရှိ မရှိဆိုတာတွေကို Quantitative Method တွေနဲ့ စစ်ဆေးတာတွေ ရှိပါတယ်။ ဒါက အမြဲတမ်းလုပ်နေတဲ့ လုပ်ငန်းဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကမ္ဘောဇ Group of Companies မှ ဦးဆောင်ညွှန်ကြားရေးမှူးဖြစ်သူ ဦးမိုးဆန်းအောင်က "ဘဏ်လုပ်ငန်းက ပြိုင်လို့မရတဲ့ လုပ်ငန်းစဉ်ဖြစ်ပြီး အဆုံးမှာ ပူးပေါင်းဆောင်ရွက်ရတာပဲဖြစ်ပါတယ်။ တချို့က ရည်ရွယ်ချက်ရှိရှိနဲ့ တိုက်ခိုက်ကြတာမျိုးရှိပြီး လူမှုကွန်ရက်ကနေ ဖြန့်တာမျိုးတွေ ဖြစ်လာပါတယ်။ ဒီလိုလုပ်တာက ဘဏ်လုပ်ငန်းမဟုတ်တဲ့ စီးပွားရေးသမားတွေ ဖြစ်နိုင်သလို နိုင်ငံရေးအရလည်း ဖြစ်နိုင်တယ်လို့ ယူဆပါတယ်။ ဘဏ်လုပ်ငန်းနဲ့ ငွေကြေးကဏ္ဍဆိုတာ နိုင်ငံရဲ့ စီးပွားရေးနဲ့ တိုက်ရိုက်ပတ်သက်တဲ့ လုပ်ငန်းဖြစ်ပါတယ်။ ဒါမျိုးတွေကို ဗဟိုဘဏ်အနေနဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းပြီး အရေးယူသွားရင် မီးစကို ငြိမ်းသလိုဖြစ်ပြီး နောင်မှာ ဒါမျိုးတွေ နည်းပါးသွားမယ်လို့ ယူဆပါတယ်" ဟု အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာရင်း ပြောသည်။

**သတင်း-မိုးသူဇာစိုး၊ ဓာတ်ပုံ-ထိန်နန်နော်**




မြန်မာနိုင်ငံတော်ဗဟိုဘဏ်အဆောက်အအုံကို တွေ့ရစဉ်။

မြန်မာနိုင်ငံတွင် ဗဟိုဘဏ်၏ ကြီးကြပ်မှုဖြင့် လုပ်ကိုင်ဆောင်ရွက်နေသော ပြည်တွင်းပုဂ္ဂလိကဘဏ် ၂၂ ခုရှိပြီး လက်ရှိအချိန်တွင် ဗဟိုဘဏ်သို့ နေ့စဉ်ရောက်ရှိလာသော ဘဏ်များက ပေးပို့သည့် စာရင်းဇယား၊ အချိုးများအရ ငွေကြေးအကျပ်အတည်း ကြုံတွေ့ရသည့် ဘဏ်ဟူ၍မရှိဘဲ သတ်မှတ်ချက်စည်းကမ်းဘောင်များကို ဘဏ်များအားလုံးအတွက် တစ်ပြေးညီသတ်မှတ်၍ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

" ဒီလို ကောလာဟလတွေထွက်လာပြီး ပြဿနာတွေ ထပ်မကြုံရအောင် နိုင်ငံတော်အနေနဲ့ ဆောင်ရွက်ရမယ့်ကိစ္စတွေလည်း ရှိမှာပါ။ ဒါပေမယ့် ဗဟိုဘဏ်ရဲ့ တိုက်ရိုက်ကွပ်ကဲခွင့် (Jurisdiction) အောက်မှာ မရှိပါဘူး။ ဗဟိုဘဏ်နဲ့အတူ ဘဏ်တွေက စနစ်ကျကျ စည်းကမ်းရှိရှိ သွားဖို့က အဓိကဖြစ်ပါတယ်။ ဘဏ်တွေမှာ တစ်ခုခုအကျပ်အတည်းဖြစ်လာရင် အချိန်နဲ့တစ်ပြေးညီ နောက်ကနေ ထောက်ပံ့ပေးဖို့ ဗဟိုဘဏ်က အဆင်သင့်ရှိပါတယ်"ဟု ဦးဆက်အောင်က ဆက်ပြောသည်။

ဘဏ်လုပ်ငန်းများ လှုပ်ခတ်စေရန် ရည်ရွယ်လုပ်ဆောင်နေသော ကောလာဟလများနှင့် ပတ်သက်၍ "အခုနောက်ပိုင်း အီလက်ထရွန်နစ်အက်ဥပဒေဆိုတာလည်း ရှိနေပြီဖြစ်တဲ့အတွက် ကိုယ်တိုင်နစ်နာသူက ဒီလိုကောလာဟလကြောင့် အခက်အခဲ ပြဿနာတွေဖြစ်လာတယ်ဆိုရင် တင်ပြတိုင်ကြားလို့ရပါတယ်။ နစ်နာသူက ပြည်ထဲရေးဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာဌာနတွေကို ဆက်သွယ်ဆောင်ရွက်ခွင့်ရှိပါတယ်" ဟု မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေရေးကြေးရေးနှင့် သတင်းစစ်ဆေးရေးနှင့် လေ့လာရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်သန်းက ဖြည့်စွက်ပြောကြားသည်။

ဆက်လက်၍ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌက ဘဏ်လုပ်ငန်းနှင့် ဆက်နွယ်ဆောင်ရွက်သူများအနေဖြင့် စိတ်ပူပန်စရာမရှိဘဲ ဆက်လက်ဆောင်ရွက်နိုင်ကြောင်းကို "နောက်တစ်ခု အရေးကြီးတာက အခုလိုမျိုး ကောလာဟလတွေဖြစ်ပြီး ဘဏ်တွေအနေနဲ့ ငွေကြေးအကျပ်အတည်းတွေ ဖြစ်ပေါ်လာရင် ဗဟိုဘဏ်ကိုတောင် လာစရာမလိုပါဘူး။ Interbank Market ကနေပြီး တခြားဘဏ်တွေက ငွေချေးလို့ရပါသေးတယ်။ Interbank Market ကလည်း ချေးလို့မရဘူး တခြားဘဏ်တွေကလည်း ပေးလို့မရဘူးဆိုရင်တောင် ပူစရာမလိုပါဘူး။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ဘဏ်တွေလိုအပ်တဲ့ငွေကို ချေးပေးမှာ ဖြစ်ပါတယ်။" ဟု ပြောသည်။

ဩဂုတ် ၁၆ နှင့် ၁၇ ရက်များတွင် လူမှုကွန်ရက်စာမျက်နှာများမှ တစ်ဆင့် ထွက်ပေါ်လာသော ဘဏ်အချို့ပိတ်သိမ်းမည်ဟူသည့် ကောလာဟလများကြောင့် ပြင်ပဘဏ်လုပ်ငန်းများတွင် ငွေသွင်းငွေထုတ်မှု ဂယက်များဖြစ်ပေါ်လာပြီး ယင်းဂယက်များကြောင့် နောက်ဆက်တွဲ ပြဿနာများ မဖြစ်ပေါ်လာစေရန် မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ချက်များ ထုတ်ပြန်ကြေညာလျက်ရှိသည်။

*ရှေ့ဖုံးမှ*

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအတွက် များစွာအထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

"မိုးနည်းပါးတဲ့ မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွေမှာ ပူပြင်းခြောက်သွေ့တဲ့အတွက် သစ်တောသစ်ပင်ပေါက်ရောက်မှု အားနည်းလာသလို မိုးမမှန်ရေမမှန်တဲ့အတွက် စိုက်ပျိုးရေးအတွက် လိုအပ်တဲ့ စိုက်ပျိုးရေသာမက သောက်သုံးရေရှားပါးမှုကိုပါ ကြုံတွေ့လာခဲ့ရတယ်။ အပူပိုင်းဒေသစစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနဲ့ မကွေးတိုင်း ဒေသကြီးတို့မှာ ကိုးခရိုင် စိမ်းလန်းစိုပြည်ရေးစီမံချက်နဲ့ မုံရွာ၊ စစ်ကိုင်း၊ မြင်းခြံ၊ မိတ္ထီလာ၊ ရမည်းသင်း၊ ပခုက္ကူ၊ မင်းဘူး၊ မကွေးနဲ့ သရက်ခရိုင်များမှာ သစ်တောစိုက်ခင်းတွေနဲ့ ထင်းစိုက်ခင်းတွေကို စိုက်ပျိုးလာခဲ့ကြတယ်။ ၁၉၉၇ ခုနှစ်မှာ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနကို တိုးချဲ့ဖွဲ့စည်းပြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းတွေကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခဲ့ တာ အခုဆိုရင် ဂန့်ဂေါခရိုင်၊ ညောင်ဦးခရိုင်၊ ကျောက်ဆည်ခရိုင်နှင့် ရွှေဘိုခရိုင်တို့ကို ထပ်တိုးချဲ့ပြီး ၁၃ ခရိုင်အတွင်း စိမ်းလန်းစိုပြည်ရေးစီမံချက်များ ချမှတ်ဆောင်ရွက်နေပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက သစ်ပင်များ ပြန်လည်စိုက်ပျိုးခြင်း၊ စိုက်ပျိုးပြီးသစ်ပင်များကို စနစ်တကျ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ရာသီဥတုပူပြင်းသောနှစ်များတွင် ပခုက္ကူခရိုင် တန့်ကြည်တောင်၊ စစ်ကိုင်းခရိုင် ရွှေမြင်းမိတောင်၊ မြင်းခြံခရိုင် တောင်သာတောင်တို့တွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် ဒေသခံပြည်သူများပူးပေါင်း၍ သစ်ပင်ထိန်းပွဲတော်ကို ကျင်းပလျက်ရှိသလို မိုးရာသီကာလကစိုက်ပျိုးခဲ့သည့် သစ်ပင်များ နွေရာသီတွင် ဆက်လက်ရှင်သန်စေရန် ရေလောင်းခြင်းမကြာခဏ ရေလောင်းရန်ခက်သည့်နေရာများတွင် ရေအိုးမြှုပ်ပြီး စိမ့်ရေဖြင့်ရေလောင်းခြင်း၊ ပင်ခြေရင်းတွင် ပေါင်းပင်ခါးဆွခြင်းနှင့် မြေဩဇာထည့်ခြင်းစသည့် သစ်ပင်ရှင်သန်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# အကူအညီအထောက်အပံ့ပေးနိုင်ရေး ဆွေးနွေး



**နေပြည်တော် ဩဂုတ် ၁၈**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမောင်မြင့်အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာ၌ စက်မှုဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံမှ ကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Truck Axle Manufacturing (မြင်းခြံ)၊ တန် ၆၀ သတင်းစာစက္ကူစက်ရုံ(သာပေါင်း)၊ Sino Truck ကုမ္ပဏီနှင့်ပူးပေါင်း၍ မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်သည့်လုပ်ငန်းနှင့် ကော့စတစ်ဆိုဒါစက်ရုံ (သထုံ) စီမံကိန်းတို့မြန်ဆန်စွာ ပြီးစီးအကောင်အထည်ဖော်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအနေဖြင့် စီးပွားရေးဆိုင်ရာအခွင့်အလမ်းများ၊ စက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ချစ်ကြည်ရင်းနှီးစွာဖြင့် ရှေ့ဆက်ပိုမိုတိုးတက်အောင်ဆောင်ရွက်ရေးနှင့် လက်ရှိမြန်မာနိုင်ငံ၌ ကြုံတွေ့နေရသည့် ရေဘေးအန္တရာယ်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တရုတ်နိုင်ငံအစိုးရနှင့်ပြည်သူများမှ အကူအညီအထောက်အပံ့ပေးနိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြန်လည်ထူထောင်ရေးကာလ အစိုးရ၊ ပြည်သူ၊ လုပ်ငန်းရှင်များနှင့် NGO အဖွဲ့များပူးပေါင်းဆောင်ရွက်မှ အောင်မြင်မည်

**နေပြည်တော် ဩဂုတ် ၁၈**

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေးပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီ ပထမအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**



အစည်းအဝေးသို့ ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေးပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ တာဝန်ရှိသူများ၊ ရုပ်ရှင်၊ ဂီတနှင့် သဘင်အနုပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က ပြန်လည်ထူထောင်ရေးကာလတွင် အစိုးရ၊ ပြည်သူ၊ လုပ်ငန်းရှင်များ၊ NGO အဖွဲ့များ၊ အထူးသဖြင့် ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာရှင်များအားလုံး ဝိုင်းဝန်းဆောင်ရွက်မှသာ အောင်မြင်မှုရရှိမည်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိက ရေဘေးကယ်ဆယ်ရေးအဖွဲ့များသည် ၎င်းတို့၏ အစီအစဉ်ဖြင့် ရေကြီးဒေသများသို့ သွားရောက်လှူဒါန်းနေကြသည်ကို တွေ့ရပါကြောင်း၊ စာရင်းများအရ သွားလာရေးလွယ်ကူသည့်နေရာများ၌ အကူအညီများစုပုံနေပြီး သွားလာရေးခက်ခဲသည့်နေရာများတွင် အကူအညီများ နည်းပါးနေသည်ကို တွေ့ရပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ တိကျမှန်ကန်သည့် ကိန်းဂဏန်းများရရှိရန် အရေးကြီးသကဲ့သို့ နိုင်ငံတကာအကူအညီနှင့် ပြည်တွင်းအကူအညီများကို အမှန်တကယ်လိုအပ်သည့်နေရာများသို့ ရောက်ရှိရေးအဓိကထားဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ထို့အပြင် ပြည်တွင်းမှ ကယ်ဆယ်ရေးအဖွဲ့များ ဆက်သွယ်သွားလာရေးနှင့် တည်းခိုနေထိုင်ရေးအတွက် အဆင်ပြေအောင်စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

ထို့ကြောင့် တက်ရောက်လာကြသူများအားလုံးက ရေဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဘုန်းဆွေက ရေဘေးသင့်ပြည်သူများအား မူလအခြေအနေရောက်အောင် ဆောင်ရွက်ရမည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူးက နိုင်ငံတစ်ဝန်း မိုးရွာသွန်းမှုနှင့် ဆိုင်ကလုန်းမုန်တိုင်းကြောင့် ရေကြီးရေလျှံဖြစ်ပွားခဲ့မှု၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ လုပ်ငန်းကော်မတီဖွဲ့စည်းမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လုပ်ငန်း ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ တက်ရောက်လာကြသူများက လိုအပ်ချက်များနှင့် ဘေးသင့်ဒေသများအမြန်ပြန်လည်ထူထောင်ရေးပေါင်းစပ်ညှိနှိုင်းရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေးပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌက ဆွေးနွေးမှုများအပေါ် ပြန်လည် ရှင်းလင်းဆွေးနွေး၍ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် အဆိုပါခန်းမ၌ ဆောလျင်စွာ ပြန်လည်ထူထောင်ရေးကွန်ရက်နှင့် ပတ်သက်သည့် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပပြီးအစိုးရ၏ကနဦးပြန်လည်ထူထောင်ရေးလုပ်ငန်းများ စစ်တမ်းကောက်ယူမှု အဆိုပြုအစီအစဉ်များနှင့် ရှေ့လုပ်ငန်းစဉ်များ၊ ကဏ္ဍပေါင်းစုံ အစပျိုးစစ်တမ်းကောက်ယူမှုကြားဖြတ်အစီရင်ခံစာ၊ အရေးပေါ်ကယ်ဆယ်ရေးအဆင့်မှ ပြန်လည်ထူထောင်ရေးအဆင့်သို့ ကူးပြောင်း ဆောင်ရွက်မှုမူဘောင်၊ ကနဦး ပြန်လည်ထူထောင်ရေးအတွက် စစ်တမ်းကောက်ယူမှု နည်းပညာ၊ အစိုးရ၏ ဦးဆောင်မှုဖြင့် ကနဦးပြန်လည် ထူထောင်ရေးလုပ်ငန်းအတွက် စစ်တမ်းများကောက်ယူရန် အဖွဲ့များဖွဲ့စည်းခြင်းနှင့် ကာလသတ်မှတ်ခြင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပ အလှူရှင်များ၏အလှူပစ္စည်းများ လက်ခံရရှိ

**နေပြည်တော် ဩဂုတ် ၁၈**

မြန်မာနိုင်ငံအတွင်း ရေဘေးသင့် ပြည်သူများအတွက် ပြည်တွင်း ပြည်ပ အလှူရှင်များက အလှူပစ္စည်းများ ပေးပို့လှူဒါန်းလျက်ရှိရာ ဩဂုတ် ၁၆ ရက်က မန္တလေးတံတားဦးလေဆိပ်သို့ တရုတ်နိုင်ငံ ရွှေလီမှခန့်မှန်းတန်ဖိုး ယွမ် ၂၀၄၅၀၀ တန်ဖိုးရှိ ခေါက်ဆွဲခြောက်ဖာ ၅၀၀၊ စားသုံးဆီပုံး ၅၀၀၊ ဆန်တန် ၃၀၊ မုန့်အမျိုးမျိုးဘူး ၅၀၀၊ ရေသန့်ဖာ ၅၀၀၊ အင်္ကျီအထည် ၅၀၀ တို့ လေကြောင်းမှတစ်ဆင့်ပေးပို့ခဲ့သည်။

အလားတူ ဩဂုတ် ၁၇ ရက်က မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၌ General Point Company Ltd က မာမားခေါက်ဆွဲခြောက် ၁၉ ဖာ၊ အဝတ်အထည်ဆာလာအိတ် ရှစ်အိတ်၊ ဓာတ်ဆားဆာလာအိတ် သုံးအိတ်၊ ရေသန့်ခြောက်လုံးတွဲ ၄၅ တွဲတို့ကို ရခိုင်ပြည်နယ်အတွက်လည်းကောင်း၊ ရခိုင်အမျိုးသမီးအသင်းက ပလတ်စတစ်ပုံး(ကြီး) ၅၀၊ ပလတ်စတစ်ပုံး(သေး) နှစ်ပုံးကို ရန်ကုန်နှင့် ရခိုင်ပြည်နယ်အတွက်လည်းကောင်း၊ ပဲခူးမြို့သူ မြို့သားများအဖွဲ့က အဝတ်အထည်အိတ် ၁၀၀ ကို ကလေးမြို့နယ်အတွက် လည်းကောင်း၊ ဖျာပုံလူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အဖွဲ့က ဆန် ၇၅ အိတ်နှင့် ငါးပိလေးအိတ်တို့ကို ကလေးမြို့အတွက်လည်းကောင်း လက်ခံရရှိခဲ့သည်။

ထို့အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအောက်ရှိ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၊ နေပြည်တော်ရုံးများသို့ လှူဒါန်းသည့်ပစ္စည်းများမှာ ရွှေသိမ်တော်မြတ်စွာဘုရားရုပ်ပွားတော်အဆူ ၃၀၊ အဝတ်အထည် မျိုးစုံ ၉၁ ထုပ်/ ဂျပ်ဖာနှစ်ဖာ၊ ဆန် ၂၄ ပြည်တစ်အိတ်၊ အိတ်ပိုင်းငါးအိတ်၊ ခေါက်ဆွဲခြောက်လေးဖာ၊ ဖယောင်းတိုင်တစ်ထုပ်၊ လူသုံးကုန် တစ်အိတ်၊ ခြင်ထောင်/စောင်တစ်အိတ်၊ ထီးတစ်လက်၊ ဆပ်ပြာတစ်အိတ်၊ ဆေးမျိုးစုံတစ်အိတ်၊ ရေသန့် (ခြောက်ဘူးပါ) ၈၅၅ ကတ်/ရေသန့်သုံးကတ်၊ ကော်သေတ္တာပုံးနှစ်ပုံး၊ ပစ္စည်းစုံ (အဝတ်အထည်+စာအုပ်) တစ်ဖာ ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၁၂၆၀၀ ရှိကြောင်း သိရသည်။

ထို့အပြင် ဩဂုတ် ၁၇ ရက်က ထိုင်းဘုရင့်သမီးတော်က ရေဘေးသင့်ပြည်သူများအတွက် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးသို့ လှူဒါန်း လက်ခံရရှိသောပစ္စည်းများမှာ ပစ္စည်းစုံအထုပ် ၄၅၀၀၊ အဝတ်အထည်အထုပ် ၁၅၀၀၊ ရေသန့်စင်မှုန့်ဘူး ၂၀၊ စောင်အထည် ၁၀၀၀၊ မိုးကာတဲအလုံး ၁၀၀၀၊ ခေါင်းအုံးအလုံး ၁၀၀၀၊ အမိုးတာလပတ် ငါးလိပ်၊ ပလတ်စတစ်မိုးကာလိပ် ၅၅၀၊ ဓာတ်မီးအလုံး ၁၀၀၀၊ ဖျာအချပ် ၈၄၀၀၊ ဆန်အိတ်ကြီးခြောက်အိတ်၊ ဆန်အိတ်သေး ၂၄ အိတ်၊ မာမားဖာ (သေး)၆၅ ဖာ၊ ပစ္စည်းစုံငါးဖာ၊ ဆီခုနစ်ကတ်၊ အမျိုးသမီးသုံးပစ္စည်း ၂၄ ထုပ်၊ ပဲနို့တစ်ကတ်၊ စာအုပ် ၅၉ ထုပ်၊ ငါးသေတ္တာ ၁၀ ကတ်၊ ကြာဆံသုံးထုပ်၊ မုန့်ပုံးတစ်ပုံး၊ ဓာတ်မီး ၁၂ ဖာ၊ ဆေးလေးဖာ၊ အနွေးထည်သုံးအိတ်၊ ခေါင်းအုံးငါးအိတ်၊ ရေသန့်ကတ် ၉၀၊ အချိုရည်ငါးကတ်တို့ကို ရရှိခဲ့ပြီး ယင်းပစ္စည်းများကို ဧရာဝတီတိုင်းဒေသကြီးသို့ ဆက်လက်ပေးပို့လှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# စမိုးချောင်းပိတ်ရေကာတန်း အမြန်ဆုံးပြန်လည်ပြင်ဆင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး


**ရေတာရှည် ဩဂုတ် ၁၈**

ဇူလိုင်လနှင့်ဩဂုတ်လများအတွင်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ ဘိုးတော်ကုန်း ကျေးရွာအုပ်စုတွင် စမိုးချောင်းပိတ်ရေကာတန်းကျိုးပေါက်ခဲ့ပြီး စိုက်ပျိုးသည့်လယ်မြေဧက ၂၀ကျော် ပျက်စီးသွားခဲ့ရာ အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရန် ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးကျော်နှင့်တာဝန်ရှိသူများ၊ ဆည်မြောင်းဦးစီးဌာနမှ အင်ဂျင်နီယာ ဦးအောင်ကျော်မြင့်နှင့်တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ အရှေ့မှ အနောက်သို့ စီးဆင်းသည့် အဆိုပါ စမိုးချောင်းငယ်အား ဆည်မြောင်းဦးစီးဌာနက စက်ယန္တရားများဖြင့် ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ပေးခဲ့ပြီး မိုးအဆက်မပြတ် ရွာသွန်းသည့်အခါ ရေများလျှံတက်လေ့ရှိ၍ ပျက်စီးသွားသည့် ရေကာတန်းကို အချိန်မီဆောင်ရွက်ခြင်းဖြင့် ဘိုးတော်ကုန်းအုပ်စု ကဲလင်းကျေးရွာဝန်းကျင်၌ စိုက်ပျိုးပြီးလယ်ယာမြေများ ပျက်စီးခြင်းမှကာကွယ်နိုင်မည်ဖြစ်ကြောင်း ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးအောင်နိုင်က ပြောသည်။ **ကိုလွင်(ဆွာ)**

# ငါးသိုင်းချောင်း၌ စိုးရိမ်ရေမှတ်ကျော်သော်လည်း ရေဆက်လက်ကျဆင်းနေ

**နေပြည်တော် ဩဂုတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ငါးသိုင်းချောင်းမြို့နယ်၏ ဝေါနမြစ် စိုးရိမ်ရေမှတ်သည် ဇူလိုင်လကုန်ခန့်မှစ၍ နေ့စဉ်ကျော်လွန်မြင့်တက်ခဲ့ရာမှ ဩဂုတ် ၈ ရက်မှစ၍ နေ့စဉ် လျော့နည်းကျဆင်းလျက်ရှိသော်လည်း သတ်မှတ်စိုးရိမ်ရေမှတ်အထက်တွင် ရှိနေသေးကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရှိရသည်။ **(သတင်းစဉ်)**




# ကချင်၊ချင်းနှင့် ရခိုင်ပြည်နယ်တို့ နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၁၈**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ဩဂုတ် ၁၉ ရက်တွင် ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်ကြောင်းသိရသည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မြန်မာ့အလင်း)**



# ညောင်တုန်းမြို့နှင့် ဓနုဖြူမြို့နယ်ရှိ ရေကာတာ၊ တာတမံအခြေအနေများ နယ်သာလန်နိုင်ငံမှ ပညာရှင်များလာရောက်လေ့လာ

**ညောင်တုန်း ဩဂုတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နှင့် ဓနုဖြူမြို့နယ်များသို့ နယ်သာလန်နိုင်ငံမှ High Expert Team အဖွဲ့သည် ဆည်မြောင်းဦးစီးဌာနသို့ ဩဂုတ် ၁၇ ရက်က လာရောက်ပြီး ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် ရေကြီးမှု၊ ရေကာတာ၊ တာတမံအကြောင်းအရာများ၊ အခြေအနေများကို လေ့လာခဲ့သည်။

အဆိုပါပညာရှင်အဖွဲ့သည် ညောင်တုန်းမြို့၏ မြို့ရေဘေးကာကွယ်ရေးတာတွင် ဆည်မြောင်းဦးစီးဌာနက စက်ယန္တရားများဖြင့် တာတမံကြံ့ခိုင်ရေးဆောင်ရွက်နေမှုများကို ကြည့်ရှုလေ့လာပြီး လတ်တလောဆောင်ရွက်လျက်ရှိသော ရေဘေးကာကွယ်ရေးလုပ်ငန်းများနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအား တိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူးက အသေးစိတ်ရှင်းလင်းသည်။

ညောင်တုန်းမြို့သည် မြစ်ရေတက်ရောက်မှု သဘာဝဘေးအန္တရာယ်ကို ကာကွယ်တားဆီးနိုင်ရန် လိုအပ်လျက်ရှိရာ ယခုရောက်ရှိနေသောနယ်သာလန်နိုင်ငံ Expert Team အဖွဲ့များ၏ အကြံပေးချက်များ၊ နည်းပညာများနှင့်ပေါင်းစပ်ကာ ဆည်မြောင်းဦးစီးဌာန၏ ရေဘေးကာကွယ်ရေးလုပ်ငန်းများကို အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့နောက် အဆိုပါအဖွဲ့သည် ဓနုဖြူမြို့နယ်က ဇင်းတော်ကျေးရွာအနီး ဧရာဝတီမြစ် ဟသ်ာတဘက်ကမ်းတာနှင့် ရေကင်းစခန်းများကို သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်း-ထွန်းကျော်(ညောင်တုန်း)**
**ဓာတ်ပုံ-ဝင်းမြင့်ကျော်**

# ရေဘေးသင့်ပြည်သူများကို အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ပေး

**မင်းကင်း ဩဂုတ် ၁၈**

မင်းကင်းမြို့နယ်တွင် ဩဂုတ်လပထမပတ်က မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားကာ မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများ၌ ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ နေထိုင်စေလျက်ရှိကြောင်းသိရသည်။

အဆိုပါကယ်ဆယ်ရေးစခန်းများရှိ ပြည်သူများအနေဖြင့် ရေနစ်မြုပ်နေစဉ် အိမ်ထောင်စုဇယားများ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရေနှင့်အတူ ပျောက်ဆုံး၊ ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ ယခုအခါ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဒီလဒွဲနှင့် ဝန်ထမ်းများက ကယ်ဆယ်ရေးစခန်းတိုင်း၌ စာရင်းများကောက်ယူခြင်း၊ စာရင်းတိုက်ဆိုင်စစ်ဆေးခြင်းများ ဆောင်ရွက်ပြီး ဩဂုတ် ၁၇ ရက်က အမှတ်(၁) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ရေဘေးသင့်ပြည်သူ ၁၇ ဦးအတွက် နိုင်ငံသားစိစစ်ရေးမှတ်ပုံတင်ကတ်ပြားများနှင့် အိမ်ထောင်စု ၂၁ စုအတွက် အိမ်ထောင်စုဇယားများ နေ့ချင်းပြီး ပြုလုပ်ပေးကြောင်း သိရသည်။ **ချင်းတွင်းသား(ပြန်/ဆက်)**

# လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်း

၂၀၁၅ ခုနှစ် ဩဂုတ် ၁၈ ရက်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၁၂၇ | ၂၇၅၉၉ | ၁၅၆၆၃ | ၁၂၇၉၁ | ၅၁၅၃ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၇ | - |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၄၈ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၀၃၁ | ၅၀၃၁ | ၅၀၃၁ | ၂၉၀၉ | - |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၈၇၈၅၆ | ၁၇၆၆၉၇ | ၁၄၂၇၈၂ | ၁၁၃၂၂၁ | ၂၂၀၈၅ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၂၂၉၉၈၉ | ၁၅၂၈၄၇ | ၅၅၅၁ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၁၀၇၉ | ၉၆၈၄၆ | ၆၅၈၅၈ | ၅၄၁၇ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၈၃ | ၃၅၈၃ | ၂၆၂ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၂၂၉၄ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၁၅၄၈၈၅ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၇၈၄၅ | ၅၃၉၅၉ | ၆၆၅၄၈ | ၇၉၆၈ | ၇၁၅ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၃၄၉ | ၁၃၃၂၉ | ၃၈၁၂ | ၂၆၀၀ | ၃၀၅ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၂၂၁၉ | ၁၂၈၉၄၀ | ၁၁၇၄၁၃ | ၇၃၁၆၃ | ၅၅၅၇ |
| | စုစုပေါင်း | ၁၄၄၀၃၄၁ | ၁၁၈၁၇၀၂ | ၉၅၄၅၄၆ | ၆၄၈၈၀၄ | ၁၉၉၅၂၇ |

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၈

**မြန်မာနိုင်ငံတစ်ဝန်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၃၉ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။**

**သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ**

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၄. ၃၀' |
| ၂။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၄. ၄၀' |
| ၃။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၂. ၂၉' |
| ၄။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၂. ၀၅' |
| ၅။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၈၀' |
| ၆။ | ကင်းတပ်ရေထိန်းတမံ | ၃၈၂၉၅ | ၅. ၃၀' |
| ၇။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၀. ၉၀' |
| ၈။ | ကိုးပင်ကန် | ၉၇၆၄ | ၀. ၃၀' |
| ၉။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၁. ၆၀' |
| ၁၀။ | မင်းမြင်ရေလှောင်တမံ | ၁၉၀၁၀ | ၀. ၀၅' |
| ၁၁။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၁. ၇၅' |
| ၁၂။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၀. ၇၀' |
| ၁၃။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၂. ၄၀' |

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁၄။ | မြောက်ယမားရေကူရေလှောင်တမံ | ၁၂၂၉၀၀ | ၁. ၆၀' |
| ၁၅။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၂. ၁၀' |
| ၁၆။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၁. ၅၀' |
| ၁၇။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၆၀' |
| ၁၈။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၃၀' |
| ၁၉။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၇၀' |
| ၂၀။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၃၅' |
| ၂၁။ | မဖင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၂၀' |
| ၂၂။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၁. ၁၀' |
| ၂၃။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၁၀' |
| ၂၄။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၁. ၃၀' |
| ၂၅။ | စဥ့်ကူးချောင်းဝေါင်းရေလှောင်တမံ | ၂၂၂၉ | ၀. ၃၀' |
| ၂၆။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၀. ၈၀' |

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၂၇။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၈၀' |
| ၂၈။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၁. ၉၀' |
| ၂၉။ | ဘော်ဘင်ရေလှောင်တမံ (၁) | ၉၇၆၄၆ | ၀. ၄၀' |
| ၃၀။ | ဘော်ဘင်ရေလှောင်တမံ (၂) | ၂၆၅၈၈ | ၀. ၅၀' |
| ၃၁။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၀. ၇၀' |
| ၃၂။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၀. ၆၀' |
| ၃၃။ | မာလဲနတ်တောင်ရေလှောင်တမံ | ၅၀၉၇၀ | ၁. ၈၀' |
| ၃၄။ | ဆင်လမ်းရေလှောင်တမံ | ၆၈၄၆ | ၀. ၁၀' |
| ၃၅။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၁. ၀၀' |
| ၃၆။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၁. ၄၀' |
| ၃၇။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၆၅' |
| ၃၈။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၅၀' |
| ၃၉။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၀. ၇၀' |

**(သတင်းစဉ်)**

# ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လ ၁၈ ရက်နေ့အထိ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးပို့ထောက်ပံ့မှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၈**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင်လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ ဩဂုတ် ၁၈ ရက်အထိ တိုင်းဒေသကြီး ခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင်လည်းကောင်း သဘာဝဘေးအန္တရာယ်များကြောင့် အိမ်ထောင်စု ၄၀၂၂၄၇ စုမှ လူဦးရေ ၁၆၀၂၀၃၂ ဦး ရေဘေးသင့်ခဲ့ပြီး ၁၁၇ ဦး သေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာ တန်ဖိုးငွေကျပ် ၉၃၈၅၇၆၅၀၊ အရေးပေါ်အစားအစာ တန်ဖိုးငွေကျပ် ၁၅၂၄၄၂၃၀၊ အိမ်ဆောက်ပစ္စည်း တန်ဖိုးငွေကျပ် ၁၅၀၈၅၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်း တန်ဖိုးငွေကျပ် ၃၂၂၂၇၃၃၇၄ နှင့် သေဆုံးမှုထောက်ပံ့ကြေးငွေကျပ် ၉၃၀၀၀၀၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၅၉၁၅၂၅၂၅၄ ကို ပေးပို့ထောက်ပံ့ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ
၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် ထောက်ပံ့မှုအခြေအနေဇယားချုပ် (၁၈-၈-၂၀၁၅)

| စဉ် | ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့် လူဦးရေ | သေဆုံး | ထောက်ပံ့မှု(ကျပ်) | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ် အစားအစာ | အိမ်ဆောက် ပစ္စည်း | ကဆရ ပစ္စည်း | သေဆုံး | စုစုပေါင်း | |
| **ဇွန်လ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ** | | | | | | | | | | | | |
| ၁ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၀၄ | ၆၀၀၀၀၀ | ၆၀၂၄၀၄၅၄ | |
| ၂ | တနင်္သာရီ | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | ၆၂၉၈၈၀ | |
| ၃ | ကရင် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | ၉၅၆၉၄၀ | |
| ၄ | ဧရာဝတီ | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | ၁၉၃၇၃၈၄ | |
| ၅ | ပဲခူး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | ၂၈၁၀၅၂ | |
| | **ပေါင်း** | **၄၀၅** | **၂၁၄၆** | **၁၄၉၁၁** | **၇** | **၃၅၄၇၃၅၀** | **၃၇၉၂၇၈၀** | **၄၀၃၀၀၀၀၀** | **၁၅၇၀၅၅၈၀** | **၇၀၀၀၀၀** | **၆၄၀၄၅၇၁၀** | |
| **ဇူလိုင်လ ၁၆ ရက်နေ့မှ ဩဂုတ်လ ၁၈ ရက်နေ့အထိ** | | | | | | | | | | | | |
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၆၀၆ | ၆၅၆၈၃ | ၃၉၈၀၈၃ | ၁၉ | ၃၉၈၇၃၁၅၀ | - | ၁၇၅၀၀၀၀ | ၅၅၂၇၄၀၆၀ | ၁၃၀၀၀၀၀ | ၉၈၁၉၇၂၁၀ | |
| ၂ | ကချင်ပြည်နယ် | ၅၃ | ၁၁၄၅ | ၆၂၁၉ | ၁ | ၁၂၉၅၀၃၀၀ | - | ၂၅၀၀၀၀၀ | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၁၈၄၆၀၈၄၀ | |
| ၃ | ရှမ်းပြည်နယ် | ၁၂၇ | ၁၄၈၆ | ၇၆၁၁ | ၉ | ၈၉၁၀၀ | - | ၁၀၀၀၀၀၀ | ၅၀၉၉၇၂၂ | ၅၀၀၀၀၀ | ၆၆၈၈၈၂၂ | |
| ၄ | မန္တလေးတိုင်းဒေသကြီး | ၁၈၈ | ၃၇၅၅ | ၁၅၆၀၂ | ၁၂ | ၉၄၃၆၅၀၀ | - | ၄၉၀၀၀၀၀ | ၃၀၅၂၅၆၁၀ | ၁၁၀၀၀၀၀ | ၄၅၉၆၂၁၁၀ | |
| ၅ | ချင်းပြည်နယ် | ၂၇၅၉ | ၂၆၇၉ | ၁၃၂၉၈ | ၅ | - | - | - | ၄၈၅၄၆၈ | ၁၀၀၀၀၀ | ၅၈၅၄၆၈ | |
| ၆ | ရခိုင်ပြည်နယ် | ၁၀၄၈၅ | ၁၆၇၂၈ | ၉၈၀၂၆ | ၅၆ | - | - | - | ၇၀၄၀၃၆၉၄ | ၅၅၀၀၀၀၀ | ၇၅၉၀၃၆၉၄ | |
| ၇ | ကရင်ပြည်နယ် | - | ၁၃၉၉ | ၇၃၂၅ | - | ၆၅၂၄၄၀၀ | ၇၂၉၃၄၅၀ | - | - | - | ၁၃၈၁၇၈၅၀ | |
| ၈ | မွန်ပြည်နယ် | - | ၁၅၁၅ | ၆၆၃၂ | - | - | ၄၁၅၈၀၀၀ | - | ၂၃၄၉၅၇၀ | - | ၆၅၀၇၅၇၀ | |
| ၉ | ပဲခူးတိုင်းဒေသကြီး | ၂၁၃ | ၈၇၉၅၅ | ၁၇၇၃၁၅ | ၂ | - | - | - | ၃၀၄၁၂၃၂၀ | - | ၃၀၄၁၂၃၂၀ | |
| ၁၀ | မကွေးတိုင်းဒေသကြီး | ၄၆၄ | ၆၃၂၂၃ | ၃၀၈၀၄၆ | ၂ | ၅၇၆၀၀၀၀ | - | ၁၀၀၀၀၀၀၀၀ | ၅၇၃၅၂၆၅၀ | - | ၁၆၃၁၁၂၆၅၀ | |
| ၁၁ | ဧရာဝတီတိုင်းဒေသကြီး | ၁၈၆၀ | ၁၂၀၁၈၄ | ၄၈၅၆၈၃ | ၃ | ၁၅၆၆၀၂၀၀ | - | ၄၀၀၀၀၀ | ၄၁၂၀၁၄၂၀ | - | ၅၇၂၆၁၆၂၀ | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၇ | ၁၆၁၆၂ | ၆၃၂၇၁ | ၁ | ၁၆၆၅၀ | - | - | ၁၀၅၅၂၇၄၀ | - | ၁၀၅၆၉၃၉၀ | |
| | **စုစုပေါင်း** | **၁၇၇၈၂** | **၃၈၁၉၁၄** | **၁၅၈၇၁၂၂** | **၁၁၀** | **၉၀၃၁၀၃၀၀** | **၁၁၄၅၁၄၅၀** | **၁၁၀၅၅၀၀၀၀** | **၃၀၆၅၆၇၇၉၄** | **၈၆၀၀၀၀၀** | **၅၂၇၄၇၉၅၄၄** | |
| | **ဇွန်၊ဇူလိုင်၊ဩဂုတ်လ စုစုပေါင်း** | **၁၈၁၈၇** | **၃၈၄၀၆၀** | **၁၆၀၂၀၃၂** | **၁၁၇** | **၉၃၈၅၇၆၅၀** | **၁၅၂၄၄၂၃၀** | **၁၅၀၈၅၀၀၀၀** | **၃၂၂၂၇၃၃၇၄** | **၉၃၀၀၀၀၀** | **၅၉၁၅၂၅၂၅၄** | |



ကလေးမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ရန် ထိုင်းနိုင်ငံ နီပေါဂေါ်ရခါးအဖွဲ့က ဩဂုတ် ၁၇ ရက်က နေသာပညာဒါနဆရာတော် ဦးဓမ္မိကထံ ငွေကျပ် ၁၀ သိန်း လာရောက်လှူဒါန်းသည်ကို တွေ့ရစဉ်။

သန်းလင်းဦး(မုံရွာကိုယ်ပွား)

# ထိုင်းအစိုးရနှင့် ဘုရင့်သမီးတော်၏ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ ပုသိမ်မြို့သို့ရောက်ရှိ

**ပုသိမ် ဩဂုတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ ထိုင်းနိုင်ငံအစိုးရနှင့် ဘုရင့်သမီးတော်၏ တိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသောပစ္စည်းများသည် ၁၂ ဘီးကားကိုးစီးဖြင့် ပုသိမ်မြို့သို့ ဩဂုတ် ၁၇ ရက် ညပိုင်းက ရောက်ရှိလာသည်။

အဆိုပါ ရောက်ရှိလာသော လူသုံးကုန်ပစ္စည်းများ၊ စားသုံးကုန်ပစ္စည်းများကို တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်လေးနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက စနစ်တကျလက်ခံပြီး အမိုးအကာအောက်ရောက်ရှိရေး၊ ရေဘေးသင့်ပြည်သူများထံသို့ အချိန်မီရောက်ရှိရေးကို စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကယ်ဆယ်ရေးပစ္စည်းများကို ကားများပေါ်မှ ပုသိမ်ကိုးသိန်းအားကစားခန်းမထဲသို့ ပစ္စည်းများသယ်ချရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ဆိပ်ကမ်းအလုပ်သမားများက ပစ္စည်းများမပျက်စီးစေရေးနှင့် စနစ်တကျရှိရေးတို့အတွက် ကူညီသယ်ချပေးနေကြောင်း သိရသည်။

ထိုင်းနိုင်ငံအစိုးရနှင့် ဘုရင့်သမီးတော်က မြန်မာနိုင်ငံ ရေဘေးသင့်ပြည်သူများကိုလှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများသည် မြဝတီခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဝေဦးဆောင်၍ ၁၂ ဘီးကား ကိုးစီးဖြင့် မြဝတီမြို့မှ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန(ဗဟိုသိုလှောင်ရုံ)ထံသို့ သတင်းပို့ပြီး တိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရန် ပေးပို့လာခြင်းဖြစ်ကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**



# ရန်ကုန်တိုင်းဒေသကြီး ဗဟိုသိုလှောင်ရုံသို့ ရေဘေးသင့်ပြည်သူများအတွက် ဆက်သွယ်ထောက်ပံ့လှူဒါန်းမှုများ ဖြန့်ဖြူးပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဗဟိုသိုလှောင်ရုံသို့ ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း ပြည်ပမှစေတနာရှင်များက အစားအစာ၊ ကယ်ဆယ်ရေးပစ္စည်းများ၊ အိမ်သုံးပစ္စည်းများနှင့် မိသားစုသုံး ပစ္စည်းများအား လာရောက်လှူဒါန်းလျက်ရှိသည်။

ဩဂုတ် ၁၈ ရက်အထိ ရောက်ရှိလှူဒါန်းမှုနှင့် ဖြန့်ခွဲမှုစာရင်းများအရ ရန်ကုန်တိုင်းဒေသကြီး ဗဟိုသိုလှောင်ရုံသို့ ရောက်ရှိလာသည့် အစားအသောက်များ၊ လူသုံးပစ္စည်းများအားလုံးကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေဘေးသင့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ စနစ်တကျဖြန့်ခွဲပေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံအတွင်းရေဘေးသင့် ပြည်သူများအတွက် ဩဂုတ် ၁၈ ရက် အလှူပစ္စည်းရရှိမှု

**နေပြည်တော် ဩဂုတ် ၁၈**

မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနလက်အောက်ရှိ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် နေပြည်တော်ရုံးများသို့ ယနေ့ ပြည်သူလူထုများက လှူဒါန်းသည့် အလှူပစ္စည်းရရှိမှုများမှာ ဆန် ၄၆ အိတ်၊ ကလိုရင်းရေသန့်ဆေးရည် သုံးဘူး၊ ဆပ်ပြာမှုန့် ၁၀၀ ဂရမ်အထုပ် ၅၀ နှစ်အိတ်၊ ခြင်ထောင် ၂၀၂ လုံး၊ မျက်နှာသုတ်ပဝါ သုံးအိတ်အထည် ၁၀၀၊ အဝတ်အထည်မျိုးစုံ ၇၅ အိတ် အထည် ၂၁၀၊ ရေသန့်ခြောက်ဘူးပါ ၂၅ ကတ်၊ ကော်ဖီမစ်နှစ်ဘူး၊ စောင်အထည် ၁၀၀၊ ပစ္စည်းစုံ ၅၁ ထုပ်၊ သက်နှ်းရှစ်စုံ၊ ရေသန့်ဆေးပြား အပြား ၁၀၀၀၊ မုန့်ထုပ်နှစ်အိတ်၊ ဖျာအချပ် ၃၀နှင့် ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၃၀၁၀၀၀ ဖြစ်ပြီး မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်တွင် လက်ခံရရှိသော အလှူပစ္စည်းများမှာ စာအုပ်၊ ဘောပင်လေးအိတ်၊ အဝတ်အထည်၊ ကော်ဖီသုံးအိတ်၊ ခေါက်ဆွဲနှစ်ဖာ၊ ကော်ပုံးတစ်ပုံး၊ ရေသန့်ခြောက်လုံးတွဲခြောက်တွဲ၊ ဆန်နှစ်အိတ်တို့ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## ရေကြီးနစ်မြုပ်ခဲ့သော ငါးမွေးကန်လုပ်ငန်းရှင်များကို ငါးသားပေါက် ငါးသိန်းထောက်ပံ့


**ကောလင်း ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ ဇူလိုင်လအတွင်းက မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် မြို့နယ်အတွင်းရှိ ငါးမွေးကန်လုပ်ငန်းရှင် ၅၃ ဦး၏ ငါးကန် ၁၁၄ ဒသမ ၇၈ ဧကရေကြီးနစ်မြုပ်ခဲ့သည်။ ရေနစ်မြုပ်ခဲ့သော ငါးမွေးကန်လုပ်ငန်းရှင်များကို ငါးသားပေါက်ငါး သိန်းပြန်လည်ထောက်ပံ့နိုင်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာန ကောလင်းမြို့နယ်ရုံးမှ စီစဉ်ဆောင်ရွက်နိုင်ခဲ့သည်။


ငါးသားပေါက်များကို စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်က ကောင်ရေသုံးသိန်း၊ ထီးချိုင့်မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက ကောင်ရေ တစ်သိန်း၊ ကသာခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ်က ကောင်ရေငါးသောင်း၊ ကသာမြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်က ကောင်ရေငါးသောင်းတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ ငါးကန် ရေကြီးနစ်မြုပ်ခဲ့သော လုပ်ငန်းရှင်တစ်ဦးက "အခုလိုငါးသားပေါက်တွေ ထောက်ပံ့ပေးတာကြောင့် ငါးမွေးကန်လုပ်ငန်းရှင်များအနေနဲ့ ငါးသားပေါက်ဝယ်ယူမှု ကုန်ကျစရိတ်တွေ များစွာသက်သာမှာဖြစ်ပြီး ပြည်သူတွေ ငါးများပြန်လည် ဝယ်ယူစားသုံးရာမှာလည်း ဈေးနှုန်းသက်သာမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ကိုကိုမောင်(ကောလင်း)


## ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး မြို့နယ်အချို့တို့၌ ရေဝင်ရောက်မှုအခြေအနေပြ ဂြိုဟ်တုရေဒါဓာတ်ပုံများ




ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်၊ ကော့မှူးမြို့နယ်များအတွင်း ၁၅-၈-၂၀၁၅ ရက်နေ့က ရေဝင်ရောက်မှုအခြေအနေပြ ဂြိုဟ်တုရေဒါဓာတ်ပုံ။





ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၊ ဒေးဒရဲမြို့နယ်နှင့် ဖျာပုံမြို့နယ်များအတွင်း ၁၅-၈-၂၀၁၅ ရက်နေ့က ရေဝင်ရောက်မှုအခြေအနေပြ ဂြိုဟ်တုရေဒါဓာတ်ပုံ။




ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၊ ရွှေတောင်မြို့နယ်နှင့် သဲကုန်းမြို့နယ်များအတွင်း ၁၇-၈-၂၀၁၅ ရက်နေ့က ရေဝင်ရောက်မှုအခြေအနေပြ ဂြိုဟ်တုရေဒါဓာတ်ပုံ။

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်များအတွင်း ၁၇-၈-၂၀၁၅ ရက်နေ့က ရေဝင်ရောက်မှုအခြေအနေပြ ဂြိုဟ်တုရေဒါဓာတ်ပုံ။




Ref: Myanmar Information Management Unit

- အနီရောင်ပြထားသော နေရာအားလုံးသည် ရေလွှမ်းမိုး (Flooding) ဝင်ရောက်နေသောဧရိယာ
- အပြာနရောင်များသည် သာမန်အချိန်တွင်ရှိ ရေမျက်နှာပြင်ဧရိယာ

# အမှန်တကယ်လိုအပ်သည့်နေရာတွင် လိုအပ်သလိုပံ့ပိုးပေးနိုင်မည့် အကျိုးရှိသောအကူအညီဖြစ်ရန် လိုပါသည်

နန္ဒာဝင်း

ဥရောပသမဂ္ဂ၊ အမေရိကန်၊ အိန္ဒိယ၊ ဒိန်းမတ်၊ ဩစတြေးလျ စသည့်နိုင်ငံတကာမှ ကိုယ်စားလှယ်များက သတ်မှတ်ထားသော ထိုင်ခုံများတွင် နေရာယူပြီးဖြစ်သလို မြန်မာနိုင်ငံ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများကလည်း ခန်းမထဲသို့ဝင်ရောက်လာကြပြီဖြစ်သည်။ နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် မြန်မာဘက်မှတာဝန်ရှိသူများ ပြောကြားမည့်စကားများနှင့် ကမ်းလှမ်းချက်များကို စိတ်ဝင်တစား နားစွင့်လျက်ရှိနေကြသည်။

ရေဘေးသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးအတွက် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများကို အသိပေးအကြောင်းကြားခြင်းနှင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန် မြန်မာအစိုးရနှင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများတွေ့ဆုံကြသည့် ညှိနှိုင်းအစည်းအဝေးပင်ဖြစ်သည်။

ပြီးခဲ့သည့် ဇွန်လနှင့် ဇူလိုင်လအတွင်း မြန်မာနိုင်ငံတွင် မိုးရွာသွန်းမှု စံချိန်တင်များပြားခဲ့သဖြင့် ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးမှလွဲ၍ မြန်မာနိုင်ငံအနှံ့အပြားတွင် ရေကြီးရေလျှံမှုများကို ပြည်သူများကြုံတွေ့ခံစားခဲ့ကြရသည်။ ထို့ပြင် ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု စတင်ဖြစ်ပေါ်ခဲ့ပြီး ပိုမိုအားကောင်းသောမုန်တိုင်းငယ် **ကိုမန်** အဖြစ်သို့ ရောက်ရှိခဲ့သည်။ ထိုမုန်တိုင်း၏အရှိန်ကြောင့် ရခိုင်ပြည်နယ်အတွင်း လေပြင်းတိုက်ခတ်မှုများ ဖြစ်ပေါ်ခဲ့သည်။



ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး မစ္စ ရီနားထားဒက်ဆဲလီယန်။

"မြန်မာနိုင်ငံမှာ မကြာခင်က ဖြစ်ပွားခဲ့တဲ့ ရေကြီး၊ ရေလျှံမှု၊ မြေပြိုမှုတို့ကြောင့် ပျက်စီးဆုံးရှုံးမှုတွေအတွက် မြန်မာပြည်သူတွေနဲ့ ထပ်တူထပ်မျှ ပူဆွေးဝမ်းနည်းရပါတယ်" ဟု အစည်းအဝေးတွင် ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ ညှိနှိုင်းရေးမှူး မစ္စ ရီနား ထားဒက်ဆဲလီယန်က ပြောသည်။



ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်။

အဆိုပါ သဘာဝဘေးကြောင့် ဩဂုတ်လ ၁၇ ရက်အထိ ပြည်သူပေါင်း ၁ ဒသမ ၅ သန်းခန့်၊ အိမ်ထောင်စုပေါင်း ၀ ဒသမ ၄၀ သန်း နေရာရွှေ့ပြောင်းခဲ့ရပြီး ပြည်သူ ၁၁၇ ဦး အသက်ဆုံးရှုံးခဲ့ရကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ သိရသည်။

"ပြည်သူတွေအတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေကို ဒေသတွင်းအစိုးရအဖွဲ့တွေ၊ တပ်မတော်၊ ကြက်ခြေနီအဖွဲ့တို့နဲ့ လက်တွဲဆောင်ရွက်နေသလို ပုဂ္ဂလိကအသင်းအဖွဲ့တွေ၊ စေတနာရှင်ပြည်သူတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေ၊ NGO တွေနဲ့လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်" ဟု အစည်းအဝေးတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က အဖွင့်နှုတ်ခွန်းဆက်စကားတွင် ထည့်သွင်းပြောကြားသည်။



ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ် တွိုင်လီကူဗာနော့။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကျပ်သန်းပေါင်း ၅၉၁ ဒသမ ၅၂ သန်း လှူဒါန်းခဲ့ပြီးဖြစ်သလို ယခုလ ၁၇ ရက်အထိ ရေဘေးသင့် ပြည်သူများအတွက် လှူဒါန်းငွေ ၁၅၆၂၈၄၃၄၂၂ ကျပ်နှင့် အမေရိကန် ဒေါ်လာ ၆၂၉၅၉၆ ဒသမ ၆၇ ဒေါ်လာ၊ ထိုင်းဘတ် ၁၆၈၀၅၅ ဘတ်နှင့် မလေးရှားရင်းဂစ် ၂၀၀၀ တို့ကို လက်ခံရရှိထားပြီး လိုအပ်သည့်ဒေသများသို့ ဖြန့်ဖြူးလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

"ကူညီကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို အခုလို



ပြည်ထောင်စု ဝန်ကြီး ဦးကျော်လွင်။

အစိုးရနဲ့ ပြည်သူတွေ လက်တွဲဆောင်ရွက်နေကြတာကို လေးစားပါတယ်။ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက အစိုးရအဖွဲ့တွေကြားမှာ အထက်အောက် ပေါင်းစပ်ညှိနှိုင်းရေး၊ အစိုးရအဖွဲ့အစည်းတွေနဲ့ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းတွေကြား တစ်ပြေးညီ ပူးပေါင်းဆောင်ရွက်ရေး၊ သတင်းအချက်အလက်စီမံခန့်ခွဲရေးစနစ်တွေ ဆောလျင်စွာဆောင်ရွက်ရေးနဲ့ အတူတကွ ဆန်းစစ်လေ့လာရေး၊ ထောက်ပံ့ငွေတွေကို စနစ်တကျ ခွဲဝေဖြန့်ဖြူးပေးနိုင်ရေးတွေဟာ အရေးကြီးပါတယ်" ဟု ကုလသမဂ္ဂဌာနေကိုယ်စားလှယ် တွိုင်လီကူဗာနော့က မှတ်ချက်ပြုသည်။

ရေဘေးကြောင့် ဆုံးရှုံးမှုများအနေဖြင့် စီးပွားရေးအပေါ်တွင် သက်ရောက်မှုများရှိနိုင်ကြောင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အတူတကွလက်တွဲလုပ်ဆောင်ရန် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများကိုလည်း ဖိတ်ခေါ်ပါကြောင်းကို ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က ထည့်သွင်းဆွေးနွေးခဲ့သည်။



မြန်မာနိုင်ငံ ဂျပန်သံရုံးမှ မစ္စတာ မတ်ဆုယို။

ရေဘေးသင့်ဒေသရှိ ပြည်သူများ၏ စီးပွားရေးလုပ်ငန်းများကို ပြန်လည်ဖွံ့ဖြိုးလာစေအောင် စွမ်းဆောင်နိုင်စေရန် လိုအပ်သည့် ကူညီထောက်ပံ့မှုများကိုလည်း ပေးရန်လိုအပ်ကြောင်းနှင့် ပတ်သက်၍ ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ် တွိုင်လီကူဗာနော့က "ပြန်လည်ထူထောင်ရေးလုပ်ဆောင်ရာမှာ အခြားနိုင်ငံတွေရဲ့အတွေ့အကြုံတွေပေါ် အခြေခံပြီး အရေးပေါ်ဆောင်ရွက်ရမယ့်အချက်အနေနဲ့ ကျေးလက်နေပြည်သူတွေရဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေနဲ့ မွေးမြူရေးလုပ်ငန်းတွေကို ထောက်ပံ့ပေးဖို့ အကြံပြုလိုပါတယ်။ လိုအပ်ချက်တွေ ဆန်းစစ်ထားမှုအပေါ် အခြေခံပြီး ပစ္စည်းအကူအညီသာမက ငွေသားအကူအညီတွေလည်း ပေးဖို့ လိုအပ်ပါတယ်" ဟု အကြံပြုခဲ့သည်။

မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ဂျပန်နိုင်ငံအနေဖြင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ သန်းကို ကူညီလှူဒါန်းသွားမည်ဖြစ်ပြီး ၎င်းအကူအညီများကို ကုလသမဂ္ဂအဖွဲ့အစည်းများ၊ IFRC၊ ICRC ကဲ့သို့သော အကူအညီပေးနေသည့် အဖွဲ့အစည်းများသို့ ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ဘေးအန္တရာယ်ကျရောက်နေသည့် လူမှုအဖွဲ့အစည်းများအား ပြန်လည်ထူထောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့်နေရာများသို့ ကာလတို၊ ကာလရှည် အကူအညီများ ပေးအပ်သွားမည်ဖြစ်ကြောင်းကို မြန်မာနိုင်ငံရှိ ဂျပန်သံရုံးမှ မစ္စတာ မတ်ဆုယိုက ပြောကြားခဲ့သည်။



အမေရိကန် ဖွံ့ဖြိုးမှု အထောက်အကူပြုရေး အဖွဲ့မှ မစ္စတာ ခရစ်မီလီဂန်။

ရာသီဥတုအခြေအနေများကို ကြိုတင်ခန့်မှန်းတွက်ချက်နိုင်စေရန် ဂျပန်နိုင်ငံအနေဖြင့် မိုးလေဝသခန့်မှန်းရေးဗဟိုဌာနကို ကျောက်ဖြူတွင် တည်ထောင်ပေးထားပြီး ၎င်းစနစ်ဖြင့် တိကျသည့် မိုးလေဝသဆိုင်ရာ သတင်းအချက်အလက်များကို ကြိုတင်ခန့်မှန်းနိုင်မည်ဖြစ်သလို ပိုမိုကောင်းမွန်သည့် ကာကွယ်ရေးစနစ်များကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ကူညီထောက်ပံ့ရေးလုပ်ငန်းများ ထိရောက်မြန်ဆန်စေရန် အမေရိကန် ဖွံ့ဖြိုးမှု အထောက်အကူပြုရေးအဖွဲ့မှ မစ္စတာ ခရစ်မီလီဂန်ကလည်း "ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါ ပွင့်လင်းမြင်သာမှု၊ ဆက်သွယ်ရေးနှင့် လုပ်ကိုင်နိုင်စွမ်းရည်တွေက အဓိကအရေးပါ ပါတယ်" ဟု ထောက်ပြခဲ့သည်။

ရေဘေးသင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်နေကြခြင်းကို ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး မစ္စ ရီနားထားဒက်ဆဲလီယန်က "မြန်မာပြည်သူတွေရဲ့ စာနာမှု၊ စည်းလုံးမှုနဲ့ ပရဟိတစိတ်ဓာတ်ခိုင်မာမှုတွေကို ဂုဏ်ယူမိပါတယ်။ ပြည်သူတွေကို ခွဲခြားမှုမရှိဘဲ လိုအပ်ချက်အတိုင်း အကူအညီအထောက်အပံ့တွေကို ဆက်လက်ပေးသွားမှာဖြစ်ပါတယ်" ဟု ဆိုသည်။

အဆိုပါ အစည်းအဝေးသို့ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့များ၊ နိုင်ငံတကာသံရုံးများမှ ကိုယ်စားလှယ်များနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ စုစုပေါင်း ၁၂၀ ခန့် တက်ရောက်ခဲ့ကြသည်။

ရေဘေးသင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် ရေဘေးအန္တရာယ်ကျရောက်ခဲ့သောဒေသများ၊ လူဦးရေ၊ တိရစ္ဆာန်အရေအတွက်၊ စိုက်ပျိုးမြေဧကများ စသည့်အခြေခံသတင်းအချက်အလက်ရရှိရေးနှင့် အခြားအကြံပြုချက်များကို နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများက အားတက်သရော ပါဝင်ဆွေးနွေးခဲ့ကြပြီး နိုင်ငံတော်အစိုးရ၏ ညှိနှိုင်းဆောင်ရွက်မှုများကို ပေါင်းစပ်ရန်အသင့်ရှိပါကြောင်းနှင့် ကျေးဇူးတင်စကားပြောကြားခဲ့ကြသည်။

ဩဂုတ် ၁၄ ရက်က နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၌ ကျင်းပခဲ့သည့် အစည်းအဝေးသည် ရေဘေးသင့်ဒေသများရှိ ပြည်သူများ၏ ပိုမိုကောင်းမွန်သော အနာဂတ်ဘဝရရှိရေးအတွက် အမှန်တကယ်လိုအပ်နေသည့်နေရာတွင် လိုအပ်သည့်ပစ္စည်းများ ပံ့ပိုးပေးနိုင်ရန် အထောက်အကူဖြစ်စေမည့် အကျိုးရှိသော အကူအညီများဖြစ်ရန် ယုံကြည်မျှော်လင့်မိသည်။

နိုင်ငံတော်အနေဖြင့်လည်း သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအတွက် သီးသန့်ရန်ပုံငွေမှ ငွေကျပ် ၃၉ ဒသမ ၀၅၄ ဘီလီယံသုံးစွဲခဲ့ပြီးဖြစ်သည့်အပြင် ပျက်စီးဆုံးရှုံးမှုများအတွက် စာရင်းပြုစုရရှိမှုအလိုက် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် သီးသန့်ရန်ပုံငွေမှ ဆက်လက်ခွင့်ပြုပေးရန် အမြန်ဆုံးစီစဉ် ဆောင်ရွက်လျက်ရှိကြောင်း ဩဂုတ် ၁၈ ရက်နေ့ နိုင်ငံပိုင်သတင်းစာများပါ ဖော်ပြချက်များအရ သိရသည်။




မြန်မာနိုင်ငံရေဘေးသင့်ပြည်သူများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းပစ္စည်းများကိုတွေ့ရစဉ်။



မြန်မာနိုင်ငံရေဘေးသင့်ပြည်သူများအတွက် ဩစတြေးလျနိုင်ငံမှ လှူဒါန်းပစ္စည်းများ ရောက်ရှိလာစဉ်။

# ဗန်ကောက်မြို့လယ်ဗုံးခွဲတိုက်ခိုက်မှု သံသယရှိသူ စီစီတီဗွီကင်မရာတွင်တွေ့ရ

**ဗန်ကောက် ဩဂုတ် ၁၈**

အာရှနိုင်ငံအချို့မှ နိုင်ငံခြားသားကိုးဦးအပါအဝင် လူပေါင်း ၂၂ ဦးသေဆုံးခဲ့ရသည့် ဗန်ကောက်မြို့လယ် ဘုရားကျောင်းအနီး ဗုံးခွဲတိုက်ခိုက်မှုတွင် စီစီတီဗွီကင်မရာ၌တွေ့ရသော သံသယရှိသူတစ်ဦးကို ဝိုင်းဝန်းပိတ်ဆို့ရှာဖွေမှုများ ပြုလုပ်နေကြောင်း ထိုင်းအာဏာပိုင်အဖွဲ့က အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

နိုင်ငံ၏စီးပွားရေးကို ထိခိုက်ပျက်စီးအောင်လုပ်ဆောင်သည့် ရည်ရွယ်ချက်ဖြင့် မြို့တော်ဗန်ကောက် လူစည်ကားရာအရပ်၌ တနင်္လာနေ့ညနေပိုင်းက ဗုံးခွဲတိုက်ခိုက်မှုကို လက်သည်ရှာမရ ဖြစ်နေကြောင်း ထိုင်းအစိုးရက ပြောသည်။

အဆိုပါသံသယရှိသူသည် အဝါရောင်ရှပ်အင်္ကျီကို ဝတ်ဆင်ထားပြီး ထိုင်းလူမျိုးတစ်ဦး သို့မဟုတ် နိုင်ငံခြားသားဖြစ်နိုင်ကြောင်း ရဲအရာရှိချုပ် ဆွမ်ရော့ပန်မန်မောင်းက ပြောဆိုလိုက်သည်။

"အမည်းရောင် အိတ်တစ်လုံးကို လွယ်ထားတဲ့ ဒီလူက ဗုံးပေါက်ကွဲချိန်မှာမြင်ကွင်းကို ဖြတ်သွားခဲ့တာပါ။ ဒါပေမယ့် စီစီတီဗွီမှာတွေ့ရတဲ့ ပုံနဲ့ဆက်စပ်မှုရှိမရှိကိုတော့ သေချာစစ်ဆေးဖို့လိုပါတယ်" ဟု ဆွမ်ရော့က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။



အဆိုပါ သံသယရှိသူသည် အသေးစိတ်စစ်ဆေးမှုများ မပြုလုပ်ရသေးသော်လည်း သံသယဖြစ်မိကြောင်း၊ အစိုးရဆန့်ကျင်ရေးအုပ်စုများရှိနေဆဲဖြစ်ကြောင်း ဝန်ကြီးချုပ် ပရာယုချန်အိုချာက ပြောဆိုလိုက်သည်။ **(ရိုက်တာ)**

## ဗန်ကောက်မြို့ဗုံးခွဲမှုကျူးလွန်သူ တရားခံများကို အချိန်မီဖမ်းဆီးနိုင်ရေး ထိုင်းဝန်ကြီးချုပ် ကတိကဝတ်ပြု

**ဗန်ကောက် ဩဂုတ် ၁၈**

ဩဂုတ် ၁၇ ရက်က ဗန်ကောက်မြို့လယ်ကောင်၌လူ ၂၀ ကျော်သေဆုံးပြီး ၁၀၀ ကျော်ဒဏ်ရာရရှိစေခဲ့သည့် ဗုံးပေါက်ကွဲမှု ကျူးလွန်သူများအား ရှာဖွေတွေ့ရှိပြီးတရားရုံးတော်ရှေ့မှောက်သို့ ခေါ်ဆောင်လာရေးအတွက် စုံစမ်းစစ်ဆေးမှုလုပ်ငန်းကို အချိန်မနှောင့်နှေးစေဘဲ အဆောတလျင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ် ပရာယုသ်ချန်အိုချာက ယနေ့ကတိကဝတ်ပြုလိုက်သည်။ ဗန်ကောက်ဗုံးပေါက်ကွဲမှုကိုကြည့်ခြင်းအားဖြင့် ထိုင်းစီးပွားရေးနှင့်ခရီးသွားလုပ်ငန်းများကို ထိခိုက်ရန် ရည်ရွယ်ချက်နှင့်အတူ ထိုင်းနိုင်ငံကိုထိခိုက်စေရန်ရည်ရွယ်နေသည့် လူတစ်စုံတစ်ဦးသို့မဟုတ် အဖွဲ့အစည်းများ ထိုင်းနိုင်ငံ၌ရှိနေသည်ကို ထင်ရှားစေကြောင်း ဝန်ကြီးချုပ်ပရာယုသ်က ပြောကြားသည်။

ဗန်ကောက်မြို့ရှိ ဧရာဝဏ်ဟိန္ဒူဘုရားကျောင်းလမ်းဆုံတွင် ဩဂုတ် ၁၇ ရက်ညကဖြစ်ပွားခဲ့သည့် ယင်းဗုံးပေါက်ကွဲမှုတွင် တရုတ်နိုင်ငံသားငါးဦးသေဆုံးပြီး ၃၀ ကျော်ဒဏ်ရာရရှိခဲ့သည်ဟု တရုတ်သံရုံး၏ အတည်ပြုချက်အရသိရသည်။အဆိုပါနေရာမှာ ကမ္ဘာလှည့်ခရီးသည်များနှင့် အခြားလာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိရာနေရာ ဖြစ်သည်။ ယင်းပေါက်ကွဲမှု၌ ဒုက္ခခံစားနေရသူအားလုံးကို ထိုင်းအစိုးရအနေဖြင့် အတတ်နိုင်ဆုံးနှင့်အကောင်းဆုံးနည်းဖြင့် အကူအညီပေးသွားမည် ဖြစ်ကြောင်း ဝန်ကြီးချုပ်ကဆက်လက်ပြောကြားသည်။

တစ်ဆက်တည်းမှာပင် ထိုင်းဝန်ကြီးချုပ် ပရာယုသ်ချန်အိုချာက ထိုင်းနိုင်ငံရှိ သံရုံးများ၊ ကောင်စစ်ဝန်ရုံးများနှင့်နိုင်ငံတကာ အဖွဲ့အစည်းများအပါအဝင် ထိုင်းနိုင်ငံတွင် နေထိုင်လျက်ရှိကြသည့် နိုင်ငံခြားသားများ၏ အသက်၊ စည်းစိမ်နှင့်အကျိုးစီးပွားများအတွက်လုံခြုံရေးကိုလည်း ထိုင်းအစိုးရအနေဖြင့် တာဝန်ယူကာကွယ်စောင့်ရှောက်ပေးသွားမည် ဖြစ်ကြောင်း စသည်ဖြင့် ကတိကဝတ်ပြုလိုက်သည်။

ထိုင်းဝန်ကြီးချုပ်သည် အဆိုပါတရားခံများကို အဆောတလျင်ရှာတွေ့နိုင်ရေးအတွက် မီဒီယာများနှင့် လူမှုမီဒီယာများကိုလည်း ရှာဖွေရေးလုပ်ငန်း၌ ဝိုင်းဝန်းကူညီကြရန် တောင်းဆိုခဲ့သည်။ **(ဆင်ဟွာ)**

# တီယန်ကျင်းမြို့၌ ဒေသခံများက နေအိမ်အတွက် လျော်ကြေးပေးရန် ဆန္ဒပြတောင်းဆို



**ပေကျင်း ဩဂုတ် ၁၈**

တီယန်ကျင်းအာဏာပိုင်များက သေကျေပျက်စီးမှုများ ဖြစ်ပွားခဲ့သည့် ကုန်လှောင်ရုံ ပေါက်ကွဲမှုကြောင့် ပြောင်းရွှေ့ကြရသူများကို ရွှေ့ပြောင်းစရိတ်ပေးမည်ဟု ဆုံးဖြတ်ချက်ချခဲ့ကြောင်း၊ သို့သော်လည်း တချို့ဒေသခံများမှာ ပြောင်းရွှေ့စရိတ်ကြေးမလုံလောက်ဟုဆိုကာ ဆန္ဒပြမှုများပြုလုပ်ခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဒေသခံ ရာပေါင်းများစွာက ဩဂုတ် ၁၇ရက်တွင် ပျက်စီးသွားသည့် ၎င်း တို့၏ နေအိမ်အဆောက်အအုံများအတွက် လျော်ကြေးပေးရန် အစိုးရထံမှ တောင်းဆိုသည့် ဆန္ဒပြမှုများကို ပြုလုပ်ခဲ့သည်။

ပေါက်ကွဲမှုတွင် နေအိမ်အကြီးအကျယ် ထိခိုက်ပျက်စီးမှုအတွက် သုံးလစာ အငှားစရိတ်ကိုသာ မြို့တော်က ထုတ်ပေးကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြခဲ့သည်။ လွန်ခဲ့သော ဗုဒ္ဓဟူးနေ့ပေါက်ကွဲမှုတွင် အထပ်မြင့်အဆောက်အအုံတိုက်ခန်းများ ထိခိုက်ပျက်စီးပြီးပြတင်းပေါက်နှင့်ကြမ်းခင်းများ ကြေမွပျက်စီးခဲ့သည်။ ယင်းပေါက်ကွဲမှုကြောင့် အိမ်ပေါင်း ၁၇၀၀၀ ထိခိုက်ခဲ့သည်။

အဆိုပါ ပေါက်ကွဲမှုဖြစ်ပွားရာဒေသရှိ အထပ်မြင့်အဆောက်အအုံတိုက်ခန်းများမှာ ဈေးကြီးပြီး ၁၀၀ စတုရန်းပေကို ဒေါ်လာ ၁၆၀၀၀၀ ဒေါ်လာပေးရကြောင်း သိရသည်။ အလုပ်သမားများမှာ အဆိုပါပေါက်ကွဲမှုဖြစ်ပွားရာဒေသတွင် ဆိုဒီယမ်ဆိုင်ရာနိုက်များကို ဖယ်ရှားရှင်းလင်းနေသည်။ ဒေသခံ အချို့က ဤကဲ့သို့အန္တရာယ်ကြီးမားသောနေရာတွင် ထပ်မံမနေလိုကြောင်း ပြောခဲ့သည်။ ဒေသခံများက ၎င်းတို့၏ အိမ်များကို ဝယ်ရန် အစိုးရကို တိုက်တွန်းလျက်ရှိသည်။

**(အင်န်အိတ်ချ်ကေ)**

# အင်ဒိုနီးရှားနိုင်ငံ ပါပူဝါတွင် ပျက်ကျခရီးသည်တင်လေယာဉ်၏ သေတ္တာနက်ကို ရှာဖွေတွေ့ရှိ

**ဂျကာတာ ဩဂုတ် ၁၈**

အင်ဒိုနီးရှားနိုင်ငံ ပါပူဝါတွင် ပျက်ကျခဲ့သည့် ခရီးသည်လေယာဉ်၏ ပျံသန်းမှုမှတ်တမ်းတင်ကိရိယာဖြစ်သည့် ဘလက်ခ်ဘောက် (Black box) ကို တွေ့ရှိပြီဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထရီဂါနာလေကြောင်းလိုင်းပိုင် အဆိုပါပျက်ကျလေယာဉ်၏ Black box ကို ဒေသစံတော်ချိန် ၁ နာရီ မိနစ် ၄၀ က တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားပို့ဆောင်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂျေအေဘာရာတာက အော့ဘ်ဆီဘီမှ ဆင်ဟွာသို့ ဖုန်းဖြင့်ပြောကြားသည်။ ကယ်ဆယ်ရေးအဖွဲ့ဝင် ၇၉ ဦးထက်မနည်း အဆိုပါလေယာဉ်ပျက်ကျရာနေရာသို့ ရောက်ရှိနေကြောင်း ကယ်ဆယ်ရေးတာဝန်ရှိသူများက ပြောသည်။

ခရီးသည် ၅၄ ဦး လိုက်ပါလာသော ATR-42ခရီးသည် လေယာဉ်သည် တနင်္ဂနွေနေ့ ဒေသစံတော်ချိန် ၂ နာရီ ၅၅ မိနစ်တွင် အင်ဒိုနီးရှားနိုင်ငံအရှေ့ဖျား ပါပူအာပြည်နယ် ဘင်တန်းခရိုင် တန်ဂေါတောင်နှင့်တိုက်မိပြီး ဆက်သွယ်မှုပြတ်တောက်သွားခဲ့သည်။ **(ဆင်ဟွာ)**


နေပြည်တော် ၀၁-၂၅၁၂၇၇ ၀၁-၂၅၁၂၈၈ | မင်္ဂလာစံပြ ၀၉၂၆၀၀၀၇၀၃၅ ၀၉၂၆၀၀၀၇၀၃၆ ၀၁ ၂၃၀၃၁၆၅ | မင်္ဂလာဒိုင်းမွန်း (မန္တလေး) ၀၉၄၀၂၇၆၅၆၄၁ ၀၉၄၀၂၇၆၅၆၄၂ | မင်္ဂလာထွန်းသီရိ (မြိတ်) ၀၉၇၉၁၁၀၃၇၅၁ ၀၉၇၉၁၁၀၃၇၅၂ | ၂၁.၈.၂၀၁၅ ရက်မှ စ၍ တစ်ပြိုင်တည်းပြသမည်




ရွှေဆောင် ၀၁-၂၅၂၁၁၃ ၀၁-၃၈၈၀၃၄ ၀၁-၃၇၀၇၈၇ | မင်္ဂလာ(၂) အဲဖွင်တာ(၂) ၀၉၇၃၂၅၄၀၉၁ ၀၉၇၃၂၅၄၀၉၂ | မင်္ဂလာဒိုင်းမွန်း ဒိုင်းမွန်းပလာဇာ(၅)လွှာ၊ မန္တလေး ဖုန်း-၀၉၄၀၂၇၆၅၆၄၁၊ ၀၉၄၀၂၇၆၅၆၄၂ | ၂၁.၈.၂၀၁၅ ရက်မှ တစ်ပြိုင်တည်းပြသမည်



# ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများ အထူးသတိပြုနေထိုင်သွားလာကြရန် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သတိပေးနှိုးဆော်ထား

**နေပြည်တော် ဩဂုတ် ၁၈**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ လူစည်ကားရာအရပ်ဖြစ်သည့် ဧရာဝဏ်(လေးမျက်နှာဘုရား) အနီးတွင် ယမန်နေ့ ညဦးပိုင်းက ဗုံးပေါက်ကွဲခဲ့မှုကြောင့် သေဆုံးဒဏ်ရာရရှိမှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါ သေဆုံးဒဏ်ရာရရှိသူများတွင် တရုတ်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ ကမ္ဘာလှည့်ခရီးသွားများပါဝင်ခဲ့သည်။ သို့အတွက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများ အန္တရာယ်မရှိစေရန်အတွက် မသွားလာသင့်သည့်နေရာများကို ဗန်ကောက်မြို့ရှိ မြန်မာသံရုံး၏ အင်တာနက် စာမျက်နှာ **www.myanmarembassybkk.com** တွင် လွှင့်တင်၍ သတိပေးနှိုးဆော်ထားသည်။

အဆိုပါသတိပေးနှိုးဆော်စာတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တော် လူစည်ကားရာအချက်အချာကျသည့် (လေးမျက်နှာ) ဧရာဝဏ်ဘုရားအနီး Ratchprasong လမ်းဆုံ၌ ၁၇-၈-၂၀၁၅ ရက် ညနေပိုင်းတွင် ပြင်းထန်သည့် ဗုံးပေါက်ကွဲမှုကြောင့် လူများစွာသေဆုံး၊ ဒဏ်ရာရရှိမှုများ ဖြစ်ပွားခဲ့ကြောင်း။

သို့ဖြစ်၍ ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာနိုင်ငံသားအလုပ်သမားများ၊ ထိုင်းနိုင်ငံရှိ တက္ကသိုလ်များတွင် အစိုးရအစီအစဉ်ဖြင့် ဘာသာရပ်ဆိုင်ရာ သင်တန်းတက်ရောက်လျက်ရှိသော အစိုးရဝန်ထမ်း ပညာတော်သင်များ၊ ထိုင်းနိုင်ငံရှိ တက္ကသိုလ်/ကောလိပ်များတွင် မိမိအစီအစဉ်ဖြင့် ပညာသင်ကြားလျက်ရှိကြသော မြန်မာကျောင်းသားများ၊ ထိုင်းနိုင်ငံသို့ ခေတ္တအလည်အပတ်လာရောက်ကြသော မြန်မာနိုင်ငံသားခရီးသွားများ၊ ထိုင်းနိုင်ငံရှိ ဆေးရုံ/ဆေးခန်းများတွင် ဆေးဝါးကုသရန်နှင့် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများပြုလုပ်ရန် လာရောက်ကြသည့် မြန်မာနိုင်ငံသားများအနေဖြင့် အထူးသတိပြုနေထိုင်သွားလာကြပါရန်နှင့် အန္တရာယ်ဖြစ်ပွားရန် စိုးရိမ်ဖွယ် ပစ်မှတ်ထား ဆောင်ရွက်နိုင်သည့်နယ်မြေ (Dangerous Areas) အဖြစ် ထိုင်းအစိုးရကသတ်မှတ်ထားသည့် လတ်ချ်ပစုံလမ်းဆုံ (Ratchaprasong Intersection)၊ ပထွန်ဝမ်လမ်းဆုံ (Pathuwan Intersection)၊ စီလုံလမ်းဆုံ (Silom Road)၊ ခေါင်းဆန်လမ်းဆုံ(Khao San Road)၊ နာရာထိဝတ်လမ်းဆုံ (Narathiwat Intersection)၊ အနုစာဝရီ (Victory Monument)၊ တုချိုင်လမ်းဆုံ (Tuek Chai Intersection)၊ ဘိန်ကျစီရီပန်းခြံ (Benjasiri Park)၊ ထောင်လော်လမ်းသွယ် (Soi Thong Lor)၊ စုခွန်ဗစ်လမ်း (Sukhumvit Road)တို့သို့ ရှောင်ရှားသတိပြုနိုင်ကြရန် အထူးသတိပေးနှိုးဆော်ကြောင်း ဖော်ပြထားသည်။ **(သတင်းစဉ်)**

***ကျောဖုံးမှ***

တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ဘီလ်ဘာအိုအသင်း ယခုနှစ် စူပါဖလားရရှိခြင်းမှာ နှစ်ကြိမ်မြောက်ဖြစ်ပြီး ၁၉၈၄ နှင့် ၂၀၁၅ ခုနှစ်တို့ဖြစ်သည်။ စူပါဖလားကို ၁၉၈၂ တွင် စတင် ကျင်းပပြုလုပ်ခဲ့ပြီး ဖလားအကြိမ်အရေအတွက် အများဆုံးရရှိထားသည့် အသင်းမှာ ဘာစီလိုနာအသင်းဖြစ်ပြီး ၁၁ ကြိမ်ရရှိထားသည်။ ရီးရဲမက်ဒရစ်အသင်းမှာ ကိုးကြိမ်ရရှိထားပြီး ဒုတိယနေရာတွင် ရပ်တည်နေသည်။ ဒီပို့တီဗို သုံးကြိမ်၊ အက်သလက်တီကို နှစ်ကြိမ်၊ ဘီလ်ဘာအိုနှစ်ကြိမ်နှင့် ဗလင်စီယာ၊ ဇာရာဂိုဇာ၊ မာယော့ကာ၊ ဆီဗီလာ၊ ဆိုစီဒက်အသင်းတို့ တစ်ကြိမ်စီ ရရှိထားသည်။

၂၀၁၅ စူပါဖလား ဘာစီလိုနာအသင်းရှုံးနိမ့်ရခြင်းမှာ ယခုနှစ် ငါးလုံးမြောက်ဖလား လက်လွှတ်လိုက်ရခြင်းဖြစ်ပြီး နောက်ဆုံး လက်ကျန်တိုက်ကြီးများ ဖလားကိုသာ မျှော်လင့်ရတော့မည် ဖြစ်သည်။

***ကျောဖုံးမှ***

လက်ရွေးစင်အသင်းဆု (အမျိုးသမီး)နှင့်(အမျိုးသား)၊ အကောင်းဆုံးဘောလုံးအဖွဲ့ချုပ်ဆု၊ အကောင်းဆုံးဖူဆယ်အသင်းဆု၊ အကောင်းဆုံးဖူဆယ်ကစားသမားဆု၊ အကောင်းဆုံးလူငယ်ကစားသမားဆု၊ အကောင်းဆုံးဒိုင်လူကြီးဆု (အမျိုးသမီး)နှင့်(အမျိုးသား)၊ အကောင်းဆုံးစည်းကြပ်ဒိုင်ဆု(အမျိုးသမီး)နှင့်(အမျိုးသား)၊ အာဆီယံဘောလုံးအဖွဲ့ချုပ်၏ ဂုဏ်ထူးဆောင်ဆု၊ ASEAN Good Will ဆု၊ ၂၀၁၄ ဆူဇူကီးဖလားပြိုင်ပွဲ အကောင်းဆုံးဂိုးဆုနှင့် အကောင်းဆုံးအသင်းတို့ ရွေးချယ်သွားမည်ဖြစ်သည်။ အာဆီယံ ဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၃ ခုနှစ်မှ စတင်ကာ နှစ်နှစ်တစ်ကြိမ်ကျင်းပခြင်းဖြစ်ပြီး ယခုအကြိမ်မှာဒုတိယအကြိမ် ကျင်းပခြင်းလည်းဖြစ်သည်။

ပထမအကြိမ် ကျင်းပသည့် ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက ဆုနှစ်ခုရရှိခဲ့ပြီး အကောင်းဆုံးဘောလုံးအဖွဲ့ချုပ်ဆုနှင့် အကောင်းဆုံး အမျိုးသမီးအသင်းနည်းပြဆုကို မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနည်းပြချုပ် ကူမာဒါ(ဂျပန်)တို့ကရရှိခဲ့သည်။ ထို့ပြင် မြန်မာ့လက်ရွေးစင် တောင်ပံကစားသမားကြည်လင်းမှာ AFF အကောင်းဆုံးအသင်း ၁၁ ယောက်တွင် ရွေးချယ်ခံခဲ့ရသည်။ ယခုအကြိမ်တွင်လည်း မြန်မာနိုင်ငံအနေဖြင့် ဆုအချို့ရရှိရန် မျှော်လင့်ချက်ရှိနေပြီး အကောင်းဆုံးလူငယ်ကစားသမားများ၊ အကောင်းဆုံး အမျိုးသားအသင်းနည်းပြဆုနှင့် အကောင်းဆုံး ဘောလုံးအဖွဲ့ချုပ်ဆုတို့တွင် အလားအလာကောင်းလျက်ရှိသည်။

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# မိုးသည်းထန်ပြီး လေပြင်းတိုက်ခတ်မှုကြောင့် ကျွန်းပင်ကြီးထက်ပိုင်းကျိုးကျ

**ရန်ကုန် ဩဂုတ် ၁၈**

ရန်ကုန်မြို့ အလုံမြို့နယ်၌ ဩဂုတ် ၁၇ ရက် ညနေ ၃ နာရီခန့် မှစ၍ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ညနေ ၃ နာရီ မိနစ် ၅၀ ခန့်တွင် အလုံမြို့နယ် နှင်းဆီကုန်းလမ်းအမှတ်(၈၉) ရှေ့ရှိ ကျွန်းပင်ကြီးမှ သစ်ကိုင်းထက်ပိုင်းကျိုးကျခဲ့သည်။ သစ်ကိုင်းကျိုးကျမှုကြောင့် လျှပ်စစ် ဓာတ်အား ဗို့ ၄၀၀ ဓာတ်အားလိုင်းနှင့် ၆ ဒသမ ၆ ကေဗွီဓာတ်အားလိုင်းတို့ ချိတ်ပါသွားပြီး သစ်ကိုင်းအဖျားက လမ်းတစ်ဖက်ခြမ်းတွင် ရပ်ထားသော ကားတစ်စီးပေါ်သို့ ကျရောက်ရာ မော်တော်ကား အနည်းငယ်ထိခိုက်ပျက်စီးသွားသည်။

ကျိုးကျသောသစ်ကိုင်းမှာ ကြီးမားပြီးလမ်းပိတ်ဆို့မှုဖြစ်သွားရာ ယင်းနေရာသို့ အလုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းနိုင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ အလုံမြို့နယ် လျှပ်စစ်မန်နေဂျာနှင့်ဝန်ထမ်းများ၊ အလုံမြို့နယ် စည်ပင်နှင့် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများရောက်ရှိပြီးနောက် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ဓာတ်အားခေတ္တပိတ်၍ ဓာတ်ကြိုးများကို ဦးစွာရှင်းလင်းပြီး သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းကြရာ ညနေ ၄ နာရီခွဲခန့်တွင် ပြီးစီးကြောင်း သိရသည်။ **မောင်မောင်(လျှပ်စစ်)**

# ချင်းပြည်နယ်သို့ မြေတူးစက်ကြီးနှစ်စီးပို့ဆောင်

**မန္တလေး ဩဂုတ် ၁၈**

မြန်မာပြည် အနှံ့အပြားတွင် မိုးများ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီး ရေလျှံမှု၊ မြေပြိုမှုများ ဖြစ်ပေါ်ခဲ့ရာ သဘာဝဘေးသင့်ခဲ့သော ချင်းပြည်နယ်အား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)၏ စီစဉ်မှုဖြင့် တာဝန်ရှိသူများသည် မြေတူးစက်ကြီးနှစ်စီးကို မုံရွာ-ဂန့်ဂေါ-ဟားခါး လမ်းအတိုင်း ခက်ခက်ခဲခဲ ပို့ဆောင်ခဲ့ကြောင်း၊ ပို့ဆောင်ရာ လမ်းတစ်လျှောက် ဂန့်ဂေါ-ဟားခါးလမ်းပိုင်းမိုင်တိုင်(၄၂) ကစတင်၍ လမ်းပိုင်း ပျက်စီးမှုများကို လိုအပ်သလိုပြုပြင်ပေးပြီး ဟားခါးမြို့အထိ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးရန် စီစဉ်လျက်ရှိကြောင်း၊ ယခုအချိန်တွင် ဂန့်ဂေါ-ဟားခါးလမ်းပိုင်း ပြုပြင်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

### ဖခင်အမည်မှန်

ဖျာပုံမြို့နယ်၊ သမိန်ထောကျေးရွာ၊ အထက်တွင် ပညာသင်ယူနေသော ၁၁သမတန်း မှ မောင်မင်းသန့်နှင့်သတ္တမတန်းမှ မောင်အောင်ဇင်တို့၏ ဖခင်အမည်မှန်မှာ ဦးအေးနိုင်[၁၄/ဖပန(နိုင်)၀၅၇၇၇၈] ဖြစ်ပါ ကြောင်း။

### အမည်မှန်

လှိုင်သာယာမြို့နယ်၊ (၂၀)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် ၄၇၁(က) နေ ဦးစောဦး၏သား ဦးဗထူး ၁၂/ဥကမ(နိုင်)၀၀၂၁၃၄၏ အမည်မှန်မှာ ဦးဗထူးဖြစ်ပါကြောင်း။ **ဦးဗထူး**

### လူပျောက်ကြော်ငြာ



ဦးစောထီး-ဒေါ်ဘန်းခလိန်တို့၏ သမီး အသက်(၁၂)နှစ်အရွယ် ညိုညိုသေး သေးလေးပုံစံရှိသော မစန်းဖောင်းသည် ၁၆-၈-၂၀၁၅ ရက် ညနေ ၆း၃၀နာရီတွင် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ ဧေယျမင်္ဂလာ ၁ လမ်းနေအိမ်မှ ထွက်သွားပြီး ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ကူညီပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ တရားမဝင် ဖြားယောင်းသွေးဆောင်ခေါ်ယူသူများရှိပါကလည်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ဖုန်း-၀၉-၃၁၁၃၂၅၅၈၊ ၀၉-၇၉၃၆၈၅၂၉၁

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနအတွက် အသုံးပြုမည့် အောက်ဖော်ပြပါလုပ်ငန်းသုံးနှင့် ရုံးသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| ၁။ | သုတေသနလုပ်ငန်းသုံးစက်ပစ္စည်း | (၇၅)မျိုး |
| ၂။ | ရုံးသုံးစက်ပစ္စည်း | (၂၄)မျိုး |
| ၃။ | ပရိဘောဂ | (၁၅)မျိုး |
| ၄။ | Technical Books | |

၂။ တင်ဒါစက်ပစ္စည်းအသေးစိတ်အား သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ အမှတ်(၆)ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့ရှိ ကြော်ငြာသင်ပုန်းတွင် ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန်မှာ ၂၄-၈-၂၀၁၅ ရက် မှ ၁၁-၉-၂၀၁၅ရက်အထိဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၆၆၅၂၉၂၊ ၆၆၃၂၅၈၊ ၆၆၃၀၂၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန**

### စစစ ဝန်ထမ်းဟောင်းများ တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်းများနှင့်မိသားစုဝင်များသို့

စစစ(အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန)မှ ကွယ်လွန်ခဲ့ကြသည့် ဝန်ထမ်းဟောင်းများနှင့် ဝန်ထမ်းများကိုရည်စူး၍ စတုတ္ထအကြိမ်မြောက်ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်-

**ကျင်းပမည့်ရက်** - ၂၀၁၅ ခုနှစ် ဩဂုတ် ၃၀ ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၁၀ နာရီ
**ကျင်းပမည့်နေရာ** - စသုံးလုံးဓမ္မာရုံ၊ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်၊ (ရွှေတိဂုံဘုရားမြောက်ဘက်မုခ်၊ မူလကမ္ဘာအေးဘုရားအနီး)

လှူဒါန်းလိုသည့် ပုဂ္ဂိုလ်များ အလှူငွေ/ပစ္စည်းများကို ၃၀-၈-၂၀၁၅ ရက် (စနေနေ့)နောက်ဆုံးထား၍ အောက်ပါပုဂ္ဂိုလ် တစ်ဦးဦးထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

| | |
|---|---|
| **ဦးတင်မြင့်** | ဖုန်း-၀၉-၄၃၁၇၅၄၅၅ |
| **ဦးအေးမောင်သန်း** | ဖုန်း-၀၉-၅၁၂၁၅၉၉ |
| **ဦးသိန်းဟန်** | ဖုန်း-၀၉-၅၂၇၅၄၆၈ |
| **ဦးမြင့်သိန်း** | ဖုန်း-၀၉-၅၁၈၅၁၃၂ |

**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဝန်ထမ်းဟောင်းများအသင်း**




# သီးနှံအအေးထိန်းနှင့် ပဲသန့်စင်လုပ်ငန်းစွန့်ပစ်ပစ္စည်းသိုလှောင်ခန်းတွင် ဝိုင်ယာရှော့ခ်ဖြစ်မီးလောင်

**ရန်ကုန် ဩဂုတ် ၁၈**



လှိုင်သာယာမြို့နယ် ရွှေလင်ပန်း စက်မှုဇုန် ယောအတွင်းဝန် ဦးဖိုးလှိုင်လမ်းရှိ သီးနှံအအေးထိန်းနှင့် ပဲသန့်စင်လုပ်ငန်း စွန့်ပစ်ပစ္စည်း သိုလှောင်ခန်းတွင် ဩဂုတ် ၁၈ ရက် နံနက် ၇ နာရီက ဝိုင်ယာရှော့ခ်ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းကျော်ကျော်နှင့် မီးသတ်ယာဉ် ၂၃ စီး၊ အုပ်ချုပ်မှုယာဉ် ငါးစီး၊ အထောက်အကူပြုယာဉ် သုံးစီးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး မြင့်လွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းမြင့်ဦး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်ဦး၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့တို့က အင်အား ၁၇၀ ဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီ ၄၅ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး နံနက် ၉ နာရီတွင် မီးငြိမ်းခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် လှိုင်သာယာမြို့မရဲစခန်းက စက်ရုံမန်နေဂျာ မသင်းမြတ်ထွေးကို အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

# မင်းဘူး နဂါးပွက်တောင်အနီး နေအိမ်တစ်လုံးမီးလောင်

**မင်းဘူး ဩဂုတ် ၁၈**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ် မင်းဘူးမြို့ အမှတ်(၁) နယ်မြေ အောင်မြေရပ်ကွက် (နဂါးပွက်တောင်(ခ) ရွှံ့မီးတောင်အနီး) တွင် ဩဂုတ် ၁၇ ရက် ည ၈ နာရီ မိနစ် ၄၀ က နေအိမ်တစ်လုံး မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အိမ်ရှင်ဦးသန်းဝင်းအောင် ဈေးရောင်းသည် ဇနီးဖြစ်သူ ဒေါ်ခင်ချိုနွဲ့နှင့် စကားများကြရာမှ အနီးရှိ ဓာတ်ဆီထည့်ထားသည့် ရေသန့်ဘူးခွံဖြင့် ပစ်ပေါက်လိုက်ရာ ထွန်းညှိထားသည့် ခြင်ဆေးခွေမှ တစ်ဆင့် ကူးစက်၍ မီးလောင်ကျွမ်းခြင်းဖြစ်ကြောင်း၊ မီးလောင်ရာသို့ မီးငြိမ်းသတ်ယာဉ် လေးစီးဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့နှင့် ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ရာ ည ၈ နာရီ မိနစ် ၅၀တွင် မီးငြိမ်းသွားကြောင်း သိရသည်။

“အရင်တုန်းကတော့ မီးလောင်ရင် လူတွေထွက်ပြေးကြတယ်။ အဲဒီတော့ လောင်ကျွမ်းသင့်တာထက် ပိုလောင်ကျွမ်းကုန်တော့ ပိုမိုပြီးဆုံးရှုံးရတယ်။ အခု မီးလောင်ရင် ညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်းငြိမ်းသတ်ကြတာ။ အရန်မီးသတ်တွေဆိုရင် မီးစွဲနေတဲ့ထရံတွေကို လွတ်ကင်းတဲ့နေရာမှာချပြီး ဝိုင်းငြိမ်းသတ်ကြတယ်”ဟု ဒေသခံ ဦးမိုးကျော်ခိုင်က ပြောသည်။ **ကောင်းသုတ(မင်းဘူး)**

# ရဲစခန်းထောက်ခံစာ အတုပြုလုပ်သုံးစွဲသူများအား ဖော်ထုတ်အရေးယူ

**ရန်ကုန် ဩဂုတ် ၁၈**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၆ ရက် ညနေ ၅ နာရီ မိနစ် ၅၀ ခန့်တွင် ဝေဘာဂီနယ်မြေရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာများကို တစ်စောင်လျှင် ငွေကျပ် ၁၅၀၀ ဖြင့် အတုပြုလုပ် ရောင်းချနေကြောင်း သတင်းရရှိသည့် မြောက်ဥက္ကလာပ မြို့နယ်(၅)ရပ်ကွက်နေ ဦးကျော်စိုးရင် (၅၇ နှစ်)၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဝေဘာဂီနယ်မြေရဲစခန်းတံဆိပ်တုံးအတုနှင့် စခန်းမှူးတံဆိပ်တုံးအတုတို့ကို သုံးစွဲထားပြီး ဒုရဲအုပ်အရာရှိတစ်ဦး၏ လက်မှတ်အတုရေးထိုးထားသော ရက်စွဲမပါသည့် ရဲစခန်းထောက်ခံစာ ကိုးရွက်နှင့် ငွေကျပ် ၁၅၀၀ တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ပြုလုပ်သုံးစွဲသူ ဦးကျော်စိုးရင်နှင့် ပတ်သက်ဆက်နွှယ်သူများကို ဝေဘာဂီနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူစစ်ဆေးဖော်ထုတ်ခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်များအရ ဦးကျော်စိုးရင်သည် အဆိုပါ ရဲစခန်းထောက်ခံစာများကို မြောက်ဥက္ကလာပမြို့နယ်(၅)ရပ်ကွက်နေ ဦးငွေလှ(၆၇ နှစ်) ထံမှ တစ်စောင်လျှင် ငွေကျပ် ၈၀၀ နှုန်းဖြင့်ရယူခဲ့ကြောင်း၊ ဦးငွေလှကလည်း မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်းရပ်ကွက်နေ ဦးခင်မောင်ဦး (၆၄ နှစ်)ထံမှ တစ်စောင်လျှင် ငွေကျပ် ၄၀၀ နှုန်းဖြင့် ရယူခဲ့ကြောင်း ထပ်မံစစ်ဆေး ပေါ်ပေါက်ခဲ့ပြီး ဦးခင်မောင်ဦးထံမှ ဝေဘာဂီရဲစခန်းတံဆိပ်တုံး တစ်ခု၊ စခန်းမှူးတံဆိပ်တုံး တစ်ခု၊ ဒုရဲအုပ်အရာရှိတစ်ဦး၏ လက်မှတ်အတုထိုးထားသော ရဲစခန်းထောက်ခံချက် သုံးစောင်နှင့် အပေါင်စာရွက်ပျောက်ဆုံးကြောင်း ထောက်ခံချက် တစ်စောင်နှင့် အင့်ပက်တစ်ခုတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။ ယင်းသို့ ပေါ်ပေါက်ချက်များအရ ဦးကျော်စိုးရင်ပါ သုံးဦးကို အမှုဖြင့် ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့)**

# မုဒုံမြို့နယ် ကွမ်တာကျေးရွာအရှေ့၌ မီးလောင်မှုဖြစ်ပွား

**မုဒုံ ဩဂုတ် ၁၈**

မုဒုံမြို့နယ် ကွမ်တာကျေးရွာအရှေ့ ပေပင်လမ်းသွယ်ရှိ ဦးဝင်းထွန်း၏ ရော်ဘာမှိုင်းခံရုံ၌ ဩဂုတ် ၁၇ ရက် ညနေ ၅ နာရီခန့်က မီးလောင်မှု ဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားရခြင်းမှာ ရော်ဘာပြုတ်ပြားများကို မှိုင်းခံရုံအတွင်း မှိုင်းတင်နေစဉ် အပူရှိန်လွန်ကဲရာမှ အပေါ်တွင်တင်ထားသော ရော်ဘာ ပြုတ်ပြားများကို ကူးစက်လောင်ကျွမ်းမှုကြောင့် ၁၀ ပေပတ်လည် သွပ်မိုးအုတ်ကာ မှိုင်းခံရုံ၊ ရော်ဘာပြုတ်ပြားပေါင်း ၁၀၀၀ ပျက်စီးဆုံးရှုံးခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ မုဒုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်၊ မြို့နယ်ဒုရဲမှူး ညွန့်လွင်ဦးနှင့် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ မီးသတ်ယာဉ်လေးစီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၆နာရီ ၇ မိနစ်ခန့်တွင် မီးကိုထိန်းနိုင်ခဲ့ပြီး ညနေ ၆ နာရီ ၁၀ မိနစ်တွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါ မီးလောင်မှုဖြစ်စဉ်ကြောင့် မီးပေါ့ဆစွာအသုံးပြုသူ ဦးဝင်းထွန်းကို မုဒုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားသည်။ **မောင်မောင်(မုဒုံ)**

# ရန်ငြိုးထားခြင်းကြောင့် ဓားထိုးမှုဖြစ်

**စလင်း ဩဂုတ် ၁၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကန်ပြားကျေးရွာနေ ဦးဖိုးယောက်(၄၇ နှစ်)သည် ဩဂုတ် ၁၇ ရက် ည ၉ နာရီခွဲက ကန်ပြားကျေးရွာရှိ မသူ၏ ထမင်းဆိုင်တွင်ရှိနေစဉ် ၎င်း၏အစ်ကိုဖြစ်သူ ကိုဂျစ်တူး (၅၀ နှစ်)အား တစ်ရွာတည်းနေ သိန်းဘို(၃၀ နှစ်)က လွန်ခဲ့သော ငါးရက်ခန့်က ကိုဂျစ်တူးနှင့် စကားများရန်ဖြစ်ခဲ့သည့်ကိစ္စကို မကျေနပ်၍ရန်ငြိုးထားကာ ဓားနှင့်ထိုးကြောင်း သတင်းကြားရသဖြင့် သွားရောက်ကြည့်ရှုခဲ့သည်။

ကန်ပြားကျေးရွာနေ ဦးသန်းအေး၏ နေအိမ်တောင်ဘက် ရွာလယ်လမ်းမဘေးတွင် အစ်ကိုဖြစ်သူ ကိုဂျစ်တူးမှာ ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရ၍ သိန်းဘိုကို အရေးယူပေးပါရန် ဦးဖိုးယောက်က တရားလိုပြုလုပ်တိုင်တန်းသဖြင့် စလင်းမြို့နယ် လင်းဇင်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မောင်ညီညာ(မြေလတ်)**

# လဲကျနေသည့် သစ်သားတိုင်အဖျားရှိ သွပ်နန်းကြိုးအားတိုက်မိပြီး ဓာတ်လိုက်သေဆုံး

**ဆိပ်ဖြူ ဩဂုတ် ၁၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ချောင်းမကြီးကျေးရွာ အရှေ့မြောက်ဘက်တွင် ဩဂုတ် ၁၇ ရက် နံနက် ၂ နာရီခွဲက လူတစ်ဦး သေဆုံးနေကြောင်း သတင်းအရ ဆိပ်ဖြူမြို့မရဲစခန်းက တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။

ဖြစ်စဉ်အားစစ်ဆေးရာ ဩဂုတ် ၁၆ ရက် ည ၁၁ နာရီခွဲခန့်က ဆိပ်ဖြူမြို့နယ် ဝါဇီလေးကျေးရွာနေ ဟန်ဇော်ထွန်း(၂၅ နှစ်)သည် ဆိပ်ဖြူမြို့မှနေအိမ်သို့ လမ်းလျှောက်ပြန်လာစဉ် ချောင်းမကြီးရွာ အရှေ့မြောက်ဘက် နှစ်ဖာလုံခန့်အကွာ ဆိပ်ဖြူ-ဝါဇီလေးရွာသွား မြေသားလမ်းအရှေ့ဘက် သဲပုံစေတီဘုရားအနီးတွင် လဲကျနေသော သစ်သားဓာတ်မီးတိုင်အဖျားရှိ သွပ်နန်းကြိုးကို ခြေထောက်နှင့်တိုက်မိပြီး ဓာတ်လိုက်သေဆုံးသွားကြောင်း စုံစမ်းသိရှိရသဖြင့် ဆိပ်ဖြူမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ညီညာ(မြေလတ်)**


**GOLDEN STAR** Travels & Tours

✡ တောင်ကြီး-မန္တလေး-ပြင်ဦးလွင် Aug-24

✡ ကျိုက်ထီးရိုး/ချောင်းသာ/ငွေဆောင်

ကားမျိုးစုံ စီစဉ်ပေးသည်။

Ph :544383, 209200, 430480, 703448, 705968

## အမည်ပြောင်း

မြန်အောင်မြို့နယ်၊ မျှင်ဝါးတောင် အလက(ခွဲ) တတိယတန်းမှ ဦးဝင်းမင်းစိုး ၈/ပခက(နိုင်)၀၀၁၇၁၀၏သား မောင်ခန့်ထွန်းသော်အား မောင်ခန့်ထွန်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ခန့်ထွန်း**

## အမည်ပြောင်း

ဦးနေမျိုးသူ ၁၂/မဂဒ(နိုင်)၀၉၆၉၂၈၏ သမီး ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ် အထက(၂)Grade 2(A)မှ မရတီနေမျိုး အား မရတီနေမျိုးရွှေစင်ဟု ပြောင်းလဲခေါ်ပါရန်။ **မရတီနေမျိုးရွှေစင်**

## အောင်ပြည့်စုံ

ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း ဆိပ်ကမ်းမြို့နယ်များ ဈေးကောင်းပေးဝယ်သည်။

09-5232770

09-5134770




## ရာထူးမြင့်ဝန်ထမ်းကြီးများ၊ ဝန်ထမ်းများအလိုရှိသည်

အောင်မြင်တိုးတက်နေသော ထောက်ပံ့သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ခန့်အပ်ရန် ရိုးသား၍ ကြိုးစားအလုပ်လုပ်ကိုင်လိုသောအရည်အချင်းမြင့် (ကျား/မ) ဝန်ထမ်းကောင်းများ အလိုရှိသည်။ ဝန်ထမ်းများအတွက် အတွေ့အကြုံသစ်များစွာနှင့် အနာဂတ်အလားအလာကောင်းများ လစာကောင်းနှင့် ဘဝအခြေအနေကောင်းများ ရရှိပါမည်။

ကိုယ်ရေးရာဇဝင်၊ မျှော်မှန်းလစာ၊ အရည်အချင်း(၎င်းစာရွက်စာတမ်းမိတ္တူများ) လျှောက်ထားရသည့် ရည်ရွယ်ချက်နှင့်ရည်မှန်းချက်၊ အပြည့်အစုံစသည်တို့ဖြင့် လာရောက်လျှောက်ထားနိုင်ပါသည်။

| | | | | |
|---|---|---|---|---|
| (၁) | အထွေထွေမန်နေဂျာ | (မန္တလေး) | ကျား/မ | ၁ ဦး |
| (၂) | မန်နေဂျာ | (မန္တလေး) | ကျား/မ | ၅ ဦး |

အင်္ဂလိပ်စာနှင့်ကွန်ပျူတာ ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ရမည်။ ခေါင်းဆောင်မှုအရည်အချင်းမြင့်မား၍ လုပ်ငန်းများတိုးတက်မြင့်မားအောင် စွမ်းဆောင်နိုင်စွမ်းရှိရမည်။ Distribution Centre လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

| | | | | |
|---|---|---|---|---|
| (၃) | Coordinator | (ရန်ကုန်) | ကျား/မ | ၃ ဦး |

အင်္ဂလိပ်စာနှင့်ကွန်ပျူတာ ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ရမည်။

| | | | | |
|---|---|---|---|---|
| (၄) | Warehouse Operation | (မန္တလေး) | ကျား | ၂၀ ဦး |
| (၅) | Warehouse Documentation | (မန္တလေး) | မ | ၁၀ ဦး |
| (၆) | Logistics Officer | (မန္တလေး/ရန်ကုန်) | ကျား/မ | ၅ ဦး |
| (၇) | Logistics Assistant | (မန္တလေး/ရန်ကုန်) | ကျား/မ | ၂၀ ဦး |

အမှတ်စဉ်(၃)မှ (၇)အထိအတွက် ဤလုပ်ငန်းနှင့်ပတ်သက်သော အတွေ့အကြုံ လုံးဝမရှိသူများ၊ တက္ကသိုလ်တက်ရောက်နေသည့် ထူးချွန်လူငယ်များလည်း လျှောက်ထားနိုင်ပါသည်။

**အမှတ် ၁၉၀-၁၉၂၊ ရွှေဂုံတိုင်လမ်း၊ ၀၁-၀၁ ဒဂုံတာဝါ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊**

**ဖုန်း - ၀၁-၅၄၂၇၈၈၊ ၅၄၃၁၉၈၊ ၅၄၄၁၃၈၊ ၅၄၄၃၄၀၊ ၅၄၄၃၄၁**

# ဆေးပညာသတင်းဆန်းများ (၁၀၈)


ဒေါက်တာကံညွန့်

**Facebook သုံးစွဲသူတွေအတွက်**

ယခုဖော်ပြလိုတဲ့ သတင်းကတော့ Facebook သုံးစွဲသူတွေအတွက်ပါ။ အသက်ငယ်ငယ်ကတည်းက Facebook သုံးစွဲသူတွေဟာ Depression ခေါ် စိတ်ကျရောဂါဖြစ်ခြင်း၊ Loneliness ခေါ် တစ်ကိုယ်ရေတကာယ စိတ်ခံစားရခြင်း၊ Sexual Dysfunction ခေါ် လိင်ဆက်ဆံရာတွင် အဆင်မပြေဖြစ်ခြင်းတို့ ဖြစ်ပေါ်နိုင်တယ်လို့ ဆိုပါတယ်။ ဒီလေ့လာချက်ကိုတော့ Poland နိုင်ငံ John Paul II Catholic University of Lublin က စိတ်ရောဂါဆရာဝန် Agata Blanchino နဲ့အဖွဲ့က ပြုလုပ်ခဲ့တာဖြစ်ပြီး ဥရောပနိုင်ငံစိတ်ရောဂါပညာရှင်များအဖွဲ့မှာ တင်ပြခဲ့တာဖြစ်ပါတယ်။ ဒီတွေ့ရှိချက်ကို အမေရိကန်နိုင်ငံ Washington University School of Medicine in St Louis က စိတ်ရောဂါဆရာဝန်ကြီးတွေကလည်း ထောက်ခံထားပါတယ်။ ပိုလန်နိုင်ငံက လေ့လာချက်မှာ အသက် ၁၅ နှစ်မှ ၂၈ နှစ်ဝန်းကျင်အရွယ် လူငယ်များပါဝင်ပြီး အများအားဖြင့် သုံးပုံနှစ်ပုံခန့်က မိန်းကလေးများဖြစ်တယ်လို့ ဆိုပါတယ်။ သူတို့ဟာ တစ်နေ့မှာ Facebook အချိန်ဘယ်လောက်အသုံးပြုသလဲ၊ ဘယ်လောက်ကြာပြီလဲနှင့် စိတ်ရောဂါနဲ့ပတ်သက်တဲ့ မေးခွန်းများကို ဖြေဆိုကြရတယ်လို့ဆိုပါတယ်။ **အများအားဖြင့် Facebook အသုံးများသူတွေကို Facebook Intrusion (Facebook ကျူးကျော်ခံရသူ) တွေလို့ အမည်ပေးထားပြီး Facebook ကဒီလူတွေကို နိစ္စဓူဝ အလုပ်အကိုင်တွေမလုပ်နိုင်အောင်နဲ့ လူတွေနဲ့ ထိတွေ့ဆက်ဆံမှုမရှိအောင် အဖျက်ခံနေရသူတွေဖြစ်တယ်လို့ ဆိုပါတယ်။ နောက်ပြီး Facebook အကြည့်များသူတွေဟာ ကိုယ့်အတွေးအခေါ်၊ ယုံကြည်ချက်လျော့နည်းသွားပြီး အသစ်အဆန်းရှာဖွေလိုစိတ်များလာတတ်တယ်လို့ ဆိုပါတယ်။** ဒါဟာ အင်တာနက်သုံးစွဲနေသူတွေနဲ့ မသက်ဆိုင်ဘူးဆိုတာ တင်ပြလိုက်ရပါတယ်။

**ဆီးလမ်းကြောင်းဆိုင်ရာ စမ်းသပ်မှုတိုးတက်လာ**

ခွဲစိတ်ကုသမှုတိုးတက်လာတဲ့အထဲမှာ ဆီးလမ်းကြောင်းဆိုင်ရာ ခွဲစိတ်မှု၊ စမ်းသပ်မှုတွေဟာလည်း ပိုပြီးတိုးတက်နေပါတယ်။ သိပ္ပံပညာရှင်တွေ တီထွင်ပေးလိုက်တဲ့ မှန်ပြောင်းကြည့်နည်းပညာဟာ ဆီးလမ်းကြောင်းစမ်းသပ်မှုမှာ အထူးတိုးတက်လာပါတယ်။ ကွေးညွတ်လို့ရတဲ့ (Flexible Uretero-renoscope) ဟာဆိုရင် လူနာရဲ့ ဆီးလမ်းကြောင်းတစ်လျှောက် မေ့ဆေးပေးစရာမလိုဘဲ ထုံဆေးနဲ့ပင် မနာမကျင်စမ်းသပ်နိုင်ပါပြီ။ Urethera ခေါ် ဆီးထွက်ရာလမ်း၊ Bladder ခေါ် ဆီးအိမ်၊ ၎င်းမှတစ်ဆင့် Ureter ခေါ် ဆီးလာရာလမ်း၊ Kidney ခေါ် ဆီးချက်ရာ ကျောက်ကပ်ထိ သက်သောင့်သက်သာ စမ်းသပ်ကြည့်ရှုပေးနိုင်ပြီဖြစ်ပါတယ်။ တချို့ဆီးလမ်းကြောင်းဆိုင်ရာ ဆေးခန်းတွေမှာဆိုရင် ဒီစမ်းသပ်မှုကို ခွဲခန်းကြီးထဲဝင်စရာမလိုဘဲ (Clinic) ထဲမှာပင် စမ်းသပ်ပေးနိုင်ပြီဖြစ်ပါတယ်။ ဒီလမ်းကြောင်းတစ်လျှောက်မှာရှိတဲ့ ရောဂါတချို့ဆိုရင် စမ်းသပ်ရင်းမှာပင် ကုသစရာရှိတာကို ကုသနိုင်ပါတယ်။ ကျောက်ကပ်အတွင်းပိုင်းနှင့် Prostate ခေါ် ဆီးကျိတ် ကုသမှုမျိုးကိုလည်း Key Hole ခေါ် သော့ပေါက်အရွယ်အပေါက်ကလေးကတစ်ဆင့် 3D Laproscopic System နှင့် Robotic Surgery ခေါ် စက်ရုပ်ခွဲစိတ်နည်းပညာအသုံးပြုပြီး တိတိကျကျ မှန်မှန်ကန်ကန် ဘေးပတ်ဝန်းကျင်က Tissue များကို မထိခိုက်စေဘဲ ကုသနိုင်ပြီ ဖြစ်ပါတယ်။ ကျောက်ကပ်၊ ကင်ဆာကျိတ်၊ ဆီးကျိတ်၊ ကင်ဆာကျိတ်တို့ကို ဘေးထွက်ဆိုးကျိုးအဖြစ် သွေးထွက်လွန်ခြင်း၊ ဆီးမထိန်းနိုင်ဖြစ်ခြင်း၊ ပန်းသေပန်းညှိုးတို့မရှိစေဘဲ ခွဲစိတ်နိုင်ပြီဖြစ်ပါတယ်။ ဒါဟာ ဆေးပညာနှင့် သိပ္ပံပညာပူးပေါင်းပြီး တိုးတက်ပေါ်ပေါက်လာတဲ့ စက်ရုပ်ပုံအနုစိတ်ခွဲစိတ်ကိရိယာ Robotic Surgery 3D Laproscopy ခေါ်တဲ့ သုံးဖက်မြင်မှန်ဘီလူးပါတဲ့ ကွေးညွတ်နိုင်တဲ့ မှန်ပြောင်းစတာတွေကို တီထွင်နိုင်ခဲ့တာကြောင့်ဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။



**Aerobic လေ့ကျင့်ခန်းနှင့် Yoga ကျင့်ခြင်းဟာ ပန်းနာရင်ကျပ်ရောဂါကို အထူးသက်သာစေ**

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ Aerobic လေ့ကျင့်ခန်းနဲ့ Yoga ကျင့်ခြင်းဟာ ပန်းနာရင်ကျပ်ခေါ်တဲ့ Asthma ရောဂါကို အထူးသက်သာစေတယ်ဆိုတဲ့ လေ့လာထားချက်ပါ။ ဒီလေ့လာထားချက်ကိုတော့ Brazil နိုင်ငံ Sao Paulo တက္ကသိုလ် School of Medicine ဌာနက ဆေးပညာရှင်တွေပြုလုပ်ခဲ့တာဖြစ်ပါတယ်။ အသက် ၂၀ မှ ၅၉ နှစ်အရွယ် ပန်းနာရင်ကျပ်ရောဂါရှင် ၄၃ ဦးကို ခြောက်လကြာလေ့လာခဲ့ကြတာဖြစ်ပါတယ်။ သူတို့ကို ဒီလိုမလေ့လာခင်မှာ Aerobic လေ့ကျင့်ခန်းနဲ့ Yoga ကျင့်စဉ်တွေကို ဘယ်လိုပြုရမယ်ဆိုတာ တစ်ပတ်မှာနှစ်ကြိမ် ၁၂ ပတ်ကြာ သင်ကြားပေးခဲ့တာဖြစ်ပါတယ်။ ဒီလူနာတွေဟာ မူလပန်းနာရင်ကျပ်ရောဂါရှင်တွေသာဖြစ်ပြီး တခြားအဆုတ်ရောဂါ၊ နှလုံးရောဂါရှိသူတွေနဲ့ယခင်က လေ့ကျင့်ခန်းမှန်မှန်လုပ်နေသူတွေ၊ ဆေးလိပ်အလွန်အကျွံသောက်ခဲ့သူတွေ မပါဘူးလို့ ဆိုပါတယ်။ သူတို့တွေ့ရှိချက်အရ ဒီလေ့ကျင့်ခန်းလုပ်သူတွေဟာ လုပ်နေစဉ်ကာလမှာ ပန်းနာရင်ကျပ်မှုအထူးသက်သာပြီး ဆေးဝါးသုံးရမှု မရှိသလောက်နည်းပါးသွားခဲ့တယ်လို့ဆိုပါတယ်။ ဒါဟာဘာကြောင့်လဲဆိုရင် လေ့ကျင့်ခန်းပြုလုပ်တဲ့အခါ ကိုယ်ခန္ဓာထဲမှာဖြစ်လာတဲ့ Cytokines ဆိုတဲ့ Protein တစ်မျိုးကြောင့်ဖြစ်ပြီး ဒီ Protein ဟာ အဆုတ်ထဲကလေပြွန်တွေရဲ့ ရောင်ရမ်းမှုကို သက်သာစေတာကြောင့်လို့ဆိုပါတယ်။ ဒီပန်းနာရင်ကျပ်ရောဂါဟာ ကမ္ဘာမှာလူပေါင်း ၂၃၅ သန်းကျော်ခံစားနေရတဲ့ ရောဂါဆိုတာ တင်ပြလိုက်ရပါတယ်။

**အစိုးရစစ်တပ်နှင့် စစ်သွေးကြွတွေရဲ့တိုက်ပွဲမှာ အရပ်သားများ အသက်ဆုံးရှုံးရမယ့် အကြောင်းနှစ်မျိုးနဲ့ ရင်ဆိုင်နေရ**

အာဖဂန်နိုင်ငံက အစိုးရစစ်တပ်နှင့် စစ်သွေးကြွတွေရဲ့ တိုက်ပွဲမှာအရပ်သားတွေဟာ အသက်ဆုံးရှုံးရမယ့် အကြောင်းနှစ်မျိုးနဲ့ ရင်ဆိုင်နေရတယ်လို့ ဆိုပါတယ်။ တစ်မျိုးကတော့ တိုက်ပွဲကရရှိတဲ့ သေနတ်ကျည်ဆန်၊ မြေမြှုပ်မိုင်းတွေကရရှိတဲ့ ဒဏ်ရာဖြစ်ပြီး နောက်တစ်မျိုးကတော့ ဒီဒဏ်ရာတွေပေါ်မှာ ကပ်ငြိနေတဲ့ ဆေးမတိုးတော့တဲ့ ဗက်တီးရီးယားပိုးမွှားတွေရဲ့ အန္တရာယ်ကြောင့် ဖြစ်တယ်လို့ဆိုပါတယ်။ ဒါကိုတွေ့ရှိ ဖော်ထုတ်ခဲ့သူတွေကတော့ အာဖဂန်နိုင်ငံမှာ စေတနာ့ဝန်ထမ်း ဆေးကုသပေးနေတဲ့ MSF ခေါ်တဲ့ Medicine Sans Frontiers အဖွဲ့ကြီးက ဖြစ်ပါတယ်။ သူတို့အဖွဲ့ဟာ တိုက်ပွဲတွေဖြစ်နေတဲ့ ရှေ့တန်းနေရာနဲ့ နီးတဲ့နေရာတွေက ဆေးရုံတွေမှာ ဝင်ရောက်ကုသပေးနေကြတာဖြစ်ပါတယ်။ သူတို့အဆိုအရ အာဖဂန်မြောက်ပိုင်းက မြို့တစ်မြို့ဖြစ်တဲ့ Kunduz ခေါ်တဲ့ မြို့ကဆေးရုံ တစ်ခုတည်းမှာကို ဆေးမတိုးတဲ့ လူနာပေါင်း ၁၀၀ ကျော်တွေ့ရတယ်လို့ဆိုပါတယ်။ ဒါဟာ လူနာအားလုံးရဲ့ ၃၀ ရာခိုင်နှုန်းဖြစ်တယ်လို့ဆိုပါတယ်။ တောင်ပိုင်းက မြို့တစ်မြို့ဖြစ်တဲ့ Helmand မြို့မှာလည်း ဒီလိုအဖြစ်မျိုးကြုံနေရတယ်လို့ MSF အဖွဲ့ကပြောထားပါတယ်။ **အာဖဂန်နိုင်ငံမှာ အသုံးပြုနေတဲ့ဆေးတွေရဲ့ ၆၀ ရာခိုင်နှုန်းဟာ တရားမဝင်လမ်းကြောင်းက တင်သွင်းနေတာ ဖြစ်ပါတယ်။ MSF အဖွဲ့ဆရာဝန်တွေရဲ့ တင်ပြချက်အရ ပိုးသေဆေးတွေရဲ့ အာနိသင်မပြည့်ဝမှု၊ လူနာတွေက မလိုအပ်ဘဲပိုးသေဆေးတွေကို သုံးစွဲနေမှု၊ ပိုးသေဆေးကို Course ပြည့်အောင် မသုံးစွဲမှုနှင့် လူနာတွေရဲ့ ဒဏ်ရာပြင်းထန်မှု၊ နောက်ကျပြီးမှ ကုသခွင့်ရမှုတွေကြောင့် ဖြစ်နိုင်ကြောင်း တင်ပြထားပါတယ်။** စစ်ပွဲတွေကြာရှည်ပြီး မပြီးနိုင်ဖြစ်နေတဲ့ အာဖဂန်နိုင်ငံက ပြည်သူတွေခံစားနေရတဲ့ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ဒုက္ခကို တင်ပြလိုက်ရပါတယ်။

**ငှက်ဖျားရောဂါတိုက်ဖျက်ရေးနဲ့ပတ်သက်ပြီး သတင်းကောင်း**

ငှက်ဖျားရောဂါတိုက်ဖျက်ရေးနဲ့ ပတ်သက်ပြီး သတင်းကောင်းတစ်ခုတင်ပြချင်ပါတယ်။ ငှက်ဖျားရောဂါကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဦးဆောင်တိုက်ဖျက်နေတာ ၁၉၅၀ ပြည့်နှစ်ကတည်းကပါ။ ဒီလိုတိုက်ဖျက်ခဲ့ရာမှာ ရောဂါဖြစ်နှုန်း ၃၇ ရာခိုင်နှုန်းကျဆင်းအောင် ပြုလုပ်ခဲ့ပြီး သေဆုံးနှုန်းကို ၆၉ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ပါတယ်။ အခုတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO Global Technical Strategy for Malaria အစီအစဉ်အရ ၂၀၃၀ ပြည့်နှစ်မှာ ငှက်ဖျားရောဂါအဖြစ်များတဲ့နိုင်ငံ ၃၅ နိုင်ငံရဲ့ ရောဂါဖြစ်ပွားနှုန်းနဲ့ သေဆုံးနှုန်းကို ၉၀ ရာခိုင်နှုန်းအထိ လျှော့ချဖို့ ရည်ရွယ်လုပ်ဆောင်မှာဖြစ်ပါတယ်။ ဒီ့ထက်ဝမ်းသာစရာ သတင်းကလည်း ကျွန်တော်တို့ရဲ့ အိမ်နီးချင်းတရုတ်နိုင်ငံက Roll Back Malaria (RBM)လို့ အမည်ပေးထားတဲ့ ငှက်ဖျားရောဂါတိုက်ဖျက်ရေးအစီအစဉ်တစ်ခု ချမှတ်ဆောင်ရွက်ဖို့ ကြေညာလိုက်ပါတယ်။ ဒီအစီအစဉ်အရ ၂၀၂၀ ပြည့်နှစ်မှာ ငှက်ဖျားရောဂါဖြစ်မှု လုံးဝမရှိအောင်တိုက်ဖျက်ဖို့ ဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်ရာမှာ မဲခေါင်ဒေသနိုင်ငံတွေနဲ့ပါ ပူးတွဲဆောင်ရွက်သွားမယ်လို့ဆိုပါတယ်။ **ငှက်ဖျားရောဂါကုသရာမှာ အထိရောက်ဆုံး ဆေးတစ်ခုဖြစ်တဲ့ Artemisinin ဆေးဟာ တရုတ်ရိုးရာ တိုင်းရင်းဆေးတစ်ခုဖြစ်ပါတယ်။ ငှက်ဖျားရောဂါတိုက်ဖျက်ရာမှာ ကုသမယ့်ဆေးအပြင် ကာကွယ်နိုင်မယ့်နည်းတွေဖြစ်တဲ့ ခြင်သတ်ဆေးဖျန်းခြင်း၊ ဆေးဖျန်းခြင်ထောင်အသုံးပြုခြင်း၊ ခြင်ကောင်မပေါက်ပွားအောင် လုပ်ဆောင်ခြင်းစတဲ့ အစီအစဉ်တွေပါရှိတာကြောင့် လာမယ့် ၁၅ နှစ်အတွင်းမှာ ဒီရောဂါကင်းစင်အောင်ဆောင်ရွက်ဖို့ USD ဘီလီယံ ၁၀၀ ခန့်ကုန်ကျမယ်လို့ ခန့်မှန်းထားပါတယ်။** ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ အဆိုအရ လွန်ခဲ့တဲ့တစ်နှစ်ထဲမှာ ငှက်ဖျားရောဂါခံစားရသူ ၂၁၄ သန်း ကျော်ရှိခဲ့ပြီး ဒီအထဲက လူပေါင်း ၄၇၂၀၀၀ ကျော်သေဆုံးခဲ့တယ်လို့ဆိုပါတယ်။ ယခုပြုလုပ်နေတဲ့ ငှက်ဖျားရောဂါပပျောက်ရေးအစီအစဉ်သာ အောင်မြင်ခဲ့ရင် လူပေါင်းသုံးကုဋေငှက်ဖျားရောဂါကင်းဝေးပြီး လူ ၁၀ သန်းရဲ့အသက်ကို ကယ်တင်နိုင်မယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ထောက်ပြထားချက်ကို တင်ပြလိုက်ရပါတယ်။

**ငှက်ဖျားကာကွယ်ဆေးကို ထုတ်လုပ်နိုင်ပြီ**

ငှက်ဖျားရောဂါနဲ့ပတ်သက်ပြီး နောက်ဝမ်းသာစရာသတင်းတစ်ပုဒ်ကလည်း ငှက်ဖျားရောဂါတိုက်ဖျက်ရေးမှာ အသုံးပြုနိုင်မယ့် ငှက်ဖျားကာကွယ်ဆေးကို ထုတ်လုပ်နိုင်ခဲ့ပြီဆိုတဲ့သတင်းပါ။ ဆေးပညာရှင်တွေဟာ ဒီကာကွယ်ဆေး ထုတ်လုပ်နိုင်ဖို့ ၁၉၈၇ ခုနှစ်ကပဲ နှစ် ၃၀ ကျော်ကြာ ကြိုးစားအားထုတ်ခဲ့ရာက ယခုတော့ အောင်မြင်ခဲ့ပြီဖြစ်ပါတယ်။ ဒီကာကွယ်ဆေးကို RTSS သို့မဟုတ် Mosquirix လို့ခေါ်ပြီး ဒီဆေးထုတ်လုပ်တဲ့ကုမ္ပဏီကတော့ ဗြိတိန်နိုင်ငံက နာမည်ကျော် Glaxo-Smithkline ကုမ္ပဏီက ဖြစ်ပါတယ်။ ဒီကုမ္ပဏီဟာ PATH Malaria Initiative အဖွဲ့နဲ့ ပူးပေါင်းပြီး ဒီဆေးထုတ်လုပ်ဖို့ ကြိုးစားခဲ့ကြတာဖြစ်ပါတယ်။ ယခု ဒီဆေးကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်နိုင်ဖို့ကိုတော့ ကမ္ဘာတစ်လွှား နိုင်ငံများစွာရဲ့ ပရဟိတလုပ်ငန်းတွေမှာ လှူဒါန်းနေတဲ့ ဘီလျံနာသူဌေးကြီးတစ်ဦးဖြစ်တဲ့ Bill and Melinda Gate Foundation က ဖြစ်ပါတယ်။ ဒီကာကွယ်ဆေးကို စတွေ့တဲ့ ၂၀၁၁ နဲ့ ၂၀၁၂ နှစ်တွေမှာ ပဏာမစမ်းသပ်မှုတွေ ဆောင်ရွက်ခဲ့ရာမှာ ၄၆ ရာခိုင်နှုန်းက ကာကွယ်မှုရခဲ့တယ်လို့ ဆိုပါတယ်။ ယခုအခါ ဒီဆေးကို ပိုပြီး သန့်စင်အောင် ပြုလုပ်ထားပြီး အာဖရိကမှ ကလေးအသက်ခြောက်ပတ်ကနေ တစ်နှစ်ခွဲအထိ အရွယ်တွေကို ထိုးပေးသွားမယ်လို့ ဆိုပါတယ်။ ဒီဆေးအသုံးပြုဖို့ EMA ခေါ်တဲ့ European Medicine Agency အဖွဲ့ကြီးကလည်း ခွင့်ပြုလိုက်ပြီလို့ ဆိုပါတယ်။ ငှက်ဖျားရောဂါဟာ ၂၀၁၃ ခုနှစ်က လူပေါင်း ၅၈၄၀၀၀၊ ၂၀၁၄ ခုနှစ်က လူပေါင်း ၄၇၂၀၀၀ ကို သေစေခဲ့တာဖြစ်ပြီး ဒီအထဲက ၈၀ ရာခိုင်နှုန်းဟာ ကလေးတွေဖြစ်တယ်။ အများအားဖြင့် အာဖရိကတိုက်က ဖြစ်တယ်လို့ ဆိုပါ တယ်။ ဒီဆေးပေါ်လာတာ ကမ္ဘာကြီးရဲ့ ရောဂါကြီးတစ်ခု တိုက်ဖျက်ရာမှာ အလွန်အရေးပါတဲ့အတွက် တင်ပြလိုက်ရပါတယ်။ ။

**ငှက်ဖျားရောဂါ ပပျောက်ရေး အစီအစဉ်သာ အောင်မြင်ခဲ့ရင် လူပေါင်းသုံးကုဋေ ငှက်ဖျားရောဂါကင်းဝေးပြီး လူ ၁၀ သန်းရဲ့ အသက်ကို ကယ်တင်နိုင်မယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ထောက်ပြထားချက်ကို တင်ပြလိုက်ရပါတယ်…**

# “ရပ်ကွက်/ကျေးရွာမှာရှိတဲ့ လူဦးရေနဲ့ မဲဆန္ဒရှင်စာရင်းနဲ့လည်း မကိုက်ညီနိုင်ဘူး”

လာမည့် နိုဝင်ဘာလ ၈ ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲကို ကျင်းပတော့မည် ဖြစ်သည်။ ထို့ကြောင့် အမြို့မြို့အနယ်နယ်တွင် ပထမအကြိမ် အခြေခံမဲဆန္ဒရှင်စာရင်းများကို ထုတ်ပြန်ကြေညာပြီးသည့်နောက်ပိုင်း မှားယွင်း၊ ကျန်ရှိ၊ ကန့်ကွက်လျှောက်လွှာများ ပြန်လည်ပြင်ဆင် အတည်ပြုပြီးသည့် မဲဆန္ဒရှင်စာရင်းကို ဩဂုတ် ၂၂ ရက်တွင် ထုတ် ပြန်ကြေညာရန် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများနှင့် ရပ်ကွက်ကျေးရွာကော်မရှင်အဖွဲ့ခွဲများ အဆင့်ဆင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်အတွင်း လက်ရှိမဲဆန္ဒရှင်စာရင်းများ ပြုစုဆောင်ရွက်မှုအခြေအနေကို မိတ္ထီလာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် တွေ့ဆုံ၍ မေးမြန်းခဲ့ပါသည်။

**မေး။ ။ မိတ္ထီလာမြို့နယ် ရွေးကောက်ပွဲမရှင်အဖွဲ့ခွဲက ဆောင်ရွက်နေတဲ့လက်ရှိ မဲဆန္ဒရှင်စာရင်းပြုစုမှုအခြေအနေကို သိပါရစေ။**

ဖြေ။ ။ လက်ရှိတော့ တပ်ရင်းတပ်ဖွဲ့ မဲဆန္ဒရှင်စာရင်းတွေ ပြုစုနေပါတယ်။ မိတ္ထီလာမြို့နယ်မှာက တပ်ရင်းတပ်ဖွဲ့ ၂၀ ခန့်ရှိပြီးတော့ ခုမှရောက်ရှိလာတာဖြစ်တဲ့အတွက် နေ့ည မနေမနား မဲစာရင်းပြုစုဆောင်ရွက်နေပါတယ်။ ကွန်ပျူတာ ရှစ်လုံးနဲ့ ပညာရေးဝန်ထမ်း ၁၅ ဦးလောက်နဲ့ သေသေချာချာ မဲစာရင်းပြုစုဆောင်ရွက်နေပါတယ်။

**မေး။ ။ ပထမအကြိမ် အခြေခံမဲဆန္ဒရှင်စာရင်း ကြေညာပြီးနောက်ပိုင်းလက်ရှိ အခြေအနေရ မဲဆန္ဒရှင်ဦးရေ ဘယ်လောက် ခန့်ရှိပါသလဲ။**

ဖြေ။ ။ အခုပြုစုဆောင်ရွက်နေတဲ့ မဲဆန္ဒရှင်စာရင်းအရ တပ်ရင်းတပ်ဖွဲ့နဲ့ ကျန်ရှိလို့ ဖြည့်စွက်ပြုစုရတာတွေ ပေါင်းရင် နောက်ထပ်မဲဆန္ဒရှင် နှစ်သောင်းကျော်လောက် တိုးလာနိုင်တယ်။ ဒါကြောင့် ခန့်မှန်းမဲဆန္ဒရှင် ဦးရေ ၂၄၀၀၀၀ ကနေ ၂၆၀၀၀၀ ခန့် ရှိလာနိုင်ပါတယ်။

**မေး။ ။ အခြေခံမဲဆန္ဒရှင်စာရင်းတွေပြုစုတုန်းက ကွယ်လွန်ပြီးသူတွေရဲ့ အမည်တွေ၊ ဘုန်းကြီးဝတ်နေတဲ့သူတွေရဲ့အမည်တွေ ပါဝင်နေတာ ဘာကြောင့်လို့ ထင်ပါသလဲ။**

ဖြေ။ ။ ကွယ်လွန်သူတွေ အမည်ပါနေတာ မဲစာရင်းပြုစုပြီး မဲစာရင်းကြေညာတဲ့ အချိန်ကျမှ ကွယ်လွန်သွားတာတွေရှိတာကြောင့် ဖြစ်ပါတယ်။ မဲစာရင်းမပါတာထက် စာရင် ပါတာကပိုကောင်းပါတယ်။ တကယ်တမ်း မဲပေးခါနီးမှ ဘုန်းကြီးဝတ်နဲ့ပဲဆိုရင် မဲစာရင်းက ထုတ်ပယ်မှာပါ။ လောလောဆယ်တော့ နိုင်ငံသား အခွင့်အရေးမဆုံးရှုံးရအောင် ထည့်ထားတာပါ။

**မေး။ ။ အခြေခံမဲဆန္ဒရှင်စာရင်းကြေညာတုန်းက မဲစာရင်းတွေမှာ ကွဲလွဲတာတွေ ရှိတယ်လို့ ပြောကြတယ်။ အဲဒါနဲ့ ပတ်သတ်ပြီး ဘာများ ပြောချင်ပါသလဲ။**

ဖြေ။ ။ တကယ်တမ်း မဲဆန္ဒရှင်စာရင်းက မကွဲလွဲပါဘူး။ မဲစာရင်းပြုစုပုံ ပြုစုနည်းကိုမသိလို့ ကွဲလွဲတယ် ထင်နေကြတာပါ။ ၂၀၁၀၊ ၂၀၁၂ တုန်းကလို ရပ်ကွက်/ကျေးရွာမှာ တင်နေထိုင်သူတွေကို မဲစာရင်းပြုစု တာမဟုတ်ဘဲ အိမ်ထောင်စုစာရင်းအပေါ်မှာပဲ အခြေခံပြီးတော့ မဲစာရင်းပြုစုတာမို့ပါ။ ဥပမာ အိမ်ထောင်စုစာရင်းမှာ ၁၀ ဦးရှိပြီး လက်ရှိ ရပ်ကွက်/ကျေးရွာမှာ နေထိုင်တာ ငါးဦးပဲ ရှိတယ်ဆိုရင် အိမ်ထောင်စုစာရင်း ၁၀ ဦးကိုပဲ ထည့်သွင်းပြုစုတာပါ။ အိမ်ထောင်စုစာရင်းမှာ ငါးဦးရှိပြီး လက်ရှိ ရပ်ကွက်ကျေးရွာမှာ နေထိုင်တာ ၁၀ ဦးရှိရင်လည်း အိမ်ထောင်စုစာရင်းက ငါးဦးကိုပဲ မဲစာရင်းမှာထည့်သွင်းတာပါ။ ကျန်တဲ့သူတွေက သူတို့လာခဲ့တဲ့ မဲဆန္ဒနယ်မှာပဲ မဲသွားပေးရမှာ ဖြစ်ပါတယ်။ ဒါမှမဟုတ် ကြိုတင်မဲပေးလို့ရပါတယ်။ ဒါကြောင့်မို့ ရပ်ကွက်/ကျေးရွာမှာ အမှန်တကယ် နေထိုင်သူတွေနဲ့ အိမ်ထောင်စုစာရင်းမှာရှိတဲ့ လူဦးရေ မတူညီနိုင်ပါဘူး။ ရပ်ကွက်ကျေးရွာမှာရှိတဲ့ လူဦးရေနဲ့ မဲဆန္ဒရှင်စာရင်းနဲ့လည်း မကိုက်ညီနိုင်ဘူး။ ဒါပေမယ့် တစ်နိုင်ငံလုံးမှာရှိတဲ့ မဲပေးနိုင်တဲ့လူဦးရေနဲ့ တစ်နိုင်ငံလုံးမဲဆန္ဒရှင် စာရင်းကို ဖြန့်ကျက်တိုက်စစ်ကြည့်ရင်တော့ ကိုက်ညီတာကို တွေ့ရမှာဖြစ်ပါတယ်။

**မေး။ ။ အခြေခံမဲဆန္ဒရှင်စာရင်းပြုစုပြီးနောက်ပိုင်း ပြင်ဆင်တဲ့ဦးရေ၊ ကန့်ကွက်တဲ့ဦးရေစသဖြင့် ဘယ်လောက်ခန့်ရှိပါသလဲ။**

ဖြေ။ ။ အခြေခံမဲဆန္ဒရှင်စာရင်း ထုတ်ပြန်ကြေညာပြီးအချိန်အတွင်းမှာတော့ ပုံစံ (၃) မဲစာရင်းကျန်ရှိ လျှောက်ထားတာ ၂၃၆၀ (၉ ဒသမ ၉၆ ရာခိုင်နှုန်း)၊ ပုံစံ(၄) ကန့်ကွက်လျှောက်ထားတာ ၃၇၄ ဦး (၀ ဒသမ ၁၅ ရာခိုင်နှုန်း)၊ ပုံစံ(၄)(ဂ) အချက်အလက်မှားလို့ ပြင်ဆင်တာ ၁၃၃၂ ဦး(၀ ဒသမ ၅၄ ရာခိုင်နှုန်း) ရှိခဲ့ပါတယ်။

**မေး။ ။ မိတ္ထီလာမြို့နယ်မှာ မဲရုံပေါင်းဘယ်လောက်ရှိပြီးမဲရုံဝန်ထမ်းရော ဘယ်နှစ်ဦး ခန့်မှာပါလဲ။**

ဖြေ။ ။ တစ်မြို့နယ်လုံး မဲရုံပေါင်း ၂၉၃ ရုံရှိပြီးတော့ မဲရုံမှူး၊ ဒုမဲရုံမှူး၊ မင်တို့ဝန်ထမ်း၊ မဲစာရင်းစစ်ဆေးသူ၊ မဲစာရင်းလက်မှတ်ထုတ်ပေးသူ၊ မဲရုံလုံခြုံရေးစတဲ့ မဲရုံဝန်ထမ်းစုစုပေါင်း ၄၅၀၀ ခန့်ရှိပါတယ်။

**မေး။ ။ ရွေးကောက်ပွဲ ကျင်းပပြုလုပ်မယ့် နိုဝင်ဘာလ ၈ ရက်နေ့မှ အသက် ၁၈ နှစ်ပြည့်မယ့်သူတွေအတွက်ရော မဲပေးဖို့ ထည့်သွင်းဆောင်ရွက်ထားပါသလား။**

ဖြေ။ ။ ရွေးကောက်ပွဲ ကျင်းပမယ့်နေ့ ရောက်မှ အသက် ၁၈ နှစ်ပြည့်မယ့်သူတွေ စာရင်းပါ မဲစာရင်းမှာ ထည့်သွင်းပြုစုတာမို့ သူတို့လည်း မဲပေးခွင့် မဆုံးရှုံးနိုင်ပါဘူး။

**မေး။ ။ ရွေးကောက်ပွဲမှာသတင်းယူမယ့် မီဒီယာတွေနဲ့ စောင့်ကြည့်လေ့လာသူတွေအတွက် ဘယ်လို ဆောင်ရွက်ထားပါသလဲ။**



**တွေ့ဆုံမေးမြန်း**
**ချမ်းသာ(မိတ္ထီလာ)**

ဖြေ။ ။ သတင်းယူမယ့် မီဒီယာသမားတွေအတွက် ကျင့်ဝတ်စည်းကမ်းတွေ ထုတ်ပြန်ကြေညာထားတာရှိသလို ပြည်တွင်းပြည်ပစောင့်ကြည့်လေ့လာသူ တွေအတွက်လည်း ကျင့်ဝတ်စည်းကမ်းတွေ ထုတ်ပြန်ထားတာရှိပါတယ်။

**မေး။ ။ မဲဆန္ဒရှင်တွေကို ပညာပေးလုပ်ငန်းတွေအနေနဲ့ ဘာတွေ ဆောင်ရွက်ထားပါသလဲ။**

ဖြေ။ ။ ပညာပေးလုပ်ငန်းအနေနဲ့ မဲစာရင်းတွေကြည့်ဖို့လည်း ဗီနိုင်းပိုစတာနဲ့ ရပ်ကွက်ကျေးရွာအနှံ့ ကြော်ငြာပေးထားသလို ကျေးရွာတွေမှာလည်း အပတ်စဉ် အသံချဲ့စက်တွေနဲ့ နှိုးဆော်ပါတယ်။ ပြီးတော့ မဲစာရင်းပြင်ဆင်တာမျိုးတွေလည်း လာရောက်ဆောင်ရွက်နိုင်ကြောင်းကို ရပ်/ကျေးကော်မရှင်တွေက တစ်ဆင့် အသိပညာပေးတာမျိုးတွေ ဆောင်ရွက်ပါတယ်။

**မေး။ ။ မဲရုံ ဝန်ထမ်းတွေကိုလည်း အသိပညာပေးသင်တန်းတွေ ပြုလုပ်ပေးသွားဖို့ ရှိပါသလား။**

ဖြေ။ ။ မဲရုံဝန်ထမ်းတွေကို လာမယ့် စက်တင်ဘာ ၉ ရက်ကနေ စက်တင်ဘာ ၁၀ ရက်အထိ အသိပညာပေးသင်တန်း ဖွင့်လှစ်ပို့ချသွားမှာဖြစ်ပါတယ်။

## လူကုန်ကူးမှုအန္တရာယ်အသိပေး ဟောပြော

**အင်တော ဩဂုတ် ၁၈**

လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်တိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲကို ရှမ်းပြည်နယ် တောင်ကြီးခရိုင်အင်တောမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ဟောပြောပွဲတွင် အထက(အင်တော) ကျောင်းအုပ်ကြီး ဦးစိုင်းကျော်တင့်က အမှာစကားပြောကြားပြီး သက်ဆိုင်ရာ တာဝန်ရှိသူတို့က လူကုန်ကူးမှုခံရခြင်းနှင့်ပတ်သက်ပြီး ရှောင်ကြဉ်နိုင်ရန် သိကောင်းစရာများ၊ လူကုန်ကူးခြင်းဆိုင်ရာ ပြစ်ဒဏ်များ၊ လူကုန်ကူးခံရသူများ ကြုံတွေ့ရသည့် အခြေအနေများကို အသိပညာပေးဟောပြောပေးခဲ့သည်။

ဟောပြောပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



## ကသာ-အင်းတော်လမ်းဘေး ဓာတ်တိုင်ပြိုလဲလု

**ကသာ ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်နှင့် အင်းတော်မြို့နယ် ကားလမ်းဘေးရှိ ဓာတ်အားတိုင်ကြီးမှာ ဇူလိုင် ၁၇ ရက်က သည်းထန်စွာ ရွာသွန်းခဲ့သောမိုးကြောင့် ချောင်းရေလျှံပြီး ဓာတ်တိုင်မှာ လဲပြိုလုအခြေအနေသို့ရောက်နေကြောင်း သိရသည်။

ကသာ-အင်းတော်ကားလမ်းမိုင်တိုင် အမှတ် (၈/၁) နှင့် (၈/၂) ကြားရှိ လျှပ်စစ်ဓာတ်အားတိုင်မှာ ချောင်းရေစီးကြောင့် ချောင်းအလယ်သို့ ရောက်ရှိနေပြီး အောက်ခြေအနက်မှာ တစ်ပေပင်မရှိတော့ကြောင်း သိရသည်။

သို့သော် ပြင်ဆင်မှုမရှိဘဲ ဆက်လက်ထားရှိနေပြီး ကြိုးလေးတစ်ချောင်းဖြင့်သာ ထိန်းထားသည်ကို တွေ့ရှိနေရသည်။ ကသာခရိုင်အတွင်း၌လည်း မကြာခဏ မိုးသည်းထန်စွာရွာနေသဖြင့် ချောင်းရေကျပြီး ဓာတ်တိုင်လဲပြိုမည်ကို စိုးရိမ်နေကြကြောင်း ဒေသခံတစ်ဦးထံမှ သိရသည်။ **အေးလွင်(ကသာ)**

## မြို့နယ်ပညာရေးမှူးဖလား အသက်(၁၂)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကျင်းပ

**ရပ်စောက် ဩဂုတ် ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)ရပ်စောက်မြို့ အခြေခံပညာအထက်တန်းကျောင်း ဘောလုံးအားကစားကွင်း၌ မြို့နယ်ပညာရေးမှူးဖလား အသက်(၁၂) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၆ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်သင်းသင်းနွဲ့က ယခုယှဉ်ပြိုင်စေသည့် ဘောလုံးအားကစားပြိုင်ပွဲမှာ မြို့နယ်အတွင်း ပညာရေးနယ်မြေအသီးသီးမှ လာရောက်ယှဉ်ပြိုင်ကစားကြသည့် အသက်(၁၂)နှစ်အောက်ကလေးများအား ကိုယ်ကာယ ကြံ့ခိုင်သန်စွမ်းပြီး ဗလငါးတန်နှင့် ပြည့်စုံကာ အနာဂတ်အတွက် ဘောလုံးအားကစားကို ယှဉ်ပြိုင်စေခြင်းဖြင့် ကိုယ်ကာယ ကျန်းမာသန်စွမ်းလာမည့်အပြင် အများနှင့် ပူးပေါင်းလုပ်ကိုင်လိုသော စိတ်ဓာတ်များ ရှင်သန်စေလိုခြင်း၊ ရည်ရွယ်ပြီး ကျင်းပပေးရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါဘောလုံးပြိုင်ပွဲသို့ မြို့နယ် အတွင်းရှိ ပညာရေးနယ်မြေ (၁၀) ခုမှ အားကစားအသင်း (၁၀) သင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## တာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရသူများအား သွားရောက်အားပေး

**ဂန့်ဂေါ ဩဂုတ် ၁၈**

ဂန့်ဂေါမြို့နယ် သမဝါယမအသင်းစုမှ အမှုဆောင်ဒါရိုက်တာအဖွဲ့အတွင်းရေးမှူးနှင့် ညောင်လယ်ရွာစွမ်းအားရှင် သမဝါယမအသင်းလီမိတက် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌတို့သည် သမဝါယမချေးငွေကိစ္စနှင့် စပ်လျဉ်း၍ ခရီးထွက်ခွာတာဝန်ထမ်းဆောင်စဉ် ဆိုင်ကယ်မတော်တဆမှုကြောင့် ဂန့်ဂေါမြို့ ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသကြရသည်။

အဆိုပါ ဆေးရုံတက်ရောက်ကုသရသူနှစ်ဦးကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးကိုတင့်နှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးမျိုးညွှန့်တို့သည် ဩဂုတ် ၁၅ ရက်က သွားရောက်အားပေးစကားပြောကြားကြပြီး တစ်ဦးလျှင် ငွေကျပ်ငါးသောင်းနှင့် စားသောက်ဖွယ်ရာ ပစ္စည်းများကို ပေးအပ်ထောက်ပံ့ခဲ့ကြကြောင်း သိရသည်။ **(၁၀၁)**

# ဖျာပုံခရိုင် ဖျာပုံမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးဖွင့်

**ဖျာပုံ ဩဂုတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့တွင် ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shop) ဖျာပုံမြို့နယ်ရုံး ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၇ ရက် မွန်းလွဲ ၂ နာရီက ဖျာပုံခရိုင်နှင့် မြို့နယ်အစည်းအဝေးခန်းမဆောင်များ၌ နှစ်နှစ်နေရာခွဲ ကျင်းပသည်။

အခမ်းအနားတွင် ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ဖျာပုံမြို့နယ်အုပ်ချုပ်ရေးမှူးက ပွဲမိန့်၊ မြို့မြေပေးအမိန့်၊ မြေငှားဂရန်၊ အခွန်လေးမျိုး၊ ယစ်မျိုးလိုင်စင်ကိစ္စများ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြေငှားဂရန်လျှောက်ထားခြင်းဆိုင်ရာကိစ္စများ၊ ပုံစံ(၁၀၅) မှ (၁၀၆) ရေးကူးခြင်းဆိုင်ရာကိစ္စများ၊ စာချုပ်စာတမ်းကိစ္စများ၊ ကျန်းမာရေးဦးစီးဌာန ဒေါက်တာမေသူဇော် (ဆေးရုံအုပ်)က ဖွား/သေစာရင်း မှတ်ပုံတင်ခြင်း၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်ခြင်းနှင့် တိုင်းရင်းဆေးဆိုင်ရာ သင်တန်းဖွင့်လှစ်ရေးကိစ္စ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဆိုင်ရာကိစ္စများ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ပုံစံ(၁၀) ဆောင်ရွက်ခြင်းကိစ္စ၊ တစ်ဦးချင်း နှစ်ဦးချင်းနှင့် မိသားစုအလိုက် ပြောင်းထွက်ခြင်းဆိုင်ရာကိစ္စများ၊ ဖွား/သေစာရင်းများကို အိမ်ထောင်စုအတွင်းသို့ထည့်ပေါင်းခြင်း/ထုတ်ပယ်ခြင်းကိစ္စများ၊ မြို့နယ် စည်ပင်သာယာရေးဦးစီးဌာနမှ မြို့တွင်းသန့်ရှင်းရေးလုပ်ငန်း၊ မိလ္လာသန့်ရှင်းရေးလုပ်ငန်း၊ လမ်းမီးလင်းရေးလုပ်ငန်း၊ အနေးယာဉ်ပိုင်ရှင်နှင့် နင်းသားလိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်းများ၊ နာရေးကိစ္စရပ်များ၊ စီးပွားရေးကြော်ငြာလုပ်ငန်းများ၊ ဈေးဆိုင်ခန်းသက်တမ်းတိုးခြင်းကိစ္စများ၊ ငါးလုပ်ငန်းဦးစီးဌာနမှ ရေချိုရေငန်ငါးလုပ်ငန်းနှင့် ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းကိစ္စရပ်များ၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ပေးဆောင်ခြင်းဆိုင်ရာကိစ္စရပ်များ၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဆိုင်ရာများနှင့် အောင်ဘာလေ အခွန်ကိစ္စရပ်များ၊ လျှပ်စစ်ဖြန့်ဖြူးရေးဌာနမှ လုပ်ငန်းသုံးမီတာ၊ ကိုယ်ပိုင်မီတာ၊ ထရန်စဖော်မာနှင့် ဓာတ်တိုင်စိုက်ထူခြင်းကိစ္စများ၊ ဝိုင်ယာရှော့ခ်ဖြစ်ခြင်းကိစ္စရပ်များ စသည်ဖြင့် မိမိတို့ဌာနဆိုင်ရာအလိုက် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

**သပြေထွန်း**

## လွယ်ဂျယ်ဆေးရုံသို့ ပလတ်စတစ်ထိုင်ခုံများလှူဒါန်း

**လွယ်ဂျယ် ဩဂုတ် ၁၈**

ကချင်ပြည်နယ် လွယ်ဂျယ်မြို့ ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးကုသနေသော လူနာများနှင့် အထွေထွေသုံးရန် ပလတ်စတစ်ထိုင်ခုံများ လိုအပ်လျက်ရှိရာ ဩဂုတ် ၁၆ ရက်က အလှူရှင်နယ်မြေရဲစခန်းမှူး ရဲအုပ်ဇော်လေးနှင့်ဇနီး ဒေါ်နီနီအောင်( ဥက္ကဋ္ဌ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း) က ငွေကျပ် ၂၀၀၀၀၀ တန်ဖိုးရှိ ပလတ်စတစ်ထိုင်ခုံ ၄၀ ကို ဒေါက်တာအောင်မျိုးထက်ထံသို့ ပေးအပ်လှူဒါန်းရာ သူနာပြုဆရာမများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ဂုဏ်ပြုခဲ့ကြသည်။

**ရင်ငြိမ်းပန်း(လွယ်ဂျယ်)**



# ညောင်တုန်းမြို့နယ်၌ ဧရာဝတီမြစ်ရေ ကျဆင်းနေသော်လည်း ကွင်းရေမကျသေးသဖြင့် ကျေးရွာအချို့ ရေနစ်မြုပ်နေဆဲဖြစ် စေတနာရှင်များထံမှ အလှူပစ္စည်းများ ဆက်လက်ရောက်ရှိနေ



မြစ်ရေတက်မှုကြောင့် တာပေါင်မြှင့်ထားရသော ညောင်တုန်းမြို့ မြစ်ကမ်းတစ်နေရာ။

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ဩဂုတ်လဆန်းပိုင်းတွင် ဧရာဝတီမြစ်ရေသည် မြို့၏ စိုးရိမ်ရေမှတ် ၂၂ ဒသမ ၅ ပေကိုကျော်ကာ ၂၅ ဒသမ ၉ ပေအထိ မြင့်တက်ခဲ့ပြီးနောက် ပြန်လည်ကျဆင်းခဲ့ရာ ဩဂုတ် ၁၇ ရက်တွင် ၂၁ ဒသမ ၇ ပေအထိ သိသိသာသာ လျော့ကျသွားပြီ ဖြစ်သည်။

သို့သော် စံကင်းကျွန်းတွင်မူ ကွင်းရေများမှာ ကျဆင်းခြင်းမရှိဘဲ ဆက်တက်နေသဖြင့် စံကင်းကျွန်းမှကျေးရွာအုပ်စု ၁၄ ခုတွင် ရေနစ်မြုပ်နေဆဲဖြစ်ကြောင်း သိရသည်။ စံကင်းကျွန်းရှိ ဗျောသလန်း၊ ကျောင်းစု၊ ဂုံမင်းဆိပ်၊ ကုက္ကိုဝ၊ မဲဇလီရွာဟောင်း၊ စွန်ထနီး၊ ကတုက္ကမ၊ အင်းမ၊ ဘုရားကုန်း၊ အောက်ဆည်၊ သံကြိုး၊ သပြေချောင်း၊ ပါလှဲ့ ရွာသစ်စသော ကျေးရွာအုပ်စုများမှာ ရေနစ်မြုပ်နေဆဲဖြစ်ကြောင်း၊ ဩဂုတ် ၁၇ ရက် တွင်မူ ရေအနည်းငယ်ကျဆင်းကြောင်း ကုက္ကိုဝကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးညွန့်တင်ထံမှ သိရသည်။

ဧရာဝတီမြစ်ရေ ကျဆင်းသွားမှုကြောင့် ညောင်တုန်းမြို့နယ်အတွင်း၌ ရေနစ်မြုပ်သောအိမ်ခြေအရေအတွက်မှာ လျော့နည်းသွားပြီဖြစ်သော်လည်း အိမ်မြေအများအပြားမှာ ရေနစ်မြုပ်နေဆဲဖြစ်ကြောင်း သိရသည်။ ညောင်တုန်းမြို့နယ်အတွင်း ဩဂုတ် ၁၇ ရက်အထိ ရေနစ်မြုပ်အိမ်ခြေ ၅၁၀၀ ကျော်၊ စာသင်ကျောင်း ၄၇ ကျောင်း၊ ဘုန်းကြီးကျောင်း ၂၆ ကျောင်း ရှိကြောင်း သိရသည်။ မိုးစပါးစိုက်ထားသော လယ်မြေ ၂၀၈၉၅ ဧက ရေမြုပ်ခဲ့ပြီးနောက် ဩဂုတ် ၁၇ရက်တွင် ဧက ၁၆၈၀ ခန့်တွင် ရေပြန်ကျပြီး စိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း သိရသည်။ ရေကြီးမှုကြောင့် ပျက်စီးဆုံးရှုံးမှုအနေဖြင့် လူနေအိမ်ခြောက်လုံး၊ မူလတန်းကျောင်းတစ်ကျောင်း၊ ကွမ်းခြံ ၁၅ ဧက၊ ရာသီသီးနှံ ရှစ်ဧကပျက်စီးခဲ့ပြီး စုစုပေါင်းပျက်စီးမှုတန်ဖိုးမှာ ကျပ် ၅၂ သန်းကျော်ဖြစ်ကြောင်း သက်ဆိုင်ရာက ခန့်မှန်းထားသည်။

ဧရာဝတီမြစ်ရေ ပြန်ကျနေပြီဖြစ်သဖြင့် စံကင်းကျွန်းရှိ ရေနစ်မြုပ်နေဆဲ စာသင်ကျောင်းများမှအပ ညောင်တုန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများကို ဩဂုတ် ၁၇ ရက်တွင် ပြန်လည်ဖွင့်လှစ်နေပြီဖြစ်ကြောင်းလည်း သိရသည်။

ရေဘေးကြောင့် ယာယီကယ်ဆယ်ရေးစခန်းများ၌ လာရောက်နေထိုင်ရသူများနှင့် နေအိမ်များတွင်နေထိုင်ကြသော ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံအရပ်ရပ်မှ စေတနာရှင်ပြည်သူများက လာရောက်လှူဒါန်းကြသော အလှူပစ္စည်းများလည်း နေ့စဉ်ရောက်ရှိနေကြောင်း သိရသည်။ ညောင်တုန်းမြို့နယ် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအဖွဲ့သို့ လာရောက်လှူဒါန်းကြသူ စေတနာရှင်များ ရှိနေဆဲဖြစ်ပြီး လာရောက်လှူဒါန်းသော ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများကို ညောင်တုန်းမြို့နယ် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအဖွဲ့က ရေမြုပ်ဆဲဒေသများသို့ ဆက်လက်ခွဲဝေလှူဒါန်းလျက်ရှိသည်။ စံကင်းကျွန်းဒေသရှိ ရေနစ်မြုပ်ဆဲကျေးရွာများမှ ပြည်သူများထံသို့ မြို့နယ် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးနှင့် အဖွဲ့ဝင်များက သွားရောက်၍ လှူဒါန်းလျက်ရှိသည်။

ညောင်တုန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနကလည်း ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ညောင်တုန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသက်ဦးခေါင်းဆောင်သည့် မြို့နယ်ကျန်းမာရေးဌာနဝန်ထမ်းများက ရွေ့လျားကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့အနေဖြင့် ရေနစ်မြုပ်ဒေသများသို့ လှည့်လည်ကာ ရေဘေးသင့်ပြည်သူများအား ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးနေသည့်အပြင် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ညောင်တုန်းမြို့နယ်အတွင်း ရေပြန်ကျနေပြီဖြစ်သော်လည်း ရေနစ်မြုပ်နေဆဲဖြစ်သော စံကင်းကျွန်းဒေသမှ ကျေးရွာများအတွက် စေတနာရှင်ပြည်သူများက ဆက်လက်လှူဒါန်းဆဲဖြစ်ကြောင်း သိရသည်။ စံကင်းကျွန်းဒေသမှ ပြည်သူများအတွက် အလှူပစ္စည်းများကို အနယ်နယ်အရပ်ရပ်မှ စေတနာရှင်များက ညောင်တုန်းမြို့နယ် ရေဘေးကာကွယ်ရေးအဖွဲ့မှတစ်ဆင့် လှူဒါန်းလျက်ရှိသည့်အပြင် အချို့စေတနာရှင်များက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့မှ တစ်ဆင့်လည်းကောင်း လှူဒါန်းနေကြသည်။ အချို့ စေတနာရှင် ပြည်သူများမှာမူ ရေဘေးသင့်ကျေးရွာများအထိရောက်အောင် ကိုယ်တိုင်ကိုယ်ကျသွားရောက်၍လည်း လှူဒါန်းနေကြဆဲဖြစ်သည်။

**သတင်းဆောင်းပါး–နေလင်း(ညောင်တုန်း)**

## ခေတ်သုံးခေတ်မင်းများ ကိုးကွယ်ခဲ့သော မင်းကျောင်းသာသနာ့ရိပ်သာ

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ယင်းတော်ကျေးရွာအနီးရှိ သံလျင်တောရ မင်းကျောင်းသာသနာ့ရိပ်သာကြီးသည် ရှေးမြန်မာမင်းများ တည်ဆောက်လှူဒါန်းကိုးကွယ်ခဲ့သော ကျောင်းတော်ကြီးဖြစ်သည်။

ယင်းတော်ဒေသသည် အလွန်ရှေးကျသော မြို့ဟောင်းတစ်ခုဖြစ်ခဲ့ပြီး တော်(၄)လုံး ရသောမြို့၊ ကျော်(၅)ရပ်ရသောမြို့ဟု အဆိုရှိခဲ့ကာ မြို့ရိုးနှင့်ကျုံးများ ယနေ့တိုင် အထင်ကရ ကျန်နေသေးသည်။ ပင်းယခေတ် တစ်စီးရှင် သီဟသူမင်းကြီး၊ ပုဂံခေတ်ဥဇနာမင်းကြီးနှင့် အင်းဝခေတ် ဒုတိယမင်းခေါင်တို့ အုပ်ချုပ်ခဲ့သော နယ်ပယ်အတွင်း ပါဝင်သည်။

မင်းကျောင်းသာသနာ့ရိပ်သာ၏ မူလဒါယကာသည် ဥဇနာမင်းကြီးဖြစ်ပြီး ကျောင်းတော်ကြီးတည်ဆောက်သည့်အပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ယင်းတော်ကန်ကြီးကို တူးဖော်ခဲ့သည်။ အင်းဝခေတ် ဒုတိယမင်းခေါင်ကလည်း တစ်ကျောင်းလုံးကို ရွှေပိန်းချကျောင်းတော်ကြီးအဖြစ် ကပ်လှူခဲ့ကာ ဆွမ်းဆန်အတွက် လယ်မြေ ၄၃ ဧကကို လှူဒါန်းခဲ့သည်။ ထိုသို့ခေတ်အဆက်ဆက်မင်းများကိုးကွယ်ခဲ့သဖြင့် မင်းကျောင်းဟု အမည်တွင်ခြင်းဖြစ်ကြောင်း သိရသည်။

၁၉၄၅ ခုနှစ်တွင် စစ်ဘေးဒဏ်ကြောင့် ကျောင်းကြီးအပါအဝင် သာသနာ့အဆောက်အအုံများ မီးလောင်ပျက်စီးခဲ့ပြီး ၄၂ နှစ်အကြာ ၁၉၈၇ ခုနှစ်တွင် ယင်းတော်မင်းကျောင်း၏ ပဓာနနာယကဆရာတော်ကြီး ဘဒ္ဒန္တနိပုဏက မင်းကျောင်းသာသနာ ပြန်လည်ထွန်းကားလာရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ဓာတ်တော်တိုက်ကြီး၊ အဓိဋ္ဌာန်ဆုတောင်းပြည့် ရုပ်ပွားတော်ကြီးနှင့် ကျောက်စိမ်းရုပ်ပွားတော်ကြီးအပါအဝင် သာသနိကအဆောက်အအုံများကို ပြန်လည်တည်ဆောက်နိုင်ခဲ့ပြီး သာသနာ့အရောင် ထွန်းလင်းတောက်ပလျက်ရှိသည်။

မင်းကျောင်းဆရာတော်ကြီးသည် ၂၀၁၂ ခုနှစ်တွင် သုံးနှစ်အဓိဋ္ဌာန်ဝင်ခဲ့ရာ လာမည့် စက်တင်ဘာ ၂၁ ရက်တွင် အဓိဋ္ဌာန်ထွက်အခမ်းအနားကို ကျင်းပမည်ဖြစ်၍ ရပ်နီးရပ်ဝေးမှ ဒါယကာ၊ ဒါယိကာမများအနေဖြင့် လာရောက်ဖူးမြော်လှူဒါန်းနိုင်ကြပါသည်။

**ညွန့်ရွှေ**

## မန္တလေးတိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံအားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲတွင် မန္တလေးခရိုင်အသင်း အနိုင်ရဗိုလ်စွဲ

**မန္တလေး ဩဂုတ် ၁၈**

၂၀၁၅ ခုနှစ် မန္တလေးတိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဩဂုတ် ၁၆ ရက်က မန္တလေးမြို့ မန္တလာသီရိ နိုင်ငံတကာအဆင့်မြင့် အားကစားကွင်း၌ မန္တလေးခရိုင်အသင်းနှင့် မြင်းခြံခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးခရိုင်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်၊ တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဒေါက်တာစိုးမြင့်ထွန်း၊ ညွှန်ကြားရေးမှူး(ပညာ) ဦးကျော်အေး၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် နေရာအလိုက်အကောင်းဆုံးဆုရရှိသူများ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရရှိသူတို့ကို တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး(ပညာ) ဦးကျော်အေးက ဆုတံဆိပ်များချီးမြှင့်ပြီး တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးက ဒုတိယဆုရ မြင်းခြံခရိုင်အသင်းမှ အားကစားသမားများကို တစ်ဦးချင်းဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့နောက် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက ပထမဆုရရှိသည့် မန္တလေးခရိုင်အသင်းမှ ကစားသမားများအား တံခွန်စိုက်ဆုဖလားကို ချီးမြှင့်ပေးအပ်သည်။

အဆိုပါ မန္တလေးတိုင်းဒေသကြီး အခြေခံကျောင်းပေါင်းစုံအားကစားပြိုင်ပွဲ ဘော်လီဘောပြိုင်ပွဲမှ အမျိုးသားပြိုင်ပွဲ၌ ကျောက်ဆည်ခရိုင်အသင်းက ပထမ၊ ပြင်ဦးလွင်ခရိုင်အသင်းက ဒုတိယ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ကျောက်ဆည်ခရိုင်အသင်းက ပထမ၊ ပြင်ဦးလွင်ခရိုင်အသင်းက ဒုတိယ၊ စားပွဲတင်တင်းနစ်အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲတို့တွင် မန္တလေးခရိုင်အသင်းက ပထမနှင့် ရမည်းသင်းခရိုင်အသင်းက ဒုတိယ အသီးသီး ဆုများရရှိခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# ရေတိုက်စားသဖြင့် တည်ဆောက်ဆဲနန့်ရင်းချောင်းကူးတံတား ကမ်းကပ်ခုံနှင့် ချဉ်းကပ်လမ်းအစိတ်အပိုင်းအချို့ ပျက်စီး

**မိုးညှင်း ဩဂုတ် ၁၈**

ကချင်ပြည်နယ် မိုးညှင်းမြို့ အရှေ့ဘက်ရှိ မြို့ရှောင်ကတ္တရာလမ်းပိုင်းတွင် တည်ဆောက်လျက်ရှိသော နန့်ရင်းချောင်းကူး တံတားသည် ဇူလိုင်လအတွင်းက မိုးရွာသွန်းမှုနှင့် နန့်ရင်းချောင်း ရေလျှံမှုကြောင့် တံတားကမ်းကပ်ခုံနှင့် ချဉ်းကပ်လမ်း အစိတ်အပိုင်းအချို့ ပျက်စီးသွားခဲ့ကြောင်း သိရသည်။



နန့်ရင်းချောင်းရေစီးအရှိန်ကြောင့် ချောင်းကူးတံတား ရေလယ်တိုင်များအကြားတွင် ပိတ်ဆို့မှုများဖြစ်ကာ ချောင်းအနောက်ဘက်ကမ်း တံတားကမ်းကပ်ခုံနှင့် ချဉ်းကပ်လမ်းအောက်ခြေကို ရေတိုက်စားသဖြင့် ချဉ်းကပ်လမ်းမှာ ပေ ၅၀ ခန့် ပျက်စီးသွားပြီး ကမ်းကပ်ခုံမှာလည်း ရေလယ်သို့ ရောက်ရှိနေသည်။ ကမ်းကပ်ခုံသို့ ချဉ်းကပ်လမ်းမှာ အမာခံကျောက်တုံးများ ချထားခြင်းမရှိဘဲ မြေသားများဖြင့်သာ မြေဖို့တည်ဆောက်ထားသဖြင့် အလွယ်တကူ ရေတိုက်စားခံရပြီး ပျက်စီးခြင်းဖြစ်ကြောင်း အတွေ့အကြုံရှိသူများက ပြောသည်။

အဆိုပါ နန့်ရင်းချောင်းကူးတံတားသည် မိုးညှင်းမြို့အရှေ့ဘက်တွင် ဖောက်လုပ်နေသော အရှည် ၆ မိုင်ကျော်ရှိ မိုးညှင်းမြို့ရှောင်လမ်းပိုင်းပေါ်မှ တံတားတစ်စင်းဖြစ်သည်။ အရှည်ပေ ၃၀၀၊ အကျယ်ပေ ၃၀ ရှိ ကွန်ကရစ်တံတားဖြစ်ပြီး တံတားကို ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၀၀၀ ကျော်ဖြင့် သိန်းသန်းငွေး ကုမ္ပဏီက တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

နန့်ရင်းချောင်းကူးတံတားကို မူလက ယခုနှစ် မတ်လအတွင်း ပြီးစီးရန်ဖြစ်သော်လည်း ယခုပျက်စီးမှုကြောင့် တံတားကြံ့ခိုင်စေရန် ဆက်လက်ကြိုးစားရဦးမည်ဖြစ်ကြောင်း၊ တံတားသည် မြို့ရှောင်လမ်းပေါ်မှ တံတားဖြစ်ရာ ယခုနှစ်တွင် တံတားတည်ဆောက်မှုမပြီးစီးပါက မိုးညှင်းမြို့အတွင်းမှ ဖြတ်သွားနေသော ကုန်တင်ယာဉ်ကြီးများအပါအဝင် ယာဉ်အမျိုးမျိုးမှာ မြို့တွင်းမှသာ ဆက်လက်ဖြတ်မောင်းနေရဦးမည်ဖြစ်၍ မြို့တွင်းလမ်းများတွင် ယာဉ်ကြောပိတ်ဆို့ခြင်းနှင့် လမ်းပျက်စီးခြင်းများလည်း ဆက်လက်ဖြစ်ပွားနေဦးမည်ဖြစ်ကြောင်း ဒေသခံပြည်သူအချို့က ပြောသည်။

**(ဝ၆၃)**

**လုပ်ငန်းလုပ်ကိုင်ခွင့်ရ ကုမ္ပဏီများအနေဖြင့် လုပ်ငန်းပိုင်းများအလိုက် စေတနာထားဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း . . .**

# ယာယီဘေလီတံတားများ ဆောက်လုပ်ပြီးစီးသဖြင့် ကလေး-ဂန့်ဂေါ-မန္တလေးလမ်း ပွင့်ပြီ

**ကလေး ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်အတွင်း ရေကြီးရေလျှံမှုကြောင့် လမ်းများတံတားများပျက်စီးခဲ့ပြီး မန္တလေး-ကလေး ကုန်သွယ်မှုလမ်းမှာ ဇူလိုင် ၂၈ ရက်မှစတင်လမ်းကြောင်းပြတ်တောက်သွားခဲ့ရာ ယာယီဘေလီတံတားများကို ကလေးခရိုင်လမ်းဦးစီးဌာနမှဦးဆောင်၍ ခရိုင်လမ်းတံတားဦးစီးဌာနနှင့် လမ်းတည်ဆောက်ရေးအဖွဲ့တို့ပူးပေါင်းဆောက်လုပ်ခဲ့ပြီး ယခုအခါ တည်ဆောက်မှုများပြီးစီးသဖြင့် ကလေး-ဂန့်ဂေါ-မန္တလေးလမ်း ပြန်ပွင့်သွားပြီဖြစ်ကြောင်း သိရသည်။

ကလေးမြို့ ဇင်းကလင်းကျေးရွာအနီး ကလေး-ဂန့်ဂေါကားလမ်းမပေါ်မှ အရှည်ပေ ၁၁၀ ပေရှိ အာရ်စီတံတား၏ ဂန့်ဂေါဘက်ချဉ်းကပ်လမ်း ရေတိုက်စားပျက်စီးသွားသည့်နေရာတွင် အရှည်ပေ ၁၀၀ ရှိ ယာယီဘေလီတံတားကို ဩဂုတ် ၁၀ ရက်မှစ၍ စတင်တည်ဆောက်ခဲ့ကာ ဩဂုတ် ၁၅ ရက်တွင် ဆောက်လုပ်ပြီးစီးခဲ့သည်။

ဇင်းကလင်းကျေးရွာအနီး လမ်းမပေါ်တွင် ရေတိုက်စားမှုကြောင့် ရေလမ်းကြောင်းပြောင်းပြီး လမ်းတာပေါင်နှင့် ကတ္တရာလမ်းပြတ်ကျသွားသဖြင့် အရှည်ပေ ၁၃၀ ရှိ ယာယီဘေလီတံတားသစ် တည်ဆောက်ခြင်းကိုလည်း ဩဂုတ် ၁၀ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၁၅ ရက်တွင် ပြီးစီးခဲ့သည်။

ထို့အပြင် ချင်းဆိုင်ကျေးရွာတွင်လည်း ပေ ၈၀ ခန့် မြေသားတာဘောင်နှင့် ကတ္တရာလမ်း ပေ ၈၀ ခန့် ရေတိုက်စားပြီး လမ်းသားပြတ်တောက်သွားကာ ပြတ်တောက်သည့်လမ်းနေရာတွင် ချောင်းရေစီးနေသဖြင့် ပေ ၂၀ အရှည်ရှိ သစ်တားတံတားတစ်စင်းတည်ဆောက်ပြီး ပေ ၆၀ ကျော် မြေကြီးတာပေါင်ဖို့ခြင်းကို ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၉ ရက်က ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါ တံတားများကို ကလေးခရိုင်လမ်းဦးစီးဌာနမှ တာဝန်ယူ၍ တံတားတည်ဆောက်ရေးစီမံကိန်း(၁)၊ တံတားတည်ဆောက်ရေးအဖွဲ့(၁)၊(၂)၊(၃)တို့နှင့် ပူးပေါင်းကာ ဝန်ထမ်းအင်အား ၁၅ ဦးနှင့် အလုပ်သမားအင်အား ၂၀၀ ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ယခုအခါ ကလေး-ဂန့်ဂေါကားလမ်းမတွင် ယာဉ်များသွားလာရေးနှင့် ပြည်သူများသွားလာရေးအတွက် ပြန်လည်အဆင်ပြေလာပြီဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား(iprd)**



# မော်လမြိုင်ကျွန်းမြို့နယ်အတွင်း အညာရေစီးဝင်သော်လည်း ရေကြီးရေလျှံမှုဖြစ်ပွားခြင်းမရှိ

**မော်လမြိုင်ကျွန်း ဩဂုတ် ၁၈**

အထက်အညာဒေသ ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိမြို့နယ်များတွင် ဧရာဝတီမြစ်ရေလျှံခြင်းကြောင့် ယခင်ရက်များက ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ ယခုအခါ အဆိုပါဒေသများမှ ရေများသည် ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ မြစ်ချောင်းများသို့ စီးဝင်ခဲ့သော်လည်း မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခြင်းမရှိကြောင်း သိရသည်။

အညာဒေသမှ ရေများသည် ဧရာဝတီမြစ်ကြောင်းအတိုင်းစီးဆင်းခဲ့ပြီး မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ရာဇူဒိုင်၊ စောကဲချောင်း၊ တုံးလှဲချောင်း၊ မြတ်သာ၊ နတ်မျုံးနှင့် ကပ်ခိုမြစ်များအတွင်းသို့ စီးဝင်ခဲ့ခြင်းဖြစ်သည်။ ဩဂုတ်လဆန်းမှစ၍ အညာရေများ စီးဝင်ခဲ့ရာတွင် အဆောက်အအုံအပိုင်းအစများ၊ သစ်တိုသစ်စများ မျောပါလာခဲ့သဖြင့် ယခင်ကအမြဲကြည်လင်နေသော မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ မြစ်ချောင်းများတွင် ရေများနောက်ကျိသွားခဲ့ကြောင်း သိရသည်။

အညာဒေသတွင် ရေကြီးရေလျှံပြီးနောက် ရွှံ့နွံများပါဝင်သော ဧရာဝတီမြစ်ရေများသည် မော်လမြိုင်ကျွန်းမြို့နယ်အတွင်းသို့ ဩဂုတ်လဆန်းမှ ၁၇ ရက်အထိ စီးဝင်လျက်ရှိသော်လည်း ရေမကြည်တော့ခြင်းမှလွဲ၍ ရေကြီးရေလျှံမှုများ ဖြစ်ပွားခြင်းမရှိဘဲ မြို့နယ်အတွင်း စိုက်ပျိုးထားသော မိုးစပါးအပါအဝင် သီးနှံများမှာလည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**



# ကျေးရွာချင်းဆက်ချောင်းကူးတံတား ကိုယ့်အားကိုယ်ကိုးတည်ဆောက်

**တွံတေး ဩဂုတ် ၁၈**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ဇီးဖြူကုန်းကျေးရွာအုပ်စု ဇီးဖြူကုန်းကျေးရွာအရှေ့ပိုင်းနှင့် အနောက်ပိုင်းကြားရှိ ဇီးဖြူကုန်းချောင်းကို ဒေသခံပြည်သူများက ကိုယ့်အားကိုယ်ကိုး တံတားတည်ဆောက်လျက်ရှိကြောင်းနှင့် တံတားတည်ဆောက်ရေးအတွက် ရန်ပုံငွေလိုအပ်လျက်ရှိကြောင်း သိရသည်။

ဇီးဖြူကုန်းကျေးရွာသည် ချောင်းအရှေ့ဘက်ခြမ်းတွင် အိမ်ခြေ ၄၀၀ ခန့်နှင့် ချောင်းအနောက်ဘက်တွင် အိမ်ခြေ ၃၀၀ခန့်ရှိပြီး လူဦးရေ ၃၀၀၀ ခန့် နေထိုင်ကြရာ တစ်ဖက်ကမ်းနှင့် တစ်ဖက်ကမ်းကို စက်လှေ၊ လှေများဖြင့်ကူးရသဖြင့် သွားလာရခက်ခဲပြီး ကျောင်းသား ကျောင်းသူများ ကျောင်းတက်ရာတွင် အဆင်ပြေ ချောမွေ့စေရန်နှင့် ကျေးရွာပြည်သူများ သွားလာရလွယ်ကူစေရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာအထောက်ကူပြုကော်မတီ၊ ရပ်မိရပ်ဖနှင့် အလှူရှင်များက အရှည်ပေ ၁၈၀၊ အကျယ်ခြောက်ပေရှိ သံကူကွန်ကရစ်တံတားကို ကိုယ့်အားကိုယ်ကိုးတည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။ ယခုအခါ ငွေကျပ် သိန်း ၄၀၀ ကျော် ကုန်ကျသွားပြီး တစ်ဖက်လျှင် အရှည် ၇၅ပေအထိ ပြီးစီးသွားပြီဖြစ်ကာ တံတားအလယ်ပိုင်း အရှည် ပေ ၃၀အတွက် အလှူရှင်များ လိုအပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ တံတားပြီးစီးပါက ဇီးဖြူကုန်းကျေးရွာ အရှေ့ခြမ်းနှင့် အနောက်ခြမ်းအပြင် တံခွန်တိုင်၊ လေးအိမ်စု၊ ရွှေကသစ်ကျေးရွာများသို့ ဆိုင်ကယ်များဖြင့် သွားလာနိုင်ပြီး တစ်ဖက်တွင် သဝန်းတော၊ မဒိုင်း၊ လှိုင်သာယာ၊ တွံတေး၊ ရန်ကုန်၊ မအူပင်တို့အထိ အလွယ်တကူ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

# မန်စီးတီးကခေါ်ယူဖို့ နီးစပ်လာတဲ့ အိုတာမန်ဒီ

ဒီနှစ်ရာသီမှာ ပရီမီယာလိဂ်မှာ ဖလားရဖို့ တစ်ပြေးနေတဲ့ မန်စီးတီးအသင်းက ဗလင်စီယာအသင်းရဲ့ ဗဟိုခံစစ်မှူး နီကိုလတ်အိုဘာမန်ဒီကို ခေါ်ယူဖို့ နီးစပ်နေပြီလို့ ဆိုပါတယ်။ မန်စီးတီးနဲ့ ဗလင်စီယာတို့ဟာ အိုဘာမန်ဒီ ပြောင်းရွှေ့ရေးကိစ္စအတွက် ဆွေးနွေးမှုတွေ ပြုလုပ်နေပြီလို့ ဆိုပါတယ်။ မန်စီးတီးအနေနဲ့ အိုဘာမန်ဒီကို ပေါင် ၂၈ ဒသမ ၅ သန်းနဲ့ ခေါ်ယူဖို့ ကမ်းလှမ်းထားတယ်လို့ ဆိုပါတယ်။ အိုဘာမန်ဒီဟာ စပိန်ကလပ် မာလာဂါအသင်းကိုလည်း အငှားသွားရောက်ကစားနိုင်တယ်လို့ ဆိုပါတယ်။ သို့ပေမယ့် မန်စီးတီးက ဝုဖ်ဘတ်ကစားသမား ဘရူနီကို ပေါင် ၄၇ သန်းနဲ့ ခေါ်ယူဖို့ ကြိုးစားနေဆဲဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ မန်စီးတီးအသင်းမှာ ကွန်ပါနီအပါအဝင် ဗဟိုခံစစ်မှူးလေးဦးရှိပါတယ်။ ငါးဦးမြောက်ခံစစ်မှူးအဖြစ် ခေါ်ယူဖို့ ကြိုးစားနေတယ်လို့ သိရပါတယ်။

# အိုဇေးလ်ကို ချီးကျူးလိုက်တဲ့ ဝင်းဂါး

အာဆင်နယ်အသင်းရဲ့ အဓိကတိုက်စစ်မှူးဖြစ်တဲ့ အိုဇေးလ်ဟာ ဒီနှစ် ပရီမီယာလိဂ်မှာ ဂိုးတွေအများကြီးသွင်းပေးဖို့ စောင့်ကြည့်ရမယ့် တိုက်စစ်မှူးလို့ ခရစ္စတယ်ပဲလေ့စ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရတဲ့ပွဲမှာ နည်းပြအာစင်ဝင်းဂါးက ချီးကျူးလိုက်ပါတယ်။ အိုဇေးလ်ဟာ ဒီပွဲမှာ



ကိုယ်တိုင်ဂိုးမသွင်းခဲ့ပေမယ့် ကစားဖော် ဂီရောက်ကို အဖွင့်ဂိုးသွင်းနိုင်ဖို့ ဂိုးပေါက်ဖန်တီးပေးခဲ့သူဖြစ်ပါတယ်။ အာဆင်နယ်အသင်း ဟာ အဖွင့်ပွဲမှာ ဝက်စ်ဟမ်းကို ရှုံးနိမ့်ပြီးခဲ့တဲ့နောက် ပရီမီယာလိဂ်မှာ ပထမဆုံး အနိုင်ရလိုက်ပါတယ်။ အိုဇေးလ်ဟာ စိတ်ပိုင်းဆိုင်ရာဆုံးဖြတ်ချက် အလွန်ကောင်းတဲ့ ကစားသမားဖြစ်ပါတယ်။ ဒီနှစ်ရာသီမှာ ဂိုးတွေအများကြီး သွင်းယူပေးမယ့် တိုက်စစ်မှူးတွေထဲမှာ အိုဇေးလ်ဟာ အဓိကဖြစ်လိမ့်မယ်လို့လည်း ဝင်းဂါးက ပြောဆိုလိုက်ပါတယ်။ အိုဇေးလ်ဟာ ကစားကွက်ဖန်တီးပေးမှုအလွန်သပ်ရပ်မှုရှိလှုပြီး ဒီနှစ်ရာသီမှာ အာဆင်နယ်အသင်းအတွက် အကောင်းဆုံးလုပ်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်လို့လည်း ဝင်းဂါးက ထပ်လောင်းပြောဆိုလိုက်ပါတယ်။




# နိုင်ပွဲရဦးမယ့် ဒေါ့မွန်

# ခက်ခဲဦးမယ့် ဆောက်သမ်တန်တို့ရဲ့ ယူရိုပါလိဂ်ခြေစစ်ပွဲ

*ယူရိုပါလိဂ်ခြေစစ်ပွဲ ပထမအကျော့ပွဲစဉ်တွေကို ဩဂုတ် ၂၀ ရက်နဲ့ ၂၁ ရက်တွေမှာ ဆင်နွှဲကြပါလိမ့်မယ်။ အရေးကြီးတဲ့ Play-offs ပွဲစဉ်တွေဖြစ်တာမို့ အသင်းကြီးတွေ အားထည့်ကြရဦးမယ့်ပွဲတွေပါပဲ။ ဒီတစ်ပတ်ပွဲစဉ်တွေမှာတော့ ဒေါ့မွန်၊ ဆောက်သမ်တန်၊ ဘီလ်ဘာအို၊ အေဂျက်၊ ဖီနာဘာချီတို့ရဲ့ စွမ်းဆောင်မှုတွေ ဘယ်လောက်အထိ မြင့်မားတယ်ဆိုတာ ကြည့်ရမှာဖြစ်ပါတယ်။*

### အော့ဒ်နှင့် ဒေါ့မွန်

ဒီနှစ်ခြေစွမ်းကောင်းမွန်နေတဲ့ ဒေါ့မွန်တို့က အိမ်ကွင်း၊ အဝေးကွင်းတွေမှာ ဂိုးတွေရရှိနေပါတယ်။ ဒေါ့မွန်ဟာ ဝုဖ်ဘာဂါကို ငါးဂိုးပြတ်နိုင်ပြီး ချမ်နမ်ဇာအသင်းကို နှစ်ဂိုးပြတ်နဲ့ နိုင်ပွဲဆက်နေပါတယ်။ အော့ဒ်တို့ကတော့ ရှုံးပွဲ၊ သရေပွဲတွေကြုံနေရတာမို့ ဗျူဟာခင်းကျင်းမှုတွေ ပြင်ဆင်ရဦးမှာဖြစ်ပါတယ်။ ဒေါ့မွန်နိုင်ပွဲရမယ့်ပွဲပါ။

### ဆောက်သမ်တန်နှင့် မစ်ဂျေလန်း

ချန်ပီယံလိဂ်က ထွက်ခွာခဲ့ရတဲ့ မစ်ဂျေလန်းအသင်းဟာ အခုလို ယူရိုပါလိဂ်မှာ ဆောက်သမ်တန်နဲ့ တွေ့ဆုံရတာဟာ ပွဲကျပ်ပါပဲ။ ဆောက်သမ်တန်ရဲ့ ခြေစွမ်းက ဒီနှစ်မှာ ရုန်းကန်ရတဲ့ အနေအထားရှိနေပြီး နိုင်ပွဲရအောင် ပွဲတိုင်းအားကုန်ထုတ်နေရပါတယ်။ ဒါပေမယ့် အသင်းလိုက်ကစားအားကောင်းပြီး အိမ်ကွင်းမှာ နိုင်ပွဲရယူတတ်တဲ့ ဆောက်သမ်တန်တို့ ဒီပွဲမှာတော့ ပြတ်သားတဲ့ရလဒ်ကို ပုံဖော်ပါလိမ့်မယ်။

### ဇီလီနာနှင့် ဘီလ်ဘာအို

ဩဂုတ် ၁၂ ရက်ကပွဲမှာ စထရက်စကီးအသင်းကို ကိုးဂိုးပြတ်သွင်းပြီး အောင်ပွဲခံထားတဲ့ ဇီလီနာရဲ့ ခြေစွမ်းက လျှော့တွက်လို့မရတာတော့ အမှန်ပါပဲ။ စပိန်စူပါဖလားပွဲမှာ ဘာစီလိုနာနဲ့ နွှဲထားရတဲ့ပွဲကြောင့် ပင်ပန်းနေတဲ့ ဘီလ်ဘာအိုတို့ဟာ ဒီပွဲကို လူစုံထုတ်ကစားမှုရပါလိမ့်မယ်။ ဘီလ်ဘာအိုဟာ အိမ်ကွင်းထက် အဝေးကွင်းမှာ ပိုပြီး ရုန်းကန်ရလေ့ရှိတာမို့ အခုပွဲမှာ ထင်သလောက်မလွယ်ပါဘူး။ ယူရိုပါလိဂ်ပွဲနွှဲဖို့ မျှော်မှန်းနေတဲ့ ဘီလ်ဘာအိုတို့ အနိမ့်ဆုံးသရေကစားပါလိမ့်မယ်။

### အက်ထရိုမီတိုစ်နှင့် ဖီနာဘာချီ

ချန်ပီယံလိဂ်မှာ ရက်တာဒိုးနက်ကို သုံးဂိုးပြတ်ရှုံးထားခဲ့လို့ ယူရိုပါလိဂ်ကိုရောက်လာတဲ့ ဖီနာဘာချီတို့အတွက် အခုပွဲမှာတော့ သေသေချာချာပြင်ဆင်ကစားပါလိမ့်မယ်။ အေအိုင်ယော၊ ပါနာသီနာကို့စ်အသင်းတွေကို အနိုင်ကစားထားတဲ့ အက်ထရိုမီတို့စ်အသင်းဟာ ဖီနာဘာချီကို ခံစစ်လုံအောင်ပြင်ဆင်ပြီး ရင်ဆိုင်မှာမို့ ဖီနာဘာချီတို့ နိုင်ရင်တောင် ဂိုးမပြတ်နိုင်ပါဘူး။

### အိုင်းယက်နှင့် ဂျာဘလိုနီကာ

အိုင်းယက်တို့ဟာ ခြေစွမ်းအတတ်အကျရှိနေပြီး စိတ်ဓာတ်ကောင်းလို့သာ အခုတစ်လောနိုင်ပွဲတွေနေတာဖြစ်ပါတယ်။ အိုင်းယက်တို့က အသင်းလိုက်ကစားအားကောင်းပြီး ပြိုင်ဘက်ကို အနိုင်ယူစိတ်လည်း ပြင်းထန်တာမို့ အခုပွဲမှာ ဂျာဘလိုနီကာတို့ ခြေကုန်ထုတ်ရင်တောင် အိုင်းယက်ကို ခက်ခဲမယ့် အနေအထားရှိနေပါတယ်။

### စတူအာဘူခါရက်နှင့် ရိုဆင်ဘော့

နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာတော့ ရိုဆင်ဘော့တို့က သုံးဂိုး-နှစ်ဂိုးနဲ့ နိုင်ပွဲရထားပါတယ်။ အက်စ်ထရာအသင်းနဲ့ ဒိုင်နမိုဘူခါရက်တို့ကို နိုင်ပွဲရအောင်ကစားထားတဲ့ စတူအာဘူခါရက်တို့က အခုပွဲမှာ ခြေစွမ်းမာကျောတဲ့ ရိုဆင်ဘော့နဲ့ ကြုံတွေ့ရမှာဖြစ်ပြီး အကြိတ်အနယ်နွှဲရမယ့်ပွဲပါ။ ရိုဆင်ဘော့တို့က လက်ရှိမှာ ခြေစွမ်းထက်မြက်နေတာမို့ ဒီပွဲဟာ သရေရလဒ်ကို ဦးတည်သွားနိုင်တဲ့ အနေအထားရောက်ရှိနိုင်ပါတယ်။

**မိုးမြင့်လင်းလက်**



# ဖလားပျောက်လို့ ဒေါသထွက်နေတယ်လို့ဆိုတဲ့ မန်စီးတီး

မန်စီးတီးနည်းပြ မန်နျူရယ်ပယ်လီဂရင်းနီက သူ့ကစားသမားတွေဟာ ပြီးခဲ့တဲ့နှစ်က ပရီမီယာလိဂ်ဖလား လက်လွှတ်ဆုံးရှုံးခဲ့ပြီးနောက် ဖလားရဖို့ ပို၍ပို၍ ဆာလောင်မွတ်သိပ်နေကြကာ ဒေါသအလွန်ထွက်နေကြတယ်လို့ ပြောဆိုလိုက်ပါတယ်။

ပယ်လီဂရင်းနီရဲ့ မန်စီးတီးအသင်းဟာ ၂၀၁၄-၂၀၁၅ ဘောလုံးရာသီက ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးအသင်းနောက်မှ ရှစ်မှတ်ခွာပြီး ဒုတိယနဲ့သာ ကျေနပ်ခဲ့ရပါတယ်။ သို့ပေမယ့် ပြီးခဲ့တဲ့နှစ်က ဖြစ်ပျက်ခဲ့သမျှတွေဟာ ကောင်းမွန်တဲ့ အတွေ့အကြုံကောင်းတစ်ရပ်ပါပဲလို့ တနင်္ဂနွေနေ့ အိမ်ကွင်းအပြာရောင်ချယ်လ်ဆီးအသင်းကို မန်စီးတီးက သုံးဂိုးပြတ်နဲ့အနိုင်ရလိုက်တဲ့ ပွဲအပြီး ပြောဆိုလိုက်ပါတယ်။ ကျွန်တော့်ကစားသမားတွေက ပရီမီယာလိဂ်ဖလားရဖို့ ဆာလောင်မွတ်သိပ်နေကြတာပါ။ ဒေါသတွေလည်း ထွက်နေကြတယ်။ သူတို့က ပြိုင်ပွဲတိုင်းကို အနိုင်ရချင်နေကြတာပါလို့ ချီလီနိုင်ငံသား မန်စီးတီးနည်းပြက ဆိုပါတယ်။

ဒီပွဲမှာ မန်စီးတီးကစားသမားတွေအနေနဲ့ ကျွမ်းကျင်မှုနဲ့လျင်မြန်မှုကို ပေါင်းစပ်အသုံးပြုနိုင်တာကို တွေ့ရပါတယ်။ ချယ်လ်ဆီးကစားသမားတွေအနေနဲ့ ကျွမ်းကျင်မှုနဲ့ နည်းစနစ်တွေကို အသုံးချနိုင်ခဲ့ပေမယ့် လျင်မြန်မှုကို မကျော်လွှားနိုင်တဲ့အတွက် ဂိုးပြတ်ရှုံးနိမ့်တာကလည်း နည်းပြ မော်ရင်ဟိုအတွက် သင်ခန်းစာတစ်ပုဒ်ဖြစ်ခဲ့ရပါတယ်။

**ကောင်းမြတ်သူ – စုစည်းသည်**

# ရန်ကုန်-ပုသိမ်လမ်းပိုင်း တိုးချဲ့ပေးရန် ဒေသခံများဆန္ဒရှိနေ

**ညောင်တုန်း ဩဂုတ် ၁၈**

ယခုနှစ်မိုးရာသီတွင် မိုးရွာသွန်းမှုများသောကြောင့် ရန်ကုန်-ပုသိမ် အဝေးပြေးလမ်းမကြီးပေါ်ရှိ ရန်ကုန်-ညောင်တုန်းလမ်းပိုင်းတွင် ပျက်စီးမှုများပြားလျက်ရှိကာ ရန်ကုန်-ပုသိမ်လမ်းကို BOT စနစ်ဖြင့် တာဝန်ယူဆောင်ရွက်နေသော အေးရှားဝေါလ်ကုမ္ပဏီက ထပ်ပိုးလွှာခင်းပြင်ဆင်နေသည်ကို တွေ့ရသည်။



"နေ့စဉ် ဖြတ်သန်းသွားလာနေတဲ့ယာဉ်တွေ အတော်များနေပါတယ်။ ဧရာဝတီတိုင်းမှာရှိတဲ့ တခြားမြို့နယ်တွေကိုသွားရင်လည်း ရန်ကုန်-ညောင်တုန်းလမ်းပိုင်းကပဲ ဖြတ်သန်းသွားလာရတာ။ လမ်းကကျဉ်းနေတော့ ပိုဆိုးတာပေါ့။ ကုန်အပြည့်အမောက်တင်ပြီး လမ်းဘေးမှာရပ်ထားတဲ့ကားတွေကလည်းများတော့ ရှောင်တိမ်းမောင်းနှင်ရတာ အန္တရာယ်များလှတယ်။ ဒီလမ်းကို ချဲ့ပေးသင့်နေပါပြီ။ ခြောက်လမ်းသွားလမ်းမကြီးဖြစ်သင့်နေပါပြီ။ ဒါမှမဟုတ် တဖြည်းဖြည်းချဲ့ပေးသင့်နေပါပြီ"ဟု ယာဉ်မောင်းသူတစ်ဦးက ၎င်း၏အမြင်ကို ပြောသည်။

ရန်ကုန်-ညောင်တုန်းလမ်းပိုင်းသည် လမ်းကျဉ်းမြောင်းသည့်အပြင် ယာဉ်မျိုးစုံဖြတ်သန်းသွားလာမှုလည်းများသဖြင့် ပျက်စီးမှုများပြားခြင်းဖြစ်ကြောင်း သိရသည်။ နေ့စဉ်တိုးပွားလာသော မော်တော်ယာဉ်များအပြင် ရန်ကုန်မြို့မှ ပုသိမ်၊ ဟင်္သာတ၊ ဇလွန်၊ ခနောင်တို၊ ကျိုက်လတ်၊ ဖျာပုံ၊ အိမ်မဲ၊ မြောင်းမြမြို့များသို့ ထွက်ခွာသော ခရီးသည်တင်ယာဉ်ကြီးများမှာ ရန်ကုန်-ညောင်တုန်းလမ်းပိုင်းမှ ကနဦးဖြတ်သန်းမောင်းနှင်ရသဖြင့် လမ်းများပျက်စီးသည့်အပြင် လမ်းကျဉ်းမြောင်းခြင်းနှင့် လမ်းဘေးများတွင် ရပ်တန့်ထားသော ကုန်တင်ကားကြီးများ၊ ထော်လာဂျီယာဉ်များကို တိမ်းရှောင်ရသောကြောင့် ယာဉ်တိုက်မှုများလည်း မကြာခဏဖြစ်လေ့ရှိကြောင်း သိရသည်။

ဆားမလောက်ကျေးရွာမှ ပြည်သူတစ်ဦးဖြစ်သည့် ဦးသိန်းအောင်က "လမ်းကျဉ်းတော့ အန္တရာယ်များပါတယ်။ လမ်းချဲ့ပေးရင်ပိုကောင်းမှာပါ။ နေ့စဉ် ဒီလမ်းမှာ သွားနေတဲ့ကားတွေလည်း မနည်းပါဘူး။ လမ်းအသုံးပြုခတွေလည်း အများကြီးရနေပါပြီ။ လမ်းချဲ့ပေးရင်တော့ ပြည်သူတွေက ပိုပြီးကျေးဇူးတင်ကြမှာပါ"ဟု ပြောသည်။

ယာဉ်အန္တရာယ်ကင်းရှင်းစေရေး၊ ပြည်သူများသွားလာမှု လွယ်ကူစေရေး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများကို သွက်လက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးတို့အတွက် ရန်ကုန်-ပုသိမ် အဝေးပြေးလမ်းမကြီးကို တိုးချဲ့ပေးရန် ဒေသခံပြည်သူများက ဆန္ဒရှိနေကြသည်။

**နေလင်း(ညောင်တုန်း)**

# အထူးကုဆေးရုံ(သာကေတ) သို့ ခရိုင် မိခင်နှင့် ကလေးက ဆန်အိတ်များလှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၈**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ရှုခင်းသာလမ်းရှိ ခုတင် ၁၀၀ ဆံ့ အထူးကုဆေးရုံ (သာကေတ)၌ ဆေးရုံတက်ရောက်ကုသနေသော လူနာများအတွက် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ဆန် ၅၄ အိတ် လှူဒါန်းပွဲကို ဩဂုတ် ၁၇ ရက်က အဆိုပါ ဆေးရုံကြီးခန်းမဆောင်၌ ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်နွေးနွေးလင်းနှင့် ခရိုင်အတွင်းရှိ (၁၄) မြို့နယ်မှ မိခင်နှင့်ကလေးဥက္ကဋ္ဌများ သာကေတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဝင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်အိနွယ်နီနှင့် ဆေးရုံသူနာပြုများ တက်ရောက်ခဲ့ကြောင်း သိရသည်။




**အောင်သန်း (မင်္ဂလာတောင်ညွန့်)**

# အားကစားပြိုင်ပွဲများကျင်းပ

**ဂန့်ဂေါ ဩဂုတ် ၁၈**

မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်(TSDP)အရ ဂန့်ဂေါမြို့နယ် အားကစားနှင့် ကာယပညာကော်မတီကကြီးမှူး၍ အားကစားပြိုင်ပွဲကို ဇူလိုင် ၁၂ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့ပြီး အဆိုပါပြိုင်ပွဲတွင် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ပြေးခုံပစ်ပြိုင်ပွဲများ ပါဝင်ခဲ့ကြောင်းနှင့် ပြိုင်ပွဲများကို ဂန့်ဂေါမြို့နယ်တွင်သာမက မကွေးတိုင်းဒေသကြီးအတွင်း မင်းဘူး၊ ပခုက္ကူ၊ ရေစကြို၊ သရက်နှင့် ကံမမြို့နယ်များ၌လည်း ကျင်းပခဲ့ကြောင်း သိရသည်။

**(၁၀၁)**

# စက်မှုသီးနှံထုတ်လုပ်မှုတိုးမြှင့်ရေး ပညာပေးဆွေးနွေး

**ဝါးခယ်မ ဩဂုတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ဘိုးဘေးအညာစုကျေးရွာအုပ်စု၌ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနကကြီးမှူး၍ ချဉ်ပေါင်လျှော်စိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်ရေးအတွက် တောင်သူပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၁၆ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှူး ဦးခင်မောင်ထွန်း၊ ခရိုင်ဦးစီးဌာနမှူး ဦးဌေးကြိုင်နှင့် မြို့နယ်ဦးစီးဌာနမှူး ဦးအေးကျော်တို့က ဂုန်လျှော်၊ ချဉ်ပေါင်လျှော်သီးနှံကို အထွက်တိုးစေရန် ခေတ်မီနည်းစနစ်များဖြင့် စိုက်ပျိုးနည်းများ၊ ပိုးသတ်ဆေးအမျိုးမျိုးနှင့် မြေဩဇာသုံးစွဲမှုနည်းစနစ်များ၊ သိပ္ပံနည်းကျ မျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးထုတ်လုပ်နည်း



များအား ရှင်းလင်းပြောကြားပြီး တောင်သူများအနေဖြင့် ဝင်ငွေတိုးတက်ရရှိရေးအတွက် အရည်အသွေးကောင်းသော ဂုန်လျှော်များ စိုက်ပျိုးထုတ်လုပ်ကြရန် မှာကြားသည်။

ထို့နောက် သဇင်ဦးကုမ္ပဏီမှ မန်နေဂျာဦးမောင်မောင်က တောင်သူများ စိုက်ပျိုးထုတ်လုပ်သော ဂုန်လျှော်၊ ချဉ်ပေါင်လျှော်များ အားလုံးကို အတန်းအစားအလိုက် သတ်မှတ်ချက်များနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်စက်မှုသီးနှံဖွံ့ဖြိုးရေး ဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးရဲထွဋ်က ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များအကြောင်း အသေးစိတ် ရှင်းလင်းပြောကြားသည်။

**ကျော်စိန်(ဝါးခယ်မ)**

# ပြည်သူ့ဝန်ဆောင်မှုရုံးများ (One Stop Shops) ဖွင့်လှစ်

**တောင်ကြီး ဩဂုတ် ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဩဂုတ် ၁၇ ရက် မွန်းလွဲ ၁ နာရီက ပြည်သူ့ဝန်ဆောင်မှုရုံးများ (One Stop Shops) ဖွင့်လှစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကောင်းမွန်သောအုပ်ချုပ်ရေးနှင့်သန့်ရှင်းသော အစိုးရဖြစ်ပေါ်စေရေးအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် (၄)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို အဆင်ပြေချောမွေ့စေရန်၊ ဝန်ဆောင်မှုများဆောင်ရွက်ပေးနိုင်ရန်၊ လာဘ်ပေးလာဘ်ယူ၊ အဂတိလိုက်စားမှုများကိုတားမြစ်၍ ထိရောက်သော ဝန်ဆောင်မှုအလေ့အကျင့်များပြုစုပျိုးထောင်ပေးရန်၊ ပြည်သူများက အစိုးရနှင့် ဌာနဆိုင်ရာဝန်ထမ်းများအပေါ် အားကိုးယုံကြည်မှုတိုးပွားစေရန်၊ တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများ၊ ဦးစီးဌာနများအလိုက် အပြန်အလှန်ထိန်းကျောင်းမှုပြုနိုင်ရန်၊ ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် အချိန်နှင့် ငွေကြေးကုန်ကျမှုသက်သာစေရန်ရည်ရွယ်၍ ပြည်သူ့ဝန်ဆောင်မှုရုံးများ ဖွင့်လှစ်ရေးဆောင်ရွက်ရခြင်းဖြစ်သည်။

အဆိုပါ ပြည်သူ့ဝန်ဆောင်မှုရုံးများ ဖွင့်လှစ်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ပြည်တွင်းအခွန်များ ဦးစီးဌာန၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၊ ဌာနခုနစ်ခုဖြင့် ဌာနအလိုက်ကြီးကြပ်သူတစ်ဦး၊ လုပ်ငန်းကျွမ်းကျင်သူတစ်ဦး၊ ကွန်ပျူတာကျွမ်းကျင်သူတစ်ဦး စုစုပေါင်းသုံးဦးဖြင့် ရှေ့ပြေးဆောင်ရွက်ထားကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# အင်းတော်မြို့နယ်အတွင်း လမ်းတံတားများပြုပြင်ရန် ဘိလပ်မြေများ တပ်မတော်မှထောက်ပံ့



**အင်းတော် ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်အတွင်း ရေကြီးရေလျှံမှုများကြောင့် ပျက်စီးခဲ့သော လမ်းတံတားများကို ပြန်လည်ပြုပြင်ရန်အတွက် ဘိလပ်မြေအိတ်များကို အင်းတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ တပ်မတော်မှ ဩဂုတ် ၁၆ ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက အင်းတော်မြို့နယ်အတွင်းမှ ပျက်စီးသွားသောလမ်းတံတားများကို ပြန်လည်ပြုပြင်ရန်အတွက် ဘိလပ်မြေအိတ် ၂၀၀ ကို တပ်မတော်ယာဉ်သုံးစီးဖြင့် အင်းတော်မြို့နယ် အထောက်အကူပြု ကော်မတီဝင်များထံ လာရောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သော စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကန့်ဘလူမြို့နယ်၊ ကျွန်းလှမြို့နယ်၊ ကောလင်းမြို့နယ်နှင့် အင်းတော်မြို့နယ်များအတွင်းရှိ လမ်းတံတားများပြုပြင်ရန်အတွက် ဘိလပ်မြေအိတ်များကို ထောက်ပံ့လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုနိုင်(အင်းတော်)**

# မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**မန္တလေး ဩဂုတ် ၁၈**

ဩဂုတ် ၁၆ ရက်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ (၁၈)မှ ရဲအုပ်မြင့်သွင်ဦးစီးအဖွဲ့နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ် ဇော်မင်းထိုက်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ် အမှတ်(၁)ရပ် ၆၀ လမ်းနှင့် ငုရွှေဝါလမ်းကြားကြယ်သဇင် စားသောက်ဆိုင်အခန်း (R-2)အတွင်း၌ ပြည့်ဖြိုးသန်းနှင့် လင်းထက်အောင်တို့နှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြားတစ်ထုပ်လျှင် ၁၉၄ ပြားစီပါ ငါးထုပ် စုစုပေါင်းဆေးပြား ၉၇၀၊ အလေးချိန် ၉၇ ဂရမ်ခန့်၊ မောင်ပြည့်ဖြိုးသန်း အမည်ပါ နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခု၊ ဆင်းကတ်နှစ်ခုပါ HUAWEI အမျိုးအစား အဖြူရောင် ဖုန်းတစ်လုံး၊ VIVO အမျိုးအစား အဖြူရောင်ဖုန်းတစ်လုံးနှင့် လင်းထက်အောင်၏ အိတ်ကပ်အတွင်းမှ SAMSUNG အမျိုးအစား အနက်ရောင် လက်ကိုင်ဖုန်းတစ်လုံး၊ HONDA SCOOPYI -110 အမျိုးအစား အနီ/နက်ကြား ဆိုင်ကယ်တစ်စီးတို့ကို တွေ့ရှိရသဖြင့်စစ်မေးရာ လှည်းကူးမြို့နယ် အင်းတိုင်အုပ်စု အလံတဘို (ခ) အလံတဘူရွာအနောက်ပိုင်းနေ ကျော်ဝင်းမြင့်ထံမှ ဩဂုတ် ၁၅ ရက်က ဆေးပြားတစ်ထုပ်လျှင် ငွေကျပ်သုံးသိန်းကျပ်ဖြင့် ဆေးပြားငါးထုပ်ဝယ်ယူခဲ့ပြီး လင်းထက်အောင်က မူးယစ်ဆေးဝါးရောင်းဝယ်ရာ၌ ပွဲစားအဖြစ် ဆောင်ရွက်ပေးရန်လိုက်ပါခဲ့ကြောင်းပေါ်ပေါက်သဖြင့် ပြည့်ဖြိုးသန်း၊ လင်းထက်အောင်နှင့် မူးယစ်ဆေးဝါးရောင်းချသူ ကျော်ဝင်းမြင့်တို့ကို အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**မန်း (ကိုယ်ပွား)**






## လက်နက်ကုန်သည်




ဆရာမောင်မြင့်ကြွယ်ဘာသာပြန်ဆိုထားသည့် "လက်နက်ကုန်သည်" ဝတ္ထုသည် နိုင်ငံတကာ မဟာ ကော်ပိုရေးရှင်းကြီးများ၊ လက်နက် ထုတ်လုပ်သူများနှင့် လက်နက် ကုန်သည်များသည် ထိပ်ပိုင်းမှ နိုင်ငံရေးသမားများကို ငွေဖြင့် ချုပ်ကိုင်နိုင်ပုံ၊ ၎င်းတို့သည် တန်ခိုး အာဏာကြီးထွားကြပြီး ၎င်းတို့၏ အကျိုးစီးပွားအတွက် ရက်ရက်စက်စက် တုံ့ပြန်ကြပုံ၊ လက်နက်ရောင်းဝယ်ရေး ကုမ္ပဏီကြီးနှစ်ခုအကြား ရန်ငြိုးရန်စများ၊ စီးပွားရေးသမားများပီပီ အကြိတ်အနယ်ယှဉ်ပြိုင်ကြပုံများ အစရှိသည်တို့ကို စိတ်ဝင်စား ဖွယ်ရေးသားထားသည်။ ယခုစာအုပ်သည် တတိယအကြိမ် ပြန်လည်ထုတ်ဝေခြင်းဖြစ်ပြီး တန်ဖိုးမှာ ငွေကျပ် ၇၀၀၀ ဖြစ်သည်။

ရန်ကုန်မြို့၊ ၃၇ လမ်း ၊ ဘဝ တက္ကသိုလ်စာပေမှ ထုတ်ဝေဖြန့်ချိခြင်းဖြစ်သည်။

## အနှေးလူ




နိုဘယ်လ်ဆုရ စာရေးဆရာကြီး ဂျေအမ်ကူဇေး၏ ဝတ္ထုကို တော်ကောင်းမင်းက ဘာသာပြန်ဆိုထားခြင်းဖြစ်သည်။ တန်ဖိုး ငွေကျပ် ၄၀၀၀ ဖြစ်ပြီး ရန်ကုန်မြို့၊ ၃၇ လမ်း ၊ ဘဝ တက္ကသိုလ်စာပေတိုက်မှ ထုတ်ဝေ ဖြန့်ချိခြင်းဖြစ်သည်။ အသက် ၆၀ ကျော်အရွယ် အမျိုးသားတစ်ဦး ကားတိုက်ခံရပြီး ခြေတစ်ဖက် အဖြတ်ခံလိုက်ရသည်။ ထို့နောက် သူ့ကိုလာရောက်ပြုစုပေးသော လင်ရှိမယား ကလေးသုံးယောက်အမေ သူနာပြုဆရာမအပေါ် မထားသင့်သည့် သံယောဇဉ် ငြိတွယ်မှုမျိုးဖြင့် ငြိတွယ်မိခဲ့သည်။ အသက် ၆၀ ကျော်အရွယ် ဒုက္ခိတတစ်ဦး၏ အကြောင်းကို ရေးသားထားခြင်းဖြစ်ပြီး ရသစာပေ နှစ်ခြိုက်သည့် စာဖတ်ပရိသတ်များအတွက် ဖတ်ရှုသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

## မီဒီယာကိုယ်ခံပညာ




ဆရာအယ်ဒီပိန်ပိန် (စိန်ဂျွန်းအောင်ကျော်ဦး) ၏ မီဒီယာကိုယ်ခံပညာစာအုပ်သည် မီဒီယာလောကအတွင်းသို့ ခြေချဝင်ရောက်မည့် ဂျာနယ်လစ်မောင်/မယ် သစ်လွင်တို့ လက်မလွှတ်သင့်သော စာအုပ်ကောင်းဖြစ်သည်။ ယင်းစာအုပ်တွင် ဝတ္ထု၊ သတင်းဦးနှင့် သတင်းဆောင်းပါး ရေးသားပုံများ၊ စာနယ်ဇင်းကျင့်ဝတ်များ၊ ဆရာကြီးအချို့၏ သတင်းရယူပုံ စံပြနည်းလမ်းများ၊ အလုပ်သင် သတင်းထောက်များအတွက် သိမှတ်ဖွယ်ရာများ၊ သတင်းဂျာနယ်တို့အတွက် အက်စ်(S) ငါးလုံးအစရှိသည့် မီဒီယာဆောင်းပါးများ စုစည်းထားသော စာအုပ်ဖြစ်သည်။

မင်းတုန်းမင်း တရားလက်ထက် ရတနာပုံ နေပြည်တော်သတင်းစာ စတင် ပေါ်ပေါက်လာပုံ၊ အာဇာနည်ကုန်းတွင် နောက်ဆုံးထွက်သက်အထိ သတင်း ဓာတ်ပုံရိုက်ယူခဲ့သော ရဲရဲတောက်ဓာတ်ပုံ သတင်းထောက်စသည့် စိတ်ဝင်စားဖွယ် အကြောင်းအရာများ ပါရှိသည်။ တန်ဖိုးမှာ ငွေကျပ် ၂၅၀၀ ဖြစ်ပြီး ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေခြင်းဖြစ်သည်။

ယဉ်မျိုးစာအုပ်တိုက်မှ ထုတ်ဝေခြင်းဖြစ်သည်။

**ဗလငါးတန် ဖွံ့ဖြိုးဖို့**
**စာအုပ်စာပေ**
**လေ့လာစို့**

# ကုန်စည်ဈေးနှုန်းကျဆင်းသော်လည်း စားသောက်ကုန်ဈေးနှုန်းများမြင့်တက်လာ

**ရန်ကုန် ဩဂုတ် ၁၈**

ယခုလပိုင်း ရေကြီးရေလျှံမှုနှင့်အတူ အခြေခံစားကုန်အချို့ဈေးနှုန်းမြင့်တက်လာမှုကို ကြုံတွေ့လာရသည်။ သို့သော် အခြေခံစားကုန်အချို့ဈေးနှုန်းများ ရက်သတ္တပတ် ကာလအတွင်း ပြန်လည်ကျဆင်းလာကြသည်။ အခြေခံစားကုန်အချို့ ဈေးနှုန်းမြင့်တက်မှုကို အကြောင်းပြု၍ ရန်ကုန်မြို့လယ်တွင် ရောင်းချနေကြသော အများပြည်သူ ဝယ်ယူအသုံးပြုနေသော အစားအသောက်ဈေးနှုန်းများ မြင့်တက်မှုကိုပါ ဩဂုတ်လအတွင်း ပူးတွဲခံစားလာရသည်ဟု ရန်ကုန်မြို့တွင် နေထိုင်သူများကဆိုသည်။

လက်ဖက်ရည်(ရှယ်)တစ်ခွက်လျှင် ငွေကျပ် ၃၀၀ မှ ၃၅၀၊ မုန့်ဟင်းခါး(ခေါက်ဆွဲ) အကြော်မပါတစ်ပွဲလျှင် ငွေကျပ် ၅၀၀ မှ ၆၀၀ သို့ အသီးသီးဈေးမြင့်တက်လာသည်ကို လမ်းမတော်မြို့နယ်တွင် ယခုလအတွင်းကြုံတွေ့လာရသည်ဟု စားသုံးသူများက ဆိုသည်။ မုန့်ဟင်းခါး(ခေါက်ဆွဲ)အကြော်မပါတစ်ပွဲလျှင် ၂၀၁၅ နှစ်ဆန်းပိုင်းတွင် ငွေကျပ် ၄၀၀ သာရှိရာမှ သင်္ကြန်ရက်ပိုင်းအတွင်း တစ်ကြိမ်၊ ယခုတစ်ကြိမ် စုစုပေါင်း နှစ်ကြိမ်ဈေးတက်ရာ ယခင်ရောင်းဈေး၏ ထက်ဝက်ဈေး တက်လာခြင်းဖြစ်သည်။ ပုံမှန်ရောင်းနေသော ဆိုင်များတွင် အကြော်မပါတစ်ပွဲ ငွေကျပ် ၃၀၀ မှ ၄၀၀ သို့သာ တိုးမြှင့်ရောင်းချဆဲဖြစ် သည်ဟု သိရသည်။

လသာမြို့နယ်အတွင်း နာမည်ရလမ်းဘေးဆန်ပြုတ်ဆိုင်တွင်လည်း ၂၀၁၅ မတိုင်မီ အသားဆန်ပြုတ်တစ်ပွဲလျှင် ၇၀၀ ကျပ်သာရှိရာမှ ဩဂုတ်လအတွင်း ငွေကျပ် ၁၀၀၀ သို့ ဈေးမြင့်တက်လာသည်။

ရန်ကုန်မြို့လယ်တွင် ယခုလပိုင်းစားသောက်ဖွယ်ရာများဈေးနှုန်းစတင်မြင့်တက်လာသော်လည်း တောင်ဥက္ကလာ၊ မရမ်းကုန်း၊ သန်လျင်တို့တွင် ဈေးနှုန်းမြင့်တက်မှုမရှိသေးဟု သိရသည်။

မရမ်းကုန်းကျောက်ရေတွင်း (၅) ရပ်ကွက်အတွင်းရှိ အိမ်ဆိုင်များတွင် အကြော်မပါခေါက်ဆွဲ၊ မုန့်ဟင်းခါးတစ်ပွဲလျှင် ငွေကျပ် ၂၀၀၊ အကြော်တစ်ခုလျှင် ငွေကျပ် ၅၀ နှုန်းဖြင့် ဝယ်ယူစားသုံးနိုင်သေးသည်ဟု ယင်းရပ်ကွက်တွင်နေထိုင်သူ ဒေါ်ညွန့်ကဆိုသည်။ သန်လျင်-ကျောက်တန်း လမ်းမပေါ်ရှိ တမလုံကျေးရွာတွင် လက်ဖက်ရည်ရှယ် တစ်ခွက် ၁၅၀ ကျပ်၊ အကြော်ပါ ခေါက်ဆွဲတစ်ပွဲ ငွေကျပ် ၃၀၀ နှုန်းဖြင့်သာ ဝယ်ယူစားသုံးခဲ့သည်ဟု ယင်း ကျေးရွာသို့ ယခုရက်ပိုင်း ရောက်ရှိခဲ့သည့် လမ်းမတော်မြို့နယ် မဟာဗန္ဓုလ လမ်း (၆) ရပ်ကွက်နေ ကာတွန်းဆရာကြီး ဦးငွေအုန်းကဆိုသည်။

ရန်ကုန်မြို့လယ်တွင် လူအများနံနက်စာအဖြစ်စားသုံးသော လက်ဖက်ရည်ရိုးရာအပါအစားအစာဖြစ်သော မုန့်ဟင်းခါး၊ ခေါက်ဆွဲအပါအဝင် ထမင်းဟင်းဈေးနှုန်းများမြင့်တက်လာမှုသည် ငွေကြေးတတ်နိုင်သူများအတွင်း အခက်အခဲမရှိပါ။ ဝင်ငွေပုံမှန်သာရရှိနေသူအများစုမှာ တစ်နေ့တာအသုံးစရိတ်၏ စားသောက်ရာတွင် ကုန်ကျစရိတ်အပေါ် ယခင်ကထက်ပိုမိုစိစစ်သုံးစွဲလာရသည်ဟု ပြောဆိုမှုများရှိလာသည်။

ရန်ကုန်မြို့လယ်ရှိ လမ်းလယ်အတွင်းဆိုင်များတွင် ရောင်းချနေသော ကြေးအိုးတစ်ပွဲလျှင် ၂၀၁၅ မတိုင်မီက တစ်ပွဲ ငွေကျပ် ၂၄၀၀ မှ ယခုလပိုင်းတွင် ငွေကျပ် ၃၀၀၀ သို့ ဈေးမြင့်တက်လာသည်။ စားသောက်ဖွယ်ရာဈေးနှုန်းများသည် ပါဝင်သောပစ္စည်းတန်ဖိုးများ သာမက ရောင်းချသည့်ဆိုင်၏ အမည်ပေါ်တွင်ပါ မူတည်သည်ဟု စားသုံးသူများမှ ဆိုသည်။

အခြေခံကုန်စည်အချို့ဈေးနှုန်းပြန်လည်ကျဆင်းသော်လည်း ဈေးနှုန်းကျဆင်းခြင်းမရှိသည့် ရန်ကုန်မြို့လယ် စားသောက်ဖွယ်ရာ ဈေးနှုန်းမြင့်တက်မှုသည် ရန်ကုန်မြို့တွင်း လာရောက်အလုပ်လုပ်ကိုင်သူ ပုံမှန်ဝင်ငွေနည်း လူတန်းစားများအတွက် အခက်အခဲတစ်ရပ်ဖြစ်စေသည်ဟု ပြောဆိုနေကြသည်။

**ခင်ဆိုင်**

# ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းရှင်းလင်း ဆွေးနွေးပွဲကျင်းပ

**ရပ်စောက် ဩဂုတ် ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ်၏ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မြို့နယ်နှင့် ရပ်ကွက်ကျေးရွာကော်မရှင်အဖွဲ့ခွဲများ၊ ဌာနဆိုင်ရာများ၊ CSO များ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းများအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းရှင်းလင်း ဆွေးနွေးပွဲကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးအစည်းအဝေးခန်းမ၌ ဩဂုတ် ၁၆ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးပွင့်က အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာထွန်းအေးက ရပ်စောက်မြို့နယ်၏ ရွေးကောက်ပွဲအောင်မြင်စေရေး လုပ်ငန်းဆောင်ရွက်ထားရှိပြီးစီးမှုအခြေအနေများကို ရှင်းလင်းသည်။

ဆက်လက်ပြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအရာရှိ ဦးဇော်မြင့်ဝင်းက ရုံးလုပ်ငန်းအခြေအနေနှင့် မဲဆန္ဒရှင် စာရင်းပြုစုဆောင်ရွက်ရာတွင် အားနည်းချက်၊ အားသာချက် အခြေအနေများကို လည်းကောင်း၊ ခရိုင် ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်ဦးက မဲဆွယ်စည်းရုံးခြင်းဆိုင်ရာကိစ္စရပ်များ၊ သတင်းမီဒီယာ ထုတ်ပြန်ခြင်းဆိုင်ရာကိစ္စရပ်များ၊ မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲပေးခြင်းဆိုင်ရာ ကိစ္စရပ်များကို အသေးစိတ်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



**အင်္ဂပူမြို့နယ် ဝေးတောက်ချောင်းကျေးရွာမှ ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၄၅ သိန်းတန်ဖိုးရှိ စားသောက်ကုန်များနှင့် ဆေးဝါးများကို ဩဂုတ် ၁၅ ရက်က ရန်ကုန်မြို့ မာမီးခေါက်ဆွဲ စက်ရုံမှဝန်ထမ်းများ သွားရောက်လှူဒါန်းစဉ်။** တင်စိုး(မြန်မာ့အလင်း)

# ရေဘေးသင့်ပြည်သူများအား ဆန်၊ ရေသန့်နှင့် စာရေးကိရိယာများလှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၈**

ညောင်တုန်းမြို့ရှိ ရေဘေးသင့်ပြည်သူများ၊ ရေနစ်မြုပ်ကျောင်းများရှိ ကျောင်းသား ကျောင်းသူများအတွက် မအူပင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ ဦးဆောင်ပြီး ကင်းထောက် လူငယ်မောင်မယ် ကျောင်းသား ကျောင်းသူ ၃၂ ဦးသည် ညောင်တုန်းမြို့ ရေဘေးသင့် ပြည်သူများအတွက် ဆန်၊ ရေသန့်၊ ဗလာစာအုပ်၊ စာရေးကိရိယာများနှင့် ပစ္စည်းစုစုပေါင်း တန်ဖိုးငွေကျပ် ၉၇၀၀၀၀ ကို ညောင်တုန်းမြို့ ရေဘေးကာကွယ်ရေးကွပ်ကဲမှုရုံးသို့ ဩဂုတ် ၁၆ ရက်က လာရောက်လှူဒါန်းသည်။

ညောင်တုန်းမြို့နယ်၌ စိုက်ပျိုးဧက ၉၉၈၈ ဧက ရေလွှမ်းခံခဲ့ရပြီး စာသင်ကျောင်းပေါင်း ၆၈ ကျောင်း၊ ဘုန်းတော်ကြီးကျောင်းပေါင်း ၄၄ ကျောင်း ရေနစ်မြုပ်ခဲ့သည့်အပြင် အိမ်ထောင်စုပေါင်း ၁၀၆၇၄ စုနှင့် ရေဘေးသင့်သူဦးရေ ၄၆၇၀၃ ဦး ရေဘေးသင့်ခဲ့ကြောင်း သိရသည်။

**ထွန်းကျော် (ပြန်/ဆက်)**

# ကသာမြို့၌ လမ်းဘေးရေမြောင်းအတွင်း လူတစ်ဦး ရေနစ်သေဆုံး

**ကသာ ဩဂုတ် ၁၈**

ကသာမြို့မရဲစခန်းမှ ရဲအုပ်သိန်းထိုက်သည် ရဲစခန်း၌တာဝန်ထမ်းဆောင်နေစဉ် ဩဂုတ် ၁၆ ရက်က ကသာမြို့နယ် နလယ်အင်း-မင်္ဂလာသုခကျေးရွာသွား လမ်းဘေးရေနုတ်မြောင်းအတွင်း လူတစ်ဦးရေနစ် သဆုံးနေကြောင်း သတင်းအရ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာ အောင်ဝင်း (၅၈နှစ်) မင်္ဂလာသုခကျေးရွာ ကသာမြို့နယ်နေသူမှာ လမ်းဘေးရေနုတ်မြောင်းအတွင်း မှောက်လျက်အနေအထားဖြင့် ရေနစ်သေဆုံးနေကြောင်းတွေ့ရှိရပြီး ၎င်းသေဆုံးခြင်းမှာ ဓမ္မတာအတိုင်း ဟုတ်မဟုတ် စစ်ဆေးပေးရန် ရဲအုပ်သိန်းထိုက်က တရားလိုပြုလုပ်တိုင်တန်းခဲ့ကြောင်း သိရသည်။

**ဦးရဲ(ကသာ)**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ ''မန္တလေးမျဉ်းဖြောင့်များ''အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ ''မန္တလေးမျဉ်းဖြောင့်များ''ကို မြန်မာ့နေ့စဉ်စီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေ့မဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ ''မန္တလေးမျဉ်းဖြောင့်များ'' အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay'အမည်ဖြင့် ဆရာရေချမ်း(မန္တလေး) က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ ဒုတိယတွဲအဖြစ် '' ၄၅ တာ၊ ၁၄ခန်း ဇရပ်နှင့် ၇ သံချီညချမ်း'' အမည်နှင့် ရတနာပုံစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော ''မန္တလေးမျဉ်းဖြောင့်များ''ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော '' ၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချီညချမ်း'' ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# စာတိုက်ကွေ့မှာ အရှေ့ဆီ

**ဆူးငှက်**


'၈၄'လမ်းအတိုင်း ဘတ်စ်ကားစီးသွားတိုင်း'စာတိုက်ကွေ့ပါတယ်၊ စာတိုက်ကွေ့ပါတယ်' ဟူသော စပယ်ယာ၏ အော်သံကိုကြားရ၏။ စာတိုက်ကွေ့မှတ်တိုင်က ၈၄ လမ်း၏ တောင်ဘက်အစွန်မှာ ရှိသည်။ စာတိုက်ကွေ့လွန်တော့ ၈၄ လမ်းက စစ်ကိုင်း-မန္တလေးလမ်းမကြီးအဖြစ် ကျောက်ဆစ်တန်း ကွေ့ကြီးမှတစ်ဆင့် ပြောင်းလဲသွားသည်။ ၈၄ လမ်းကတော့ ဘုရားကြီးအနောက်မုခ်ဖြတ်ကာ သံထီးတန်းမှသည် ဟို. . . တောင်ဘက် သားတော်ရဘုရားဖြတ်ပြီး တမ္ပဝတီထိ ဆက်သွား၏။

တကယ်တော့ စာတိုက်ကွေ့သည် ကွမ်းခြံစာတိုက်ကို အစွဲပြုခေါ်သော အမည်ဖြစ်သည်။ ကွမ်းခြံတောင်ပြင် စာတိုက်ဟုလည်းခေါ်၏။ အခုတော့ ကွမ်းခြံစာတိုက်လည်း ထိုနေရာမှာ မရှိတော့။ ၄၁ လမ်းဘက် ပြောင်းသွားပြီဖြစ်၏။ စာတိုက်ကွေ့က အရှေ့ဘက်တက်သွားသော လမ်းကို 'ဗိုလ်ဗထူး'လမ်းဟု ခေါ်သည်။ မန္တလေးမှာက လမ်းနံပါတ်နှင့် မဟုတ်ဘဲ နာမည်တပ်ခေါ်သောလမ်းက များများစားစားမရှိ။ ထိုလမ်းများကိုလည်း မန္တလေးသားစစ်စစ်တွေလောက်သာ လမ်းနာမည်ကို သိနေကြသော်လည်း လမ်းနံပါတ်နှင့်တွဲထားသောအခါ နောက်ပိုင်းတွင် လမ်းနံပါတ်ကိုသာ လူသိများလာတော့သည်။ ဥပမာ-အာဇာနည်လမ်းကို နောက်လူတွေက ၂၆(ဘီ) လမ်းအဖြစ်သာ အသိများကြ၏။ ထို့နောက် ယင်းလမ်းကိုပင် ဘုရင့်နောင်လမ်းဟု အမည်ပြောင်းသော်လည်း ၂၆(ဘီ)လမ်းဟုသာ အခေါ်များသည်။ ထို့အတူ ၈၃ လမ်းကို ကုန်သည်လမ်း၊ ၂၇ လမ်း(၈၁/၈၃ လမ်းကြား)ကို ဘာဘူတန်း၊ ၂၇ လမ်း (၈၆/၈၈ ကြား) ကို ပန်းဆိုးတန်း၊ ၃၁ လမ်း(၈၆/၈၈ လမ်းကြား) ဒီဘိုးလမ်းစသည်ဖြင့် လမ်းနာမည်များ ရှိခဲ့သော်လည်း ယခုတော့ ထိုနာမည်များနှင့် ပြောဆိုအမှတ်အသားပြုမှုနည်းလာကာ လမ်းနံပါတ်တွေကိုပဲ ပြောဆိုမှတ်သားလာကြသည်။

သို့သော် ဗိုလ်ဗထူးလမ်းကိုတော့ အများစုက မှတ်မိကာ စွဲစွဲမြဲမြဲခေါ်ဝေါ်ကြတာ ယနေ့အထိဖြစ်သည်။ လမ်းနံပါတ်နှင့်ပြောလေ့မရှိကြ။

၈၄ လမ်းမှ အရှေ့ဘက်အချိုး ဗိုလ်ဗထူးလမ်းဝင်စ ကွမ်းခြံစာတိုက်နှင့် မျက်နှာချင်းဆိုင်တွင် အဆောက်အအုံငယ်တစ်ခုရှိသည်။ ယခုတော့ အဆောက်အအုံငယ်ကို ပိတ်ထား၏။ ပါဠိပထမပြန် ဆွမ်းလောင်းအသင်း အလှူငွေ ဓာတ်ဆီဆိုင်ဟောင်းနေရာဖြစ်သည်။ မန္တလေးကား ဘာသာရေးမြို့ဖြစ်သဖြင့် ဘုန်းကြီးကျောင်းတိုက်ကြီးများ ရာချီရှိသည်။ သံဃာတော်များ ထောင်သောင်းချီရှိသည်။ ထိုသံဃာတော်များ စာမေးပွဲကိစ္စ၊ ဆွမ်းကွမ်းကိစ္စအတွက် လိုအပ်သော အလှူငွေကို ထိုဓာတ်ဆီဆိုင်ဖြင့် ဆွမ်းလောင်းသင်းကြီးက ရှာဖွေခဲ့ခြင်းဖြစ်၏။

လွန်ခဲ့သော နှစ်ပေါင်း(၃၀) ကျော်က ဖြစ်မှာပေါ့။ ပြောစမှတ်ဖြစ်ခဲ့၊ မှတ်သားစရာဖြစ်ခဲ့သော ဓာတ်ဆီ



ဆိုင်ဖြစ်၏။ မန္တလေးမြို့ခံ မြို့မိမြို့ဖဂုဏ်သရေရှိ လူကြီးများ တည်ထောင်ခဲ့ကြခြင်း ဖြစ်သည်။ ထိုဓာတ်ဆီဆိုင်၏ တောင်ဘက်ကပ်လျက်က 'သာသနာ ၂၅၀၀' ဓမ္မာရုံရှိ၏။ သာသနာ ၂၅၀၀ ပြည့်နှစ် အထိမ်းအမှတ်အဖြစ် တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ ဘာသာရေး အခမ်းအနား၊ အလှူအတန်းများကို ထိုဓမ္မာရုံကြီး၌ပင် ပြုလုပ်ခဲ့သည်။ ယခင်က သာသနာရေးဆိုင်ရာ စူဠဘွဲ့နှင်းသဘင် အခမ်းအနားမျိုးဆိုလျှင် ထိုဓမ္မာရုံကြီး၌ပင် ပြုလုပ်လေ့ရှိသည်။

သာသနာ ၂၅၀၀ ဓမ္မာရုံကြီးတည်ရှိသော ဝင်းကြီးကို ဘုရားကြီးအနောက် ၄၅ တာဝင်းဟုခေါ်၏။ ဗိုလ်ဗထူးလမ်း၏ တောင်ဘက်ခြမ်းမှာရှိသည်။ အနောက် ၄၅ တာဝင်းကြီးထဲတွင် ယခင်ကာလ ရုံဇာတ်ပွဲများ ထွန်းကားစဉ်က ဝါဆိုလတွင် ဇာတ်ရုံကြီးများထိုးပြီး ရုံဇာတ်ကြီးများသွင်းကာ ကပြလေ့ရှိသည်။

ဗိုလ်ဗထူးလမ်းအတိုင်း အရှေ့တက်သွား၍ အနောက် ၄၅ တာပေါက်ရောက်တိုင်း သတိရမိတာတစ်ခုရှိသည်။ လွန်ခဲ့သည့် ၁၀ နှစ်နီးပါး ကာလလောက်က ဖြစ်မှာပေါ့။ ထို ၄၅ တာဝင်းအတွင်းရှိ မီးသတ်ခန်းမရှေ့မှာ ကျွန်တော့်မိတ်ဆွေ ကဗျာဆရာတစ်ဦး၏သမီး မင်္ဂလာဆောင်ညှော့်ခံပွဲရှိသည်။ ကဗျာဆရာမိတ်ဆွေက ကျွန်တော်တို့စာပေသမားများအား ဖိတ်ကြား၏။ ထိုကာလက ဝတ္ထုတိုရွှေခေတ်ဟု ကြွေးကြော်ကာ ရန်ကုန်မှ မဂ္ဂဇင်းပေါင်းစုံ၏ အယ်ဒီတာဆရာကြီး၊ ဆရာမကြီးများကိုယ်တိုင် မန္တလေးသို့ တခုတ်တရဆင်းလာကြပြီး ကျွန်တော်တို့ဝတ္ထုတိုသမားတွေဆီ စာမူများ တလေးတစား တောင်းနေချိန်ဖြစ်၏။ ကျွန်တော်တို့ ကိုယ်တိုင်ကလည်း 'ငါကွ စာရေးဆရာ' ဟု ဆိုကာ လက်မတထောင်ထောင်နှင့်၊ ငါမှ စာမရေးလျှင် မြန်မာစာပေလောကကြီး ပျက်စီးတော့မယောင်ယောင်၊ ငါ့စာတစ်ပုဒ်တစ်လေမျှမပါရင် ထိုထိုဤဤ မဂ္ဂဇင်းစာပေအဆင့်အတန်း မမီသယောင်၊ သွေးနားထင်ရောက်နေချိန်ဖြစ်၏။ ထို့ကြောင့်လည်း ကိုယ်နှင့်ကိုယ့်နီးစပ်ရာ စာပေသမားအချင်းချင်းမှလွဲ၍ အခြားဘယ်သူ့ကိုမျှ အရာရောက်သူမဟုတ်ဟု မာနကြီးနေချိန်ဖြစ်၏။

ငယ်ငယ်တုန်းက မူလတန်းမှာ သင်ပြခဲ့ဖူးသော ကျေးဇူးရှင်ဆရာတစ်ယောက် လမ်းကြုံ၍ အိမ်ဝင်လာကာ အာလာပသလ္လာပစကားလာပြောသည်ကိုပင် "ဆရာ ကျွန်တော် စာရေးစာဖတ်အလုပ်ကလေးရှိလို့ ခွင့်ပြုပါဦးဆရာ" ဟုပင် ယဉ်ကျေးစွာ နှင်ခဲ့မိသည်အထိ မိုက်ရိုင်းဘဝင်မြင့်ခဲ့ဖူးသည့် ကာလများဖြစ်၏။ ကျွန်တော် ဤရွှေ့ဤမျှ ရှည်လျားထွေပြား နိဒါန်းခံနေရခြင်းမှာ ယင်းမင်္ဂလာဆောင်နှင့်ပတ်သက်၍ ဖြစ်ပါသည်။

လူချစ်လူခင်များ၍ သဘောမနောကောင်းလှသော ကဗျာဆရာကြီးသမီး မင်္ဂလာဆောင်မို့ ကျွန်တော်တို့တစ်တွေမင်္ဂလာဆောင်ဝင်ကြသည်။ ထုံးစံအတိုင်း အားမနာလျှာမကျိုး ညှော့်ခံသမျှ လက်ဖက်ရည်တွေ၊ ကိတ်မုန့်တွေ အမျိုးစုံအောင် တဝတပြဲစားကြသည်။ ထို့နောက် လွယ်အိတ်ကိုယ်စီနှင့် မင်္ဂလာလက်ဖွဲ့ခုံသို့ ဝင်ကာ လက်ဖွဲ့ကြသည်။ စေ့စပ်သေချာ ယဉ်ကျေးသော ထုံးစံအရဆိုလျှင် လက်ဖွဲ့ငွေကို စာအိတ်ကလေးတစ်လုံးထဲထည့်ကာ စာအိတ်ပေါ်မှ လက်ဖွဲ့သူ မိမိ၏နာမည်နှင့် နေရပ်ကိုရေးသားလိုက်လျှင် ကိစ္စအားလုံးလျင်မြန်ချောမွေ့စွာပြီးစီးသွားပြီး လက်ဖွဲ့ခုံမှ ပြန်ကမ်းသည့် မင်္ဂလာလက်ဆောင် ယပ်တောင်ကလေးကိုယူကာ အချိန်တိုအတွင်း ပြန်ခဲ့ရုံပေါ့။

အခုတော့ အရာရာ မစေ့စပ်သော ကြိုတင်ပြင်ဆင်မှုမရှိသော၊ နမော်နမဲ့နိုင်လှသော စာရေးဆရာများပီပီ လက်ဖွဲ့ငွေကို သည်အတိုင်းထိုးပေးပြီး မိမိ၏ နာမည်ကိုပါးစပ်မှ ရွတ်ပြကြသူချည်းဖြစ်၏။ ကဗျာဆရာ၏သမီး မင်္ဂလာဆောင်ဆိုတော့ ဘယ်သူက ဦးဇော်သိန်းတွေ၊ ဦးတင်ညွှန့်တွေ၊ ဦးဆန်းကျော်တွေ မပြော။ အင်မတန် နာမည်ကြီးသည်ဟု ယူဆသော၊ အင်မတန်လူသိများသည်ဟုယူဆသော မိမိကလောင်နာမည်များကိုသာ ဂုဏ်ယူဝံ့ကြွားစွာ ပြောကြသည်မဟုတ်လော. . .။ လက်ဖွဲ့ငွေတစ်ဆယ်တန်လေး ထိုးပေးပြီး "ဆူးငှက်" ဟု ပြောလေသည်။ လက်ဖွဲ့ခုံထိုင်သူက နားမလည်။

"ခင်ဗျာ"

"ဆူးငှက်"

"ကိုနက်"

"မဟုတ်ဘူးခင်ဗျ၊ ဆူးငှက် ဆူးငှက်"

"ဗျာ စုမြတ်ဟုတ်လား"

"ဆူး. . . ဆူး. . . ဆူးငှက်ဗျ"

လက်ဖွဲ့ခုံထိုင်နေသည့် ကဗျာဆရာ ဆွေမျိုးတက္ကသိုလ် ကျောင်းသားအရွယ် လေးငါးဦးစလုံး "ဆူးငှက်" ဆိုတာမသိ။

ထို့အတူ "သိုက်ထွန်းသက်" ဆိုတာ မသိ။ "အော်ပီကျယ်"ဆိုတာ မသိ။ ဆိုလိုတာက အရပ်ရှည်ရှည်၊ အသားဖြူဖြူ ဥပဓိရုပ်ကောင်းကောင်း၊ အဝတ်အစား သပ်သပ်ရပ်ရပ်နှင့် ပုဂ္ဂိုလ်က "အော်ပီကျယ်"နာမည်ကို တဖွဖွပြောနေသောအခါ ဂြိုဟ်သားတစ်ယောက်ကို အိပ်ချင်မူးတူးအချိန်မှာ တွေ့လိုက်ရသလို ဒီနာမည် မကြားဖူးရုံမက လက်ဖွဲ့စာရင်း စာအုပ်ထဲချရေးရမှာကို အားတုံ့အားနာ အံ့အားတသင့် နားဝေတိမ်တောင် အမှားမှားအယွင်းယွင်း ဖြစ်ရတော့သည်။

ကျော်စွာထက်ဆိုသည့် နာမည်ကိုလည်း နားလည်အောင် မနည်းပြောယူရသည်။ဝင်းစည်သူကိုတော့ သူတို့ကို စာပြဖူးသည့် ကျူရှင်ဆရာမို့ လူကိုသိသည်။ သို့သော် ဝင်းစည်သူကိုမသိ။

"ဦးစိန်မောင်ဝင်းလို့ ရေးလိုက်မယ်ဆရာ" ဆိုပြီး ကိစ္စပြတ်စေသည်။ ရဲသျှမ်းကို ဘယ်လိုစာလုံးပေါင်းရမှန်းမသိ။ နောက်ဆုံး အနားမှာရှိသော အရီးတောင်း လက်ဖက်စက္ကူလက်သုတ်ပဝါကိုယူပြီး ထိုအပေါ်ရေးပြလိုက်ကြရတော့သည်။ လက်ဖွဲ့ခုံရှိ လူငယ်အားလုံးကား ကျွန်တော်တို့တစ်တွေ လွယ်အိတ်ကြီးတွေ တဖားဖားနှင့် ပြန်ထွက်သွားမှ ထူးဆန်းဖွယ် လူသားများ၏ ဘာသာစကားအကျပ်အတည်းကြားမှ လွတ်မြောက်သွားကြသည့်ပုံစံ စိတ်သက်သာရရကာ ကျန်ရစ်ခဲ့ကြတော့သည်။ **(ဆက်လက်ဖော်ပြပါမည်)**



**ကလေးမြို့နယ် ရေဘေးသင့် ကျေးရွာများဖြစ်သော မြလင်း၊ မြစိမ်း၊ နန်းကျင်းဆောင် ကျေးရွာများသို့ ဩဂုတ် ၁၇ ရက်က ရွှေရောင်အနာဂတ်ပရဟိတအဖွဲ့က သွားရောက် လှူဒါန်းကြသည်ကို တွေ့ရစဉ်။**

သန်းလင်းဦး (မုံရွာကိုယ်ပွား)

## မြစိမ်းရောင်ကော်မတီများဖွဲ့စည်း

**တနိုင်း ဩဂုတ် ၁၈**

ကချင်ပြည်နယ် တနိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးရွာ ၁၃ ရွာ၌ မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ အရင်းမပျောက်မတည်ရန်ပုံငွေကျပ်သိန်း ၃၃၀၀ ဖြင့် တနိုင်းမြို့နယ်အတွင်းရှိ အောင်စိုးမိုး၊ ရေနံကုန်း၊ ရွာသစ်ကုန်း၊ မိုင်းခွန်၊ ကျောင်းကုန်း၊ မကော-လမောင်၊ ရှိန်လုံဂါ-ပန္နက်၊ လဂျာဘွမ်၊ တခက်၊ ခလုံး၊ တဆိတ်စသည့်ကျေးရွာများ၌ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်ကျေး/လက်ဦးစီးမှူး ဒေါ်အိအိမွန်နှင့် မြို့နယ်မြစိမ်းရောင်ကော်မတီဝင်များပူးပေါင်း၍ ကျေးရွာမြစိမ်းရောင် ကြီးကြပ်ရေးကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီများကို အများဆန္ဒဖြင့် ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# Seminar on Nutrition and Dietetics ဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၈**

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဆေးပညာအဖွဲ့ဝင် သမားတော်များ၊ ထိုင်းနိုင်ငံ Mahidol University Institute of Nutrition ၊ Asian Dietetics Association ၊ Thai Dietetics Association တို့နှင့် STI Myanmar University (STIMU) တို့ ပူးပေါင်း၍ အာဟာရနှင့် ပတ်သက်သည့် ဆွေးနွေးပွဲကို ဩဂုတ် ၂၃ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ချတ်ထရီယံဟိုတယ် Grand Balloon(2)တွင် ကျင်းပမည်ဖြစ်သည်။

ဆွေးနွေးပွဲတွင် ဆေးပညာ သမားတော်ကြီးများ ဖြစ်သည့် ပါမောက္ခ ဒေါက်တာချစ်စိုးက Nutrition -Bench to Beside ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒေါက်တာ မိုးနိုင်က Nutritional Assessment in New Yangon General Hospital ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Institute of Nutrition Mahidol University Thailand မှ Assistant Professor Dr. Chanida Pachotikarn က Role of Dietitians in Health Promotion & Desease Control ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးဟောပြောမည်ဖြစ်ကြောင်း သိရသည်။

အာဟာရနှင့် ပတ်သက်သည့် ပြဿနာများမှာ တစ်ကမ္ဘာလုံးတွင် ကြုံတွေ့နေရဆဲဖြစ်သည်။ အာဟာရဆိုင်ရာကိစ္စရပ်များအတွက် ကမ္ဘာ့နိုင်ငံအသီးသီးတွင် အာဟာရကျွမ်းကျင်ပညာရှင်များက စနစ်တကျ တွက်ချက်ပြီး လိုအပ်သော အာဟာရကို စားသုံးနိုင်ရန် အကြံပေးကြသည်။ မြန်မာနိုင်ငံတွင် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ကာကွယ်ကုသရေးတို့ ပိုမိုထိရောက်နိုင်ရန်အတွက် အာဟာရနှင့် အစားအစာပညာရှင်များ ပေါ်ထွန်းလာရန် လိုအပ်လျက်ရှိသဖြင့် ကမ္ဘာ့အဆင့်မီ အာဟာရပညာရှင်များ မွေးထုတ်လေ့ကျင့်ပေးရန် ရည်ရွယ်လျက် သင်တန်းများကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှ စတင်၍ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# စလင်းမြို့တွင် ဆန်စျေးများမြင့်တက်နေ

**စလင်း ဩဂုတ် ၁၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် ရေကြီးရေလျှံမှုများကို အကြောင်းပြပြီး ဆန်စျေးများ ဒေသပေါက်စျေးထက် မြင့်တက်လျက်ရှိကြောင်း သိရသည်။ လက်ရှိတွင် မနောသုခစက်ကျတစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၊ မနောသုခခပ်ချက်တစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀၊ ဧရာမင်း တစ်အိတ်လျှင် ငွေကျပ် ၄၄၀၀၀၊ စျေးပေါက်လျက်ရှိပြီး ကျရိပ်မရှိသေးကြောင်းနှင့် စလင်းမြို့သည် ရေဘေးအန္တရာယ်တိုက်ရိုက်မခံစားရသော်လည်း ဝန်းကျင်မြို့နယ်များဖြစ်သော ပွင့်ဖြူ၊ စေတုတ္တရာမြို့များ ရေကြီးမှုကို အကြောင်းပြု၍ ဆန်စျေးမြင့်မားနေသဖြင့် ဒေသခံများက ဆန်စျေးချိန်ညှိပေးနိုင်ရန် လိုလားလျက်ရှိကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**



# ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများ သွားရောက်လှူဒါန်း

**သီပေါ ဩဂုတ် ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ အမျိုး၊ ဘာသာ၊ သာသနာစောင့်ရှောက်ရေးအဖွဲ့များနှင့် အများပြည်သူတို့စုပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့မှ ရေဘေး၊ လေဘေးသင့် တိုင်းရင်းသား ပြည်သူများသို့သွားရောက်ကူညီလှူဒါန်းရန်အတွက် ရှမ်းပြည်နယ် အမျိုး၊ ဘာသာ၊ သာသနာစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တအကုံရဦးဆောင်၍ အလှူငွေကျပ် ၇၃၃ သိန်း အပါအဝင် စားသောက်ဖွယ်ရာများ တင်ဆောင်လာသော မော်တော်ယာဉ် ၁၇ စီးသည် ဩဂုတ် ၁၄ ရက်က သီပေါမြို့နယ် အမျိုး၊ ဘာသာ၊ သာသနာစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ သာသနာ ၂၅၀၀၀ ကျောင်းတိုက်သစ်ပဓာန နာယကဆရာတော် ဘဒ္ဒန္တကောသလအရှင်သူမြတ်ကျောင်းတိုက်သို့ ရောက်ရှိကြကြောင်း သိရသည်။ **(ဓါတ်ပုံ)**

**စိုင်း(သီပေါ)**

# ယမ်းဇမ်းကျေးရွာ အလက(ခွဲ)ကျောင်း၌ ကျောင်းဆောင်လိုအပ်

**မလှိုင် ဩဂုတ် ၁၈**

မန္တလေးတိုင်း ဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ယမ်းဇမ်းကျေးရွာအုပ်စုရှိ ဒေသခံကျေးလက်ပြည်သူများမှာ တောင်ယာသီးနှံများ စိုက်ပျိုးထားသော်လည်း ယင်းဒေသသည် မိုးခေါင်ရပ်ဝန်းဒေသဖြစ်သောကြောင့် မွေးမြူရေးများကိုပါ တစ်ပိုင်တစ်နိုင် လုပ်ကိုင်ကြောင်း သိရသည်။

ထို့အတူ ယမ်းဇမ်းကျေးရွာရှိ အလက(ခွဲ) စာသင်ကျောင်း၌ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၁၈ ဦး၊ ဆရာ ဆရာမ ကိုးဦးနှင့် ကော်မတီခန့်နှစ်ဦးသာရှိပြီး ယင်းကျောင်းဝင်းအတွင်း၌ ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူများမှာ ဆရာ ဆရာမ အင်အားနည်းခြင်းကြောင့် အခက်အခဲများဖြစ်ပေါ်နေသည်။

"ကျွန်တော်တို့ ယမ်းဇမ်းကျေးရွာမှာ အလက(ခွဲ)ကျောင်းရှိခြင်းကြောင့် ကလေးများ ပညာသင်ကြားတဲ့အခါ အဆင်ပြေပါတယ်။ ဒါပေမယ့် ဆရာ ဆရာမ အင်အားနည်းနေခြင်း၊ စာသင်ဆောင် အချို့ မိုးလုံလေလုံမရှိတဲ့အတွက် အခက်အခဲ ဖြစ်နေပါတယ်။ ဒါကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများက ဆရာ ဆရာမများ တိုးမြှင့်ပေးပြီး စာသင်ဆောင်တစ်ဆောင်လည်း အသစ်ဆောက်လုပ်ပေးစေလိုပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

**ကျော်ကျော်(မလှိုင်)**



# ပျိုရွယ်သူကျန်းမာရေး အသိပညာပေးဟောပြော

**နေပြည်တော် ဩဂုတ် ၁၈**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော ပျိုရွယ်သူကျန်းမာရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ဒုတိယပတ်က အမှတ် (၆)အထက(နေပြည်တော်)၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

အခမ်းအနားတွင် နေပြည်တော်ကောင်စီနယ်မြေ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူးက အသက်အရွယ်အပိုင်းအခြားအလိုက် ခန္ဓာကိုယ်ဖွံ့ဖြိုးတိုးတက်ပြောင်းလဲပုံနှင့် ကျန်းမာရေးအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်က စိတ်ပိုင်းဆိုင်ရာပြောင်းလဲမှု အကြောင်းအရာများကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့သည်။

အခမ်းအနားသို့ နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။



**မင်းမင်းလတ်(ရှုပဗေဒ)**

# ဘောလုံးပြိုင်ပွဲကျင်းပ

**ဂန့်ဂေါ ဩဂုတ် ၁၈**

ဂန့်ဂေါမြို့နယ် အားကစားနှင့် ကာယပညာကော်မတီကကြီးမှူး၍ TSDP အစီအစဉ်အရ အသက် ၂၃ နှစ်အောက် ဗိုလ်လုပွဲကို ဩဂုတ် ၁၆ ရက် ညနေပိုင်းတွင် မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။ ဗိုလ်လုပွဲအဖြစ် မြောက်ကုန်းရပ်ကွက်အသင်းနှင့် ဇာဟောကျေးရွာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပယ်နယ်တီအဆုံးအဖြတ်ဖြင့် မြောက်ကုန်းရပ်ကွက်အသင်းက ဇာဟောကျေးရွာအသင်းကို ခုနစ်ဂိုး-ခြောက်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ထို့နောက် တာဝန်ရှိသူများက ဆုဖလားနှင့် ဒုတိယဆု၊ နေရာအလိုက် အကောင်းဆုံးဆု၊ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဆုတို့ကို ချီးမြှင့်ကြသည်။

အဆိုပါပြိုင်ပွဲသို့ ရပ်ကွက်၊ ကျေးရွာ အားကစားအသင်း ၁၅ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**(၁၀၁)**

# စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေး

**ပင်လည်ဘူး ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးရာသီစပါးစိုက်ပျိုးသော တောင်သူများသို့ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိသည်။ စိုက်ပျိုးစရိတ်ချေးငွေများကို ၂၀၁၅ ခုနှစ် မေလ ၂၂ ရက်မှစ၍ ကျေးရွာအုပ်စုအလိုက် ထုတ်ချေးပေးခဲ့ရာ ပင်လည်ဘူးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၁ အုပ်စုအတွက် ချေးငွေကျပ် သိန်းပေါင်း ၃၁၀၀၀ လျာထားခဲ့ပြီး ယခုလအထိ ကျေးရွာ ၃၈ အုပ်စုရှိ တောင်သူဦးရေ ၄၀၂၅ ဦးတို့အား ငွေကျပ်သိန်း ၁၆၆၃၈ သိန်းကို ထုတ်ချေးပေးခဲ့ပြီးဖြစ်သည်။

မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ၂၀၁၅ ခုနှစ် စက်တင်ဘာလကုန်အထိ ထုတ်ချေးပေးသွားမည်ဖြစ်ပြီး စပါးစိုက်ပျိုးမြေ တစ်ဧကလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ပုံစံ(၇)ရှိသော တောင်သူများကိုသာ ထုတ်ချေးပေးကြောင်းနှင့် ငွေကျပ် ၁၀၀ လျှင် တစ်နှစ် ငါးရာခိုင်နှုန်းသာ အတိုးကောက်ခံကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မဲဇာမြစ်ကူးတံတားကြီး ရေကြီးရေလျှံခြင်းကြောင့် ယိမ်းယိုင်မှုရှိလာ

**အင်းတော် ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ပင်သချောင်ရွာသူရွာသားများနှင့် ဒေသခံသံဃာတော်များ ပူးပေါင်းဆောက်လုပ်ထားသည့် မဲဇာမြစ်ကူးသစ်သားတံတားကြီးသည် လွန်ခဲ့သည့် ဇူလိုင်လများနှင့် ဩဂုတ်လအတွင်းက မကြာခဏမိုးရွာသွန်းခြင်း၊ မြစ်ရေကြီးခြင်း၊ ရေလျှံခြင်းများဖြစ်ပေါ်မှုကြောင့် မဲဇာမြစ်ပေါင်းကူးတံတားကြီးမှာ ယိမ်းယိုင်လျက်ရှိနေကြောင်း သိရသည်။

ပင်သချောင်ရွာနှင့် အလယ်ဆိပ်ကျေးရွာကြားတွင်ရှိ မဲဇာမြစ်ကိုဖြတ်သန်းကာ ကိုယ့်အားကိုယ်ကိုးဆောက်လုပ်ထားသော သစ်သားတံတားကြီးသည် အလျားပေ ၅၀၀၊ အနံ ၁၂ ပေခန့်ရှိ သည်။ ထိုတံတားကြီးကို မဲဇာမြစ်တစ်ဖက်ကမ်းတွင်ရှိသော ပင်သချောင်ရွာ၊ မကျီးပင်ရွာ၊ ပိန္နဲပင်ရွာ၊ သစ်လှတောရွာ၊ တုန်စီရွာ၊ နတ်ရေတွင်းရွာ၊ ပါအော့ရွာများရှိ ပြည်သူများ နွေမိုးဆောင်းရာသီမရွေး သွားလာကြသည်။

ထိုတံတားကြီးမှာ မဲဇာမြစ်ရေကြီး၍ ရေလွှမ်းနစ်မြုပ်ခဲ့သောကြောင့် အနောက်ဘက်သို့ ယိမ်းယိုင်လျက်ရှိရာ ခိုင်ခံ့တောင့်တင်းရေးအတွက် ပြင်ဆင်ပေးရန် ဒေသခံများကလိုလားနေကြကြောင်း သိရသည်။

**သန်းမောင်လေး(ကချင်မြေ)**



# ရေဘေးသင့်ပြည်သူများထံ သွားရောက်လှူဒါန်း



**ကျောက်တံခါး ဩဂုတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ရေလယ်ကျွန်းရွာရှိ ရေဘေးသင့် အိမ်ခြေ ၄၀၀ မှ အိမ်ထောင်စုဝင်များအား ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ ဖြူစင်မေတ္တာပရဟိတ ဟိန္ဒူမိသားစုများက စုပေါင်း၍ ဩဂုတ် ၁၇ ရက် က ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့လှူဒါန်းခဲ့သည်။

ရေဘေးသင့်ပြည်သူများအတွက် စုစုပေါင်း ၃၅ သိန်းခန့် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# တွံတေးမြို့နယ် စကြာကျောင်းတိုက်တွင် ဓမ္မစကူးလ်ဆရာဖြစ်သင်တန်းဆင်း

**တွံတေး ဩဂုတ် ၁၈**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် မိုးကုတ်ဝိပဿနာ စကြာကျောင်းတိုက်တွင် မြို့နယ်ဓမ္မစကူးလ်က ဦးဆောင်၍ တွံတေးမြို့နယ်အတွင်းရှိ ကျေးရွာများမှ ကျေးရွာသူ ကျေးရွာသားနှင့် ဆရာ ဆရာမများ၊ စေတနာရှင်များက ရန်ကုန်မြို့ ဓမ္မ စကူးလ်ဖောင်ဒေးရှင်းဗဟိုနှင့် ပူးပေါင်းလျက်(၃၈၀) ကြိမ်မြောက် ဓမ္မစကူးလ်ဆရာဖြစ် သင်တန်းဆင်းပွဲကို ဩဂုတ် ၁၅ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဓမ္မစကူးလ်ဖောင်ဒေးရှင်းအတွင်းရေးမှူး ဆရာတော်ဦးဥတ္တမသာရက ဓမ္မစကူးလ်ဗုဒ္ဓဘာသာသင်ရိုးညွှန်းတမ်းများကို ဘာသာရေးအသွင်မဟုတ်ဘဲ ဗုဒ္ဓဘာသာစာရိတ္တပညာရေးအသွင်၊ နိုင်ငံတကာမှ သင်ကြားနေသည့် ခေတ်မီသင်ကြားမှုနည်းစနစ်၊ ဓမ္မစကူးလ်သင်ရိုးညွှန်းတမ်းကို မြန်မာနိုင်ငံတွင်ကလေးဗဟိုပြုချဉ်းကပ်နည်းဖြင့် ရေးဆွဲထားပြီး သင်တန်းသား သင်တန်းသူများကို သင်တန်းပို့ချခဲ့ကြောင်း မိန့်ကြားသည်။

သင်တန်းသား သင်တန်းသူ၊ ရဟန်း၊ သီလရှင်၊ ဆရာ၊ ဆရာမ၊ ကျေးရွာသူ၊ ကျေးရွာသား ၁၀၀ တက်ရောက်သင်ကြားခဲ့ပြီး သင်တန်းဆင်းလက်မှတ်ကို တာဝန်ရှိသူ ဆရာတော်များက ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

# ကသာမြို့နယ် ငွေကောက်ခံရေးဂိတ်တွင် မူးယစ်ဆေးဝါးဖမ်းဆီးရမိ

**ကသာ ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် လမ်းခွရွာအနီး ငွေကောက်ခံရေးဂိတ်တွင် မူးယစ်ဆေးဝါးဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၆ ရက်က မူးယစ်တပ်ဖွဲ့စု(၆) ကသာမှ ရဲအုပ်နိုင်နိုင်ဦးနှင့် အဖွဲ့သည် ကသာမြို့နယ် လမ်းခွကျေးရွာအနီး လမ်းအသုံးပြုခကောက်ခံရေးဂိတ်တွင် စောင့်ဆိုင်းနေစဉ် ကသာဘက်မှ အင်းတော်ဘက်သို့ ကျော်ဆန်းမောင်းနှင်လာသော 125 ဆိုင်ကယ်အား မသင်္ကာ၍ ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူမှုန့် အလေးချိန် စုစုပေါင်း ၄၄ ဂရမ်ခန့်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား ရှာဖွေတွေ့ရှိခဲ့သည်။ ၎င်းအား စစ်မေးရာ မဘိမ်းမြို့နယ် နန့်ဟန်လေးကျေးရွာနေ ဆန်းမောင်ထံမှယူခဲ့ပြီး အင်းတော်မြို့နယ် အောင်းကုန်းကျေးရွာသို့ ပို့ဆောင်ခိုင်းသော ပစ္စည်းများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရ၍ ကသာမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လှအောင်(ကသာ)**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်အတွင်း ရေကြီးနစ်မြုပ်သည့် ကျေးရွာအုပ်စု ၃၁ စုကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက နွားစာနခြောက်တန်ကို ဩဂုတ် ၁၆ ရက်က ပေးအပ်စဉ်။

ခင်လတ်(မိုးညို)




## Ministry of Energy
## Myanma Petrochemical Enterprise
## Invitation Tenders for Cinsultancy and Advisory Services for Five Joint Venture Projects

1. Myanma Petrochemical Enterprise(MPE),a State-owned Enterprise of the Republic of the Union of Myanmar under the Ministry of Engergy announces Invitation Tenders for consultancy and advisory services from local or foreign consultant firms for the following five Joint venture Projects:

| Sr no | Tender No. | Description |
|---|---|---|
| 1. | 1(TP)/Consultant for CPMDD JV/ HQ/MPE/2015-2016 | Coastal Tankers,River Crafts and Barges under Crude and Petrochemical Movement and Distri bution Department(CPMDD) |
| 2. | 2(TP)/Consultant for KZ JV/HQ/ MPE/2015-2016 | No.3 Fertilizer Factory(Kyawzwa) |
| 3. | 3(TP)/Consultant for Laboratory/ HQ/MPE/2015-2016 | Laboratory Services for analyzing the specifica tion and qualification of the Petroleum Products |
| 4. | 4(TP)/Consultant for LPG Supply Chain/HQ/MPE/2015-2016 | New Construction of LPG Terminal and Jetty in No(1)Refinery(Thanlyin) |
| 5. | 5(TP)/Consultant for MLT/ HQ/MPE/2015-2016 | LPG Importation,Storage,Distribution and Marketing by using the existing facilities of Myanmar Liquefied Terminal (MLT)in No(1)Refinery(Thanlyin) |

2. Each tender document can be purchased by 50000 Kyats (Fifty thousand Kyats)at the Finance Department,MPE during office hours commencing from 25th Aug.2015.
3. Applicants Shall submit the proposals in accordance with the specifications set forth in the Tender Documents to the following address not later than 24th Sept,2015 at 12:00 noon.
4. Submission of proposals from an applicant shall not be allowed for more than two out of five joint venture projects.If the proposals submitted are more than two projects from an applicant, all proposals shall not be considered.
5. For more information,Please Contacts the Following address:
Managing Director
Myanma Petrochemical Enterprise
Building No.44,Nay Pyi Taw,Myanmar
dplmpe@energy.gov.mm,mpeict@gmail.com
Fax:+9567411124,+9567411126
6. Late inquiry or inquirics Via telephone will not be answered.



## နေ့စားလပေးမူလတန်းပြဆရာ၊ ဆရာမများ ခန့်ထားရေးအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ဆရာလိုအပ်သည့် ကျောင်းများ၌ နေ့စားလပေး မူလတန်းပြဆရာ၊ ဆရာမရာထူးနေရာများတွင် ခန့်ထားရန်အတွက် အောက်ဖော်ပြပါ သတ်မှတ်ချက်နှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) Ph.D ဘွဲ့ရရှိသူများ အသက်(၄၀)နှင့်အောက်
(ဂ) M.A,M.Sc ဘွဲ့ရရှိသူများ အသက်(၃၅)နှင့်အထက်
(ဃ) B.A,B.Sc ဘွဲ့ရရှိသူများ အသက်(၃၀)နှင့်အောက်

၂။ မူလတန်းပြဆရာ၊ ဆရာမများအဖြစ် ရွေးချယ်ခံရသူများသည် မန္တလေးတိုင်းဒေသကြီးအတွင်း ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ဆရာအတတ်သင် သင်တန်းဆင်းလက်မှတ် ရရှိပြီးပါက မူလတန်းပြ ဆရာ၊ ဆရာမအဖြစ် အတည်ပြုခန့်အပ်မည်ဖြစ်သည်။

၃။ လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်မိတ္တူ(သို့မဟုတ်)ဘွဲ့ရကြောင်းထောက်ခံစာနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ် မိတ္တူပူးတွဲတင်ပြရမည်။(အသက်ကန့်သတ်ချက်ကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာ ၁၇ ရက်ဖြင့် တွက်ချက်သည်။)

၄။ လျှောက်ထားလိုသူများသည် လျှောက်လွှာများကို မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးများတွင် ၁၉-၈-၂၀၁၅ရက်မှစ၍ အခမဲ့ထုတ်ယူနိုင်ပြီး မိမိတို့၏လျှောက်လွှာများကို ၁၇-၉-၂၀၁၅ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ မိမိတို့ဖြေဆိုလိုသောမြို့နယ်ရှိ မြို့နယ်ပညာရေးမှူးရုံးများသို့ ပြန်လည်ပေးပို့လျှောက်ထားရန်ဖြစ်ပါသည်။

၅။ ရေးဖြေစာမေးပွဲစစ်ဆေးခြင်းကို ၃-၁၀-၂၀၁၅ရက်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာမြို့နယ်များတွင်ကျင်းပမည်။ အင်္ဂလိပ်၊ သင်္ချာနှင့်အထွေထွေဗဟုသုတဆိုင်ရာ တစ်နာရီမေးခွန်းဖြေဆိုရမည်။

၆။ ၁၀-၁၀-၂၀၁၅ရက်တွင် ရေးဖြေအောင်စာရင်းထုတ်ပြန်ကြေညာမည်ဖြစ်ပါသည်။

၇။ ၁၅-၁၀-၂၀၁၅ရက် နံနက် ၉နာရီတွင် လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။

၈။ အသေးစိတ်အချက်အလက်များကို မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးနှင့် ခရိုင်/မြို့နယ်ပညာရေးမှူးရုံးများတွင် စုံစမ်းနိုင်ပါသည်။

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၅/၂၀၁၅)

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းအတွက် Aviation Lubricating Oil and Grease(4)Items (Open Tender No. MPPE/ AV(LUB)/T/2(2015-2016) ကို အမေရိကန်ဒေါ်လာ (CIF Yangon)ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၉-၈-၂၀၁၅ ရက်

၃။ **တင်ပိတ်မည့်ရက် နှင့် ပိတ်မည့်အချိန်** - ၁၅-၉-၂၀၁၅ ရက် ၁၂း၀၀ နာရီ

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၄၈၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**စီမံရေးဌာန**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**
**စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## နေပြည်တော်
# ဒီဇယ်ဆီရောင်းချရန်ကြေညာခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်တွင်တည်ရှိသော ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)စက်ရုံမှ ထုတ်လုပ်သည့် သတ်မှတ်စံချိန်စံညွှန်းနှင့်ကိုက်ညီသော ဒီဇယ်ဆီဂါလန် ၉၆၀၀၀၀ (ကိုးသန်းခြောက်သိန်းတိတိ) အား တစ်ဂါလန်လျှင် ၂၆၅၀ကျပ် (ကျပ်နှစ်ထောင့်ခြောက်ရာ ငါးဆယ်တိတိ)နှုန်းနှင့် ဦးရာလူစနစ်ဖြင့် လွတ်လပ်စွာရောင်းချမည်ဖြစ်ပါ၍ မည်သူမဆို လျှောက်ထားဝယ်ယူနိုင်ပါသည်။

၂။ လျှောက်ထားဝယ်ယူသူသည် အနည်းဆုံးဒီဇယ်ဆီဂါလန် ၂၅၀၀၀(နှစ်သောင်းငါးထောင်တိတိ)အား လက်ငင်းငွေချေစနစ်ဖြင့် ဝယ်ယူရမည်။

၃။ ဒီဇယ်ဆီဝယ်ယူသည့် ပမာဏအနည်းအများအလိုက် အောက်ဖော်ပြပါ သတ်မှတ်ရက်များအတွင်း ပြီးစီးအောင်မိမိအစီအစဉ်ဖြင့် ထုတ်ယူရမည်-

(က) ဒီဇယ်ဆီဂါလန် ၂၅၀၀၀ မှ ၅၀၀၀၀ အထိ သတ်မှတ်ရက် ၂၀ ရက်
(ခ) ဒီဇယ်ဆီဂါလန် ၅၀၀၀၁ မှ ၁၀၀၀၀၀ အထိ သတ်မှတ်ရက် ၃၀ ရက်
(ဂ) ဒီဇယ်ဆီဂါလန် ၁၀၀၀၀၁ မှ ၁၅၀၀၀၀ အထိ သတ်မှတ်ရက် ၄၅ ရက်
(ဃ) ဒီဇယ်ဆီဂါလန် ၁၅၀၀၀၁ မှ ၂၀၀၀၀၀ အထိ သတ်မှတ်ရက် ၆၀ ရက်
(င) ဒီဇယ်ဆီဂါလန် ၂၀၀၀၀၁ နှင့် အထက် သတ်မှတ်ရက်၇၅ ရက်

၄။ ဝယ်ယူသူသည် မိမိဝယ်ယူသည့်ပမာဏကို တစ်လုံးတစ်ခဲတည်း ငွေပေးသွင်း ထုတ်ယူရပါမည်။

၅။ ဒီဇယ်ဆီဝယ်ယူလိုသည် မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်ရှိ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)စက်ရုံမှူးထံသို့ တိုက်ရိုက်လိပ်မူလျှောက်ထား၍ ငွေပေးသွင်း ဝယ်ယူနိုင်ပါသည်။

၆။ အသေးစိတ်အချက်အလက်များအား မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန ဖုန်း-၀၆၇-၄၁၁၀၉၃ နှင့် ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)ဖုန်း-၀၉-၄၀၁၅၂၃၀၉၄၊ ၀၉-၄၀၁၅၅၄၈၀၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန**
**ရုံးအမှတ်(၄၄)၊ နေပြည်တော်**

## ဖခင်အမည်မှန်

မြိတ်မြို့၊ ကန်စွန်းအင်း ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း (A)မှ မသူသူဇင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးဌွမ်လိုက် ဖြစ်ပါကြောင်း။

**ဦးဌွမ်လိုက် ၆/တသရ(နိုင်)၀၂၈၈၀၉**

## ဖခင်အမည်မှန်

တပ်ကုန်းမြို့နယ်၊ ကရင်အောင်ကျေးရွာ မောင်ဝေတိုးအောင် အထက(၂) တက္ကသိုလ်ဝင်တန်း အခန်း(A-6)နှင့် မောင်ပြည့်ဖြိုးအောင် MRTV ဆဋ္ဌမတန်း အခန်း:B တို့၏ ဖခင်အမည်မှန်မှာ ဦးကျော်ဝင်းနိုင် ၉/တကန(နိုင်)၀၃၃၂၈၅ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မြိတ်မြို့၊ ကန်စွန်းအင်း ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း (I)မှ မောင်အောင်ဇင်ဖြိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးသန့်ဇင်ဦး ဖြစ်ပါကြောင်း။

**ဦးသန့်ဇင်ဦး**

## ပြောင်းလဲခေါ်ဆိုပါရန်

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော် ဖလမ်း(C) Block နေ ဦးအောင်မြင့်၏သား မောင်စည်သူဖြိုး ၁၂/ဒဂတ(နိုင်)၀၇၇၂၂၄ အား မောင်ဆန်နီချိုဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ဆန်နီချို**

## အမည်မှန်

ဦးညွှန့်ငွေဝင်း၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(H)မှ မောင်မင်းသူရလှိုင်(ခ)မောင်ဂျူနိုက်၏ အမည်မှန်မှာ မောင်ကောင်းမြတ်ကျော် ဖြစ်ပါသည်။

**မောင်ကောင်းမြတ်ကျော်**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၁-၆-၂၀၁၅ရက်နေ့မြန်မာ့အလင်းသတင်းစာ၏စာမျက်နှာကြော်ငြာ(စ)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၂၀)ဦးအောင်ဝင်း+၁၏အမည်ပြောင်းတွင်လျှောက်ထားသူအမည်ဦးအောင်ဝင်း+၁အစားဦးအောင်ဝင်း(ခ)ဦးပြုံး+၁ဟုအမှန်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9G/7696 Honda Aiswave hJI S/W(4×2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဖြူဝင်း ၁၂/သဃက(နိုင်)၀၂၂၀၈၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

EPS - TOPIK Yay Set Group since 2009
Programming & Computer နည်းပညာသင်တန်းများ ကိုရီးယားမှာ ပိုက်ဆံရှာဖို့
ကိုရီးယားဘာသာစကားအရည်အချင်းစစ် စာမေးပွဲ ဖြေဖို့ ဆိုရင် ဒီကိုလာခဲ့ပါ၊
ကိုရီးယားဘာသာစကား အရည်အချင်းစစ် စာမေးပွဲ အောင်ဖို့ ဆိုရင် ဒီကိုလာခဲ့ပါ၊
ကိုရီးယား တက္ကသိုလ်ကျောင်းထွက်၊ ကိုရီးယားတွင် အလုပ်လုပ် ခဲ့ သူ၊
ကိုရီးယား ဘာသာဖြင့် ရန်ကုန်နိုင်ငံခြားဘာသာ တက္ကလိုလ်တွင်ဘွဲ့ရခဲ့သူ က
ကိုရီးယား အလုပ်ဝင် စာမေးပွဲကို ယုံကြည်ချက်ရှိရှိဖြင့်ဖြေဆိုနိုင်ရန် ကိုယ်တိုင် သင်ကြားပေးနေပါသည်၊
Hot Line 09 42 11 70 193
သိရီမင်္ဂလာဈေးဟောင်းရှေ့(ယခု ကား ဝယ်/ရောင်းစခန်းရှေ့) ကြည့်မြင်တိုင် ၊ ရန်ကုန်

## မြန်မာ့သစ်လုပ်ငန်း
## ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
# အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ ကျွန်း-သစ်မာ သစ်လုံးနှင့် ခွဲသားများကို အမေရိကန်ဒေါ်လာဖြင့် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့် အချိန်** - ၂၈-၈-၂၀၁၅ ရက် မွန်းတည့် ၁၂း၀၀ နာရီ
၃၁-၈-၂၀၁၅ ရက် မွန်းလွဲ ၁၃း၀၀ နာရီ

(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်ပမာဏ** - ကျွန်းသစ်လုံး (၁၁၂၈)တန်
- ကျွန်းခွဲသား/ဓားရွေ (၃၁၇)တန်
- တမလန်း/ပိတောက်သစ်လုံး (၅၃)တန်
- ပျဉ်းကတိုး/အင်-ကညင်/သစ်ယာ/အင်ကြင်း/သဒီ/ဘင်္ဂ/နှော/စကားဝါ/ယမနေ/တောင်သရက် ထောက်ကြန့်သစ်လုံး (၁၄၆၅၂)တန်
- ပိတောက်/တမလန်း-ဓားရွေ (၁၃၅)တန်

(ဂ) **ရောင်းချမည့်နေရာ** - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)၊ ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)နှင့် web-site ဖြစ်သော www. myanmatimber. com.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၃။ ဆက်သွယ်ရန်- Ph; 01 528764, E-mail; marketing 1 ppy@gmail.com

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ၊ မြန်မာ့သစ်လုပ်ငန်း**

## အမည်မှန်

ဦးအောင်ကျော်ဇော၏သမီး တောင်ဥက္ကလာပမြို့နယ်၊ အထက ကေတုမတီ တက္ကသိုလ်ဝင်တန်းမှ မသန္တာအောင်၏ အမည်မှန်မှာ မသန္တာအောင် ဖြစ်ပါကြောင်း။

**မသန္တာအောင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဆ/၆၀၂၉ Kyaw Kyar L/T. P/U(4x2)Ⓡ ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဝင်း ၁၂/ကမရ(နိုင်)၀၀၀၄၂၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၉၃၈၂၂ New Anbo 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မိုးငွေ ၅/မမန(နိုင်)၀၆၆၄၆၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

ဩစတြေးလျ၊ အင်္ဂလန်၊ ပြင်သစ် တက္ကသိုလ်ကြီးများမှ ပေးအပ်မည့် ဘွဲ့ဒီဂရီများကို စင်္ကာပူနိုင်ငံ MDIS တွင် တက်ရောက်လိုသူများအတွက်



MDIS Management Development Institute of Singapore
Singapore • Uzbekistan • Malaysia

ရန်ကုန် ပညာရေးဆွေးနွေးပွဲ
၂၂-၈-၂၀၁၅ (စနေနေ့)၊
နေ့လယ် (၂း၀၀) မှ (၄း၀၀) နာရီ၊
ပင်းယခန်းမ (၃-လွှာ)၊
ဆူးလေ-ရှန်ဂရီလာဟိုတယ်။

မန္တလေး ပညာရေးဆွေးနွေးပွဲ
၂၃-၈-၂၀၁၅ (တနင်္ဂနွေနေ့)၊
နံနက် (၁၀း၃၀) မှ နေ့လယ်(၃း၃၀) နာရီ၊
အမှတ်(၈၂)၊ (၇၂)လမ်း၊(၃၁×၃၂)ကြား၊
ချမ်းအေးသာဇံမြို့နယ်။

Master Degrees
- Business Administration
- Tourism & Hospitality
- Biotechnology
- Banking & Finance
- Engineering Management
- Health Science
- International Business
- Computing & Information Systems

Undergraduate Degrees
- Business & Management
- Health & Life Sciences
- Psychology
- Mass Communication
- Information Technology
- Engineering
- Fashion Design
- Travel, Tourism & Hospitality

MDIS Study Grant Available*
Up to SGD 2,000
*Terms and conditions apply

THINK SUCCESS. THINK MDIS.
Management Development Institute of Singapore
Reg. No. 201001793H
20 May 2014 to 19 May 2018

အခြေခံပညာအထက်တန်းအောင်နှင့် နိုင်ငံခြားသင်ရိုးအထက်တန်းအောင် ကျောင်းသား/သူများ လျှောက်ထားနိုင်ပါသည်။

AT&S /eduGlobalVillage
ရန်ကုန် (ရုံးချုပ်) - အဆောင်(၅)၊ အခန်း(၄)၊ အမ်အိုင်စီတီပက်ခ်၊ လှိုင်တက္ကသိုလ်နယ်မြေ။ (ဖုန်း) ၅၂၁၁၂၅၊ ၀၉ ၅၀၆ ၂၁၇၁၊ ၀၉ ၇၉၅၉၅၃၇၇၇။
မန္တလေး (ရုံးခွဲ) - အမှတ် (၈၂)၊ (၇၂) လမ်း၊ (၃၁ × ၃၂) ကြား၊ ချမ်းအေးသာဇံမြို့နယ်။ (ဖုန်း) ၀၂ ၆၆၅၄၉၊ ၀၉ ၅၀၆ ၂၁၆၁၊ ၀၉ ၇၉၉၅၉၅၉၄၉။

Bachelor of Business Administration (Top-up)
စီးပွားရေးစီမံခန့်ခွဲမှုဘွဲ့နောက်ဆုံးနှစ်



STI MYANMAR UNIVERSITY

ဟောင်ကောင်အစိုးရတက္ကသိုလ် (သို့မဟုတ်) ဗြိတိန်အစိုးရတက္ကသိုလ်၏ နောက်ဆုံးနှစ်ဘွဲ့ သင်တန်းဖြစ်ပါသည်။

BBA နောက်ဆုံးနှစ်သို့ တိုက်ရိုက်လျှောက်ထားနိုင်သူများ
- STI MU Advanced Diploma in Business Management (သို့) ABE Level (5) (သို့) BTEC HND in Business အောင်မြင်ပြီးသူများ (သို့) ဘွဲ့တစ်ခုခု ရရှိပြီးသူများ

www.stiedu.net
Block-10, MICT Park, လှိုင်တက္ကသိုလ်၊ ရန်ကုန်
Ph: 377988, 507048, 507151, 507152

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးရီ

**အသက်(၈၄)နှစ်**

ဆေးဝါးတက္ကသိုလ်၊ မန္တလေးမှ ဒေါ်ချိုရီမြင့်(ကထိက/ဌာနမှူး၊ ဆေးဝါးဖော်စပ်ရေးဗေဒဌာန)၏ဖခင် ဦးရီ အသက်(၈၄)နှစ်သည် ၁၅-၈-၂၀၁၅ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်-ပါမောက္ခဒေါက်တာစန်းစန်းနွဲ့**
**ဌာနမှူးများ၊ မော်ကွန်းထိန်း၊ ဆရာ/ဆရာမများနှင့် ဝန်ထမ်းများ**
**ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်**

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးရီ

**အသက်(၈၄)နှစ်**

ဆေးဝါးတက္ကသိုလ်၊ မန္တလေး၊ ဆေးဝါးဖော်စပ်ရေးဗေဒဌာနမှ ကထိက/ဌာနမှူး ဒေါ်ချိုရီမြင့်၏ဖခင် သန်လျင်မြို့၊ အမှတ်(23-A) ရုံးတော်ရပ်ကွက်၊ မင်းရဲကျော်စွာလမ်းနေ (ဒေါ်လှမြင့်)၏ခင်ပွန်း ဦးရီသည် ၁၅-၈-၂၀၁၅ရက် (စနေနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ခေတ္တ ပါမောက္ခချုပ်၊ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများ**
**ဆေးဝါးတက္ကသိုလ်၊ မန္တလေး**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးစောအောင် (ရန်ကုန်)

**အသက်(၇၁)နှစ်**

(၁၉၈၆-၁၉၉၄)ဥပဒေကျောင်းသူ မခင်သီတာအောင်၏ဖခင် ဦးစောအောင်(ရန်ကုန်)သည် ၁၆-၈-၂၀၁၅ရက် ည ၈း၄၀နာရီတွင် အမှတ် ၂၁(ခုနစ်လွှာ)၊ ရှမ်းကုန်းလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၆-၁၉၉၄ မတ်လ**
**ရန်ကုန်တက္ကသိုလ် ဥပဒေကျောင်းသူ/ကျောင်းသားများ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးဝင်းလှိုင် @Victor Yaw Hlaing

**(BE-Civil-1968)**

**ဆည်မြောင်းဝန်ထမ်းဟောင်း**

**အသက်(၇၁)နှစ်**

JEAN BA THIN ၏ခင်ပွန်း ဦးဝင်းလှိုင်သည် ၇-၈-၂၀၁၅ရက်တွင် Bangkok မြို့ နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**1968 ခုနှစ် BE (Civil) ဘွဲ့ရ**
**သူငယ်ချင်းများနှင့် မိသားစုများ**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးစိုင်းမောက်

**အတွင်းရေးမှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ**
**ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့**

**အသက်(၆၈)နှစ်**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်အတွင်းရေးမှူး ဦးစိုင်းမောက်သည် ၁၅-၈-၂၀၁၅ရက် (စနေနေ့) နံနက် ၈း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်**
**ရှမ်းပြည်နယ်(အရှေ့ပိုင်း)လွှတ်တော်ကိုယ်စားလှယ်များ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်အေးအေးမော်

**အသက်(၅၄)နှစ်**

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရေကြောင်းဌာနခွဲမှ Capt. ငွေးလွင်ဦး (ဒုတိယညွှန်ကြားရေးမှူး)၏ဇနီး ဒေါ်အေးအေးမော်သည် ၉-၈-၂၀၁၅ရက် နံနက် ၁၁း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**ဥပဒေနှင့်နည်းပညာစံများဌာနခွဲ**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်သန်းသန်းနု

**(ညောင်ဦး၊ ပခုက္ကူ)**

**အသက်(၅၂)နှစ်**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်၊ နေပြည်တော်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်း၏ဇနီး ဒေါ်သန်းသန်းနုသည် ၁၆-၈-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်**
**ဝန်ထမ်းမိသားစု**
**သစ်တောဦးစီးဌာန**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်မြမြရီ (Pansy Kyaw Din)

**အသက်(၈၉)နှစ်**

(ဦးကျော်ဒင်-ဒေါ်သန်းမေ)တို့၏သမီး၊ (လွယ်အိတ်ကြီး ဦးဘလှိုင်-ဒေါ်ရင်မေ)တို့၏သမီးချွေးမ၊ (ဦးမင်းဒင်)၏ဇနီး၊ ဒေါ်အေးအေးမင်း(ခ)ဒေါ်မေမင်းဒင်၊ ဦးဇော်မင်းဒင်၊ ဒေါ်မာလာမင်းဒင်-ဦးဝင်းဇော်နှင့် ဦးကျော်မင်းဒင်တို့၏မိခင်၊ မောင်လင်းမင်းဒင်၏အဘွားသည် ၁၈-၈-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၁း၀၆နာရီတွင် ပါရမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၈-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ် ၅၊ ဝင်္ကဘာလမ်း၊ ဗဟန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်သန်းလှ

**အသက်(၈၃)နှစ်**

ကျောက်ဆည်မြို့နေ ဦးစိုးမင်း(ကားဝပ်ရှော့)-ဒေါ်နွယ်နွယ်အေး(မြို့နယ်ပညာ ရေးမှူး၊ ငြိမ်းလွင်)၊ မန္တလေးမြို့၊ နန်းရှေ့နေ ဦးဂျပန်ကြီး(လေထိုးဆိုင်)-ဒေါ်ကြွယ်ကြွယ်ငွေး(ထ/ခွဲ၊လ-၁၁)၊ မန္တလေးတိုင်းဒေသကြီး၊ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ရပ်နေ ဦးဝင်းဗိုလ်(MGH)-ဒေါ်ခင်မြင့်ရီ(MGH)၊ ဦးတင်မောင်ထွန်း(WML Co.,Ltd)-ဒေါ်သန်းသန်းစု၊ မဆွေဆွေဝင်း(MCH)၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွား၊ (ဦးသန်းထွန်း၊ ဓာတ်မှန်ဆရာ)၏ချစ်လှစွာသောဇနီးသည် ၁၈-၈-၂၀၁၅ရက်(အင်္ဂါနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် နန်းဦးလွင်ရပ်နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

---

## ဦးအောင်ကျော်မြင့် အသက်(၈၁)နှစ်

**ကုန်သွယ်/လယ်ယာ(ငြိမ်း)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရန်အောင်လမ်းသွယ်(၈)၊ တိုက် ၂၆၇၊ အခန်း ၄နေ (ဦးဘစိုး-ဒေါ်လေး)တို့၏သား၊ ဦးသန်းဦး-ဒေါ်ခင်လေးခိုင်တို့၏မွေးစားဖခင်၊ မောင်ဖြိုးအောင်စည်-မနီလာသိန်း၊ မမိုးဖြူဇင်၊ မသင်းသင်းထက်တို့၏အဘိုးသည် ၁၆-၈-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၈-၂၀၁၅ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်စိန် (အိမ်မဲ)

**အသက်(၈၁)နှစ်**

အိမ်မဲမြို့နယ်နေ (ဦးမောင်တင့်-ဒေါ်မယ်ခ)တို့၏သမီး၊ (ဒေါ်ခင်ညွန့်)၊ (ဒေါ်ခင်နု)တို့၏ညီမ၊(ဦးမောင်ညို)-ဒေါ်ခင်ငြိမ်းတို့၏အစ်မ၊(ဦးပြိုင်-ဒေါ်ပေါ်)တို့၏ချွေးမ၊ ပန်းဘဲတန်းမြို့နယ်၊ အောက်လမ်း၊ ၂၇လမ်း၊ အမှတ် ၃၂ (မြေညီထပ်)နေ (ဦးသိန်းစိုး)၏ဇနီး၊ ဦးခင်မောင်စိုး(MHL Travels & Tours)-ဒေါ် April အေးအေးညွန့်(Myanmar and Worldwide Services Co.,Ltd.)၊ ဦးမြင့်စိုး(IZUMI JAPANESE RESTAURANT)-ဒေါ်ခိုင်ရွှေဝါ၊ ဦးဟန်စိုး(IZUMI JAPANESE RESTAURANT)-ဒေါ်မိုးစန္ဒာ၊ မတင်တင်စိုး(Park Royal Hotel)၊ မနီလာစိုး(MAEDA Corporation)၊ မစန္ဒာစိုးတို့၏မိခင်၊ မ July Khin Maung Soe [University of South Florida (USA)]၊ မောင် October Khin Maung Soe (MIS)၊ မရတီဖူးပွင့်ဟန်(အထက-၂၊ လသာ)၊ မောင်အောင်ခန့်ဇော်(အထက-၂၊ ကမာရွတ်)၊ မောင်ဇွဲသီဟစိုးတို့၏အဘွားသည် ၁၈-၈-၂၀၁၅ရက်(အင်္ဂါနေ့)နံနက် ၆း၁၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၅ရက်(ကြာသပတေးနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း ဒါယိကာမကြီး**

## ဒေါ်တင်တင်(ပဲခူး) B.A Dip Ed

**အထက်တန်းပြဆရာမ(ငြိမ်း)**
**အထက(၃)စမ်းချောင်း၊ အထက(၁)၊ (၃)သာကေတ**

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ရွှေပုန်းညက်ရိပ်မွန်၊ ရွှေပုန်းညက်လမ်း၊ တိုက် L၊ အခန်း ၄နေ (ဦးဝင်းဖေ-ဒေါ်အေးကြည်)တို့၏သမီး၊ (ဦးထွန်းရှိန်-ဒေါ်ရီ)တို့၏သမီးချွေးမ၊ (ဦးမောင်မောင်၊ လက်ထောက်ကျန်းမာရေးမှူး၊ ငြိမ်း)၏ဇနီး၊ဒေါက်တာအောင်ဟိန်း(နား၊နှာခေါင်း၊လည်ချောင်းအထူးကု)-ဒေါက်တာနွယ်နွယ်မြင့်၊ ဦးတင်မောင်မြင့်(ဒုတိယခရိုင်တရားသူကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး)-ဒေါ်အေးအေးကြည်၊ ဗိုလ်မှူးကြီးခိုင်ဇော်(ငြိမ်း) (အထွေထွေမန်နေဂျာ၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း)-ဒေါ်မေငြိမ်းချမ်း၊ ဦးသော်ထွန်း(ပထမအင်ဂျင်နီယာအရာရှိ၊ မြန်မာ့ကြယ်ငါးပွင့်လုပ်ငန်း)-ဒေါ်ခင်ဆုရည်လင်းတို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၁၈-၈-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၁၅ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၈-၂၀၁၅ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**အထူးကျေးဇူးတင်ရှိခြင်း**

## ဒေါ်ရင်ရင်

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ် ၂၃၃နေ ဦးသောင်းမြင့်ဦး-ဒေါ်မာမာဦး (D.G.M CB. Bank)၊ ဦးလှရွှေ၊ ဦးကျော်ဝင်း-ဒေါ်ဆွေဆွေဦး(ငွေစုဘဏ်ခွဲ-၃)၊ ဦးတင့်လွင်-ဒေါ်မေသကြ်န်အေး၊ ဦးအောင်ဇော်ဖြိုး (ကြီး/မှူး၊ MAB BANK)-ဒေါ်အေးအေး(AGM C.B BANK)တို့၏မိခင်ကြီး ဒေါ်ရင်ရင်သည် ၁၂-၈-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ နာရေးကိစ္စတွင် အဘက်ဘက်မှ လိုလေသေးမရှိအောင် ကူညီပံ့ပိုးပေးကြသော CB. Bank ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့ဝင်များ၊ CB. Bank အကြီးအကဲများ၊ CB. Bank ဘဏ်ခွဲများနှင့်ဝန်ထမ်းများအားလုံး၊ MEB မှ ဝန်ထမ်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟပေါင်းတို့အား အထူးကျေးဇူးတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု**

---

## ဦးမြင့်သိန်း

**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**
**ဒုရဲအုပ်အမှတ်စဉ်(၁၃)**

**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ၁၆၄လမ်း၊ အမှတ် ၃၇ (ခုနစ်လွှာ-A)နေ (ဦးသိန်းလွင်-ဒေါ်ညွန့်ရင်)တို့၏သား၊ (ဒေါ်ခင်မာချို)၊ ဦးညွန့်ဝေ-ဒေါ်စန္ဒာလွင်၊ ဦးပညာ(ဦးမောင်မောင်လွင်)တို့၏အစ်ကို၊ ဒေါ်စီစီညွန့်၏ခင်ပွန်း၊ ဒေါက်တာထူးအောင်မြတ်-ဒေါက်တာစုကြည်သာနိုင်၊ မောင်ပြည်ကျော်တို့၏ဖခင်သည် ၁၈-၈-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၁၁း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၈-၂၀၁၅ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း ဒါယိကာမကြီး**

## ဒေါ်ခင်သန့် (ပြည်မြို့)

**အသက်(၉၆)နှစ်**

ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၃၆နေ (ဦးအောင်ခ-ဒေါ်စိန်)တို့၏သမီး၊(ဦးကျော်တင်-ဒေါ်ရွှေသိန်း)တို့၏သမီးချွေးမ၊ [ဦးလှအောင် (တရားရုံးချုပ်ရှေ့နေ)]၏ဇနီး၊ ဦးရဲထွဋ်-ဒေါ်ရီရီအောင်၊ ဦးကြည်ဝင်း-ဒေါ်မြင့်မြင့်ရီ၊ ဦးစိန်မင်း-(ဒေါ်မြင့်မြင့်စိုး)၊ ဦးတင်ထွေးအောင်-ဒေါ်တင်တင်ဦး၊ ဦးသာထက်လင်း-ဒေါ်သူဇာမြင့်တို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၁၇-၈-၂၀၁၅ရက် (တနင်္လာနေ့)နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၈-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ပြည်မြို့ အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## ဟာဂျီမကြီးဒေါ်ရှုရီဖွာ(ခ)ဒေါ်တင်တင်

**(မဟာဆွေ၊ မိတ္ထီလာမြို့)**

**အသက်(၈၇)နှစ်**

မိတ္ထီလာမြို့၊အရှေ့ပြင်ရပ်၊ မဟာဆွေရိပ်ငြိမ်နေ (ဟာဂျီဦးတင်မောင်)၏ဇနီး၊ ဒေါ်ခင်ခင်လှ-ဦးလှမောင်၊ ဟာဂျီမဒေါ်ခင်ခင်မြ (ခရိုင်စာရင်းရုံး၊ ငြိမ်း)၊ ဒေါ်ခင်ခင်အေး(အထပြ၊ ငြိမ်း)-ဦးစိုးဝင်းထွန်း၊ဟာဂျီဦးတင်ဝင်း၊ ဒေါ်ခင်ခင်ငွေး(အထက-၁၊ မိတ္ထီလာ)၊ ဒေါ်တင်တင်နု(အမက၊မင်းရပ်)၊ဒေါ်ယဉ်ယဉ်နု (ဒုစက်ရုံမှူး၊ တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ၊ မိတ္ထီလာ)၊ ဟာဂျီမဒေါ်မျိုးဝင်း - ဟာဂျီ ဦးစိုးလွင်၊ ဟာဂျီ ဦးအောင်နိုင် - ဒေါ်နှင်းဖြူဖြူ၊ ဟာဂျီ ဦးအောင်ဇော်ဝင်း-ဒေါ်ဆွေမာထွန်း(အားမာန်သစ် စက်ပစ္စည်းဆိုင်)တို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၁ယောက်၊ မြစ်ခုနစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၇-၈-၂၀၁၅ရက် နံနက် ၇နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ အစွာရ်နမာဇ်အပြီးတွင် မိတ္ထီလာမြို့ မြင်တော်ကန် မွတ်စလင်ကဗာရ်စတာန် ဥယျာဉ်တော်၌ ဒါဖွာနပြီး ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဒေါ်နှင်းကြည်

**(Naw Selda Nyunt)**

**(တောင်ငူ)**

**အသက်(၈၀)**

တောင်ငူမြို့နေ(ဦးအောင်ညွန့်-ဒေါ်အေးချို)တို့၏သမီး၊ (ဦးဘသန်း-ဒေါ်သန်း)တို့၏သမီးချွေးမ၊ နော်အယ်နာညွန့်၏ညီမ၊(စောဂျွန်အောင်ညွန့်)-နော်အာဂေဖိုး၊(နော်ဂရီတာညွန့်)၊ ရဲမှူးကြီးစောစေးဝါးညွန့်(ငြိမ်း) - နော်ရီနာ၊ ဦးအေးငွေ-နော်စေးဟဲညွန့်၊ (စောအင်ကာညွန့်)-နော်ကယ်ကယ်တို့၏အစ်မ၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၇)ရပ်ကွက်၊ ပန်းခြံ ၁၀၊ ရွှေစင် ၂လမ်း၊ အမှတ် ၁၈၃နေ (ဒေါက်တာဦးထွန်းကြည်)၏ချစ်လှစွာသောဇနီး၊ (ဦးသန့်ဇင်)၊ ဦးမျိုးညွန့်-ဒေါ်ဆွေမာကြည်၊ ဦးအောင်မင်း(Manager စိန်ဂေဟာ၊ လှည်းတန်း)-ဒေါ်ဆွေဝါကြည်၊ ဦးမင်းဇော်၊ ဦးအောင်ဇံတို့၏ချစ်လှစွာသောမိခင်၊ ဒေါက်တာခင်သန္တာမျိုးညွန့်၊ ဒေါက်တာရင်မာလာမျိုးညွန့်၊ (ကိုရန်နိုင်အောင်၊ Celebrity & Model Agency)၊ မကြည်လဲ့အောင်(Grade-XA, TTC)တို့၏အဘွားသည် ၁၇-၈-၂၀၁၅ရက် (တနင်္လာနေ့) ည ၉း၁၀နာရီတွင် ဝိတိုရိယဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၉-၈-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင်ရေဝေးသုသာန်၌ဝတ်ပြုဆုတောင်းပြီး မီးသင်္ဂြိုဟ်ပါမည်။ (ရွှေပြည်သာနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)**

## ဒေါ်ကျင်ပို့ (ဖျာပုံ)

**အသက်(၇၃)နှစ်**

ဖျာပုံမြို့၊(၄)ရပ်ကွက်၊ ဒုတိယလမ်း၊ အမှတ် ၁၁၁နေ ရာသက်ပန်အသင်းဝင် ကန်တော့ခံသက်ကြီး ဦးကျင်ဟင်း(ခ) ဦးအညာသား၏ဇနီး ဒေါ်ကျင်ပို့သည် ၁၃-၈-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ဖျာပုံမြို့ တရုတ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း အသင်းဝင်များအားအသိပေးအကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

---

## ဦးကျင်စိန်(ခ)လီထျန်ရှင်း

**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ ၄၉လမ်းထိပ်၊ ဗိုလ်မြတ်ထွန်းအိမ်ရာ၊ အမှတ်(C-6) (ခြောက်လွှာ)နေ ဦးခင်မောင်လတ်(Ex-EPC)-ဒေါ်အေးအေး(Ex-EPC)၊ (Dr. ချူပိန်ရှင်း)-Dr. တင်တင်လှိုင်(Hong Kong)၊ ဦးမြင့်သိန်း(MOGE-ငြိမ်း)-Dr.စုစုလှိုင်(YGH-ငြိမ်း)၊ ဦးစိန်ကြီး-ဒေါ်ငယ်ငယ်စိန်(Taiwan)၊ Colin Chu-ဒေါ်ဖြူဖြူ(Canada)တို့၏ချစ်လှစွာသောဖခင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၁၈-၈-၂၀၁၅ရက်(အင်္ဂါနေ့)နံနက် ၁း၄၅နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၁၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၈-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၈နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးလှမင်း (ပါမောက္ခ၊ မင်းဓာတု)

**ပါမောက္ခ၊ ဓာတုဗေဒဌာန၊ ပဲခူးတက္ကသိုလ်(ငြိမ်း)**

**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ စက္ကဝတ် ၃လမ်း၊ အမှတ် ၂၄၂နေ (ဦးဘိုးရှင်-ဒေါ်စိန်မြိုင်)တို့၏သား၊ [ဒေါ်ယဉ်ယဉ်ကြည်(ထ/ပြ အထက-၅၊ တာမွေ၊ ငြိမ်း)]၏ခင်ပွန်း၊ [ဒေါ်ခင်စမ်း(ဌာနမှူး၊ ဘဏ္ဍာရေး၊ အဝေးသင်တက္ကသိုလ်၊ ငြိမ်း)]၏မောင်၊ [ဦးကြင်ဟော်(ဒုမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း၊ ငြိမ်း)]-ဒေါ်မြနိုင်(လ/ပြ၊ အထက-၁၊ မ/ဥ၊ ငြိမ်း)၊ ဦးဆန်းညွန့်(လ/ထညွှန်မှူး၊စာပေစိစစ်၊ငြိမ်း)-ဒေါ်အေးအေးမြင့်(လ/ထ လဝကမှူး၊ ငြိမ်း)၊ ဦးဇော်ဝမ်း(ပုံနှိပ်အရာရှိ၊ ဂါးဒီးယန်းသတင်းစာတိုက်၊ ငြိမ်း)-ဒေါ်မြင့်မြင့်ထွေး(ဌာနမှူး MPPE၊ နေပြည်တော်၊ငြိမ်း)တို့၏အစ်ကို၊ တူ/တူမ ခုနစ်ယောက်တို့၏ဘကြီးသည် ၁၈-၈-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၇း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၅ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၄-၈-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးစောအောင် (မြေနီကုန်း)

**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ ရှမ်းကုန်းလမ်း၊ အမှတ် ၂၁နေ(ဦးသန်းဦး-ဒေါ်ညွန့်ညွန့်ကြည်)တို့၏သား၊ ဧရာဝတီတိုင်းဒေသကြီးနေ (ဦးတင်မောင်-ဒေါ်အုန်း)တို့၏သားသမက်၊ (ဒေါ်ခင်ဝင်း)၏ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်ထူးသိန်း-ဒေါ်ခင်သီတာအောင်၊ ဦးရဲမင်းထွန်း-ဒေါ်အေးနန္ဒာအောင်တို့၏ချစ်လှစွာသောဖခင်၊ ဒေါက်တာဦးစောလွင်-ဒေါ်ရင်မြ၊ ဒေါ်ဖြူဖြူသန်း၊ဦးလှမြင့်-ဒေါ်နီနီသန်း၊(ဦးရဲညွန့်)-ဒေါ်ညိုညိုသန်း၊ ဦးနေလင်းသိန်း-ဒေါ်ဝါဝါသန်း၊ (ဒေါ်ဝင်းဝင်းသန်း)တို့၏အစ်ကိုကြီး၊ (စန္ဒရားချစ်မောင်)-ဒေါ်နီနီတို့၏တူ/သား၊ ဦးသက်လွင်မောင်-ဒေါ်မြမာလာ၊ ဦးတင်မင်းမြင့်-ဒေါ်ညိုမီမောင်၊ ဦးဝင်းလွင်ဦး-ဒေါ်နှင်းပွင့်သစ္စာလှိုင်၊ ဦးဇော်ရဲလင်း-ဒေါ်ဆွေလွင်ထား၊ ဦးချမ်းမင်းသက်၊ ဦးစောနောင်လင်း-ဒေါ်ယဉ်ယဉ်သိမ့်၊ ဒေါ်ဝတ်ရည်လွင်၊ ဦးရန်နောင်လင်းတို့၏ဘကြီး၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၆-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့) ည ၈း၄၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၇-၈-၂၀၁၅ရက်(တနင်္လာနေ့)ညနေ ၄နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်သည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၈-၂၀၁၅ရက် (စနေနေ့)နံနက် ၇နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## အရာခံဗိုလ်စောအန်ထော်နီ(ငြိမ်း) B.Sc (Physics)

**မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ရုံး၊ နယူးဒေလီ**
**The Hot News Journal အကြီးတန်းအယ်ဒီတာ**
**Kolping Society of Myanmar(Chairman)**
**WAI International Co.,Ltd Office Incharge & Translator**
**အင်းစိန်မြို့နယ် စာရေးဆရာအသင်းအဖွဲ့ဝင်**

**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ အမှတ် ၆၇၁၊ နီဗွာန်လမ်းသွယ်(၁)နေ (ဦးကြာရင်-ဒေါ်အားစီ)တို့၏သား၊ ဦးဩဂတ်စတင်းကြွေတင်-ဒေါ်ဖီလိုမီနားဆန်းညွန့်တို့၏မောင်၊ ဒေါ်နော်ဂျူလီ၏ချစ်လှစွာသောခင်ပွန်း၊ Helen သင်းသီရိလှိုင်၊မောင်ရဲဒေဝါထွန်း-Rose လှိုင်းဝတ်ရည်ဦးတို့၏ဖခင်သည် ၁၇-၈-၂၀၁၅ရက် ညနေ ၆း၃၀နာရီတွင် အင်းစိန်မြို့နယ်အထွေထွေရောဂါကုဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၉-၈-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် စိန့်ပီတာနှင့် စိန်ပေါလ်ကက်သလစ်ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ညနေ ၃နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ မြေမြှုပ်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် ရက်လည်ဝတ်ပြုဆုတောင်းပွဲ ပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## ဟာဂျီဦးညွန့်ဖေ(ခ) ဟာဂျီမိုဟာမ္မဒ်အွမ်မရ်

**အသက်(၇၆)နှစ်**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် (၂၅/၃)၊ ဒူးယားမုန့်တိုက်နေ ဟာဂျီမဒေါ်ခင်လှမြင့်၏ခင်ပွန်း၊ ဟာဂျီဦးမြင့်အောင်-ဟာဂျီမဒေါ်သင်္ကြီညွန့်၊ ဟာဂျီဒေါက်တာမောင်ဝင်း - ဒေါ်သီတာမြင့် (ခေတ္တ-မလေးရှား)၊ ဦးမောင်မောင်အောင်-ဒေါ်သူဇာသိန်း၊ ဟာဂျီဦးမောင်မောင်မြင့်-ဒေါ်ဥမ္မာဝင်း၊ ဦးမောင်မောင်ညွန့်-ဒေါ်ခင်သူဇာထွန်း၊ ဦးဝင်းမြင့်-ဒေါ်ခင်ထူးတို့၏ဖခင်၊ မြေး ၁၂ယောက်တို့၏အဘိုးသည် ၁၇-၈-၂၀၁၅ရက်(တနင်္လာနေ့) ည ၉း၂၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၈-၈-၂၀၁၅ရက်(အင်္ဂါနေ့) ညနေ ၅း၃၀နာရီတွင် တောင်ကြီးမြို့ တိုင်းရင်းသားပေါင်းစုံ စွန္နီမွတ်စလင်မ်ကဗရ်စတန်သို့ပို့ဆောင် ဒါဖွာနာပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်

**ဆင်ဖြူကျွန်း(သထုံ)**

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ တိုက် ၅၊ အခန်း ၃၀နေ (ဦးဟုတ်ကြိုင်)၏ဇနီး၊ ဦးသူရမောင်ဝင်း - ဒေါ်သင်းသင်းလှိုင်၊ ဦးဉာဏ်ထွန်း-ဒေါ်သီသီဖြိုး၊ ဦးမိုးတင်မြင့်လတ်-ဒေါ်ကြည်ကြည်ခိုင်၊ ဒေါ်စိုးစိုးရီ၊ (ဦးသိဒ္ဓိအောင်)တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၁၇-၈-၂၀၁၅ရက်(တနင်္လာနေ့) ညနေ ၃း၃၇နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၈-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်သည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၈-၂၀၁၅ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများ အထူးသတိပြုနေထိုင်သွားလာကြရန် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သတိပေးနှိုးဆော်ထား

စာမျက်နှာ-၁၃

## ရေနစ်မြုပ်သွားသော ကျေးရွာများ ကျေးရွာသစ်မြေနေရာဖော်ထုတ်

ကလေး ဩဂုတ် ၁၈

ကလေးမြို့တွင် မကြုံစဖူးကြီးမားစွာ ရေကြီးရေလျှံမှုကြောင့် ကလေးမြို့နယ် ကျေးရွာအချို့တွင် ရွာလုံးကျွတ်ရေနစ်မြုပ်ခဲ့ကြပြီး ရေနစ်မြုပ်ကျေးရွာများ ပြန်လည်နေရာချထားရေးအတွက် ကျေးရွာသစ်မြေနေရာဖော်ထုတ်ရေးလုပ်ငန်းများကို ဩဂုတ် ၁၇ ရက်က စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါကျေးရွာသစ် မြေနေရာဖော်ထုတ်ရေးလုပ်ငန်းဆောင်ရွက်မှုများကို ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး(စက်မှု) ဦးစိုးနိုင်နှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ကလေးမြို့နယ် ကျောက်ကာ(ရွာသစ်)ဖော်ထုတ်ရေးလုပ်ငန်းများကို စက်ယန္တရားကြီးများဖြင့် ဩဂုတ် ၁၇ ရက်က စတင်ဆောင်ရွက်လျက်ရှိပြီး ကျီကုန်း၊ နန်းကျင်းဆောင်(ရွာသစ်) ဖော်ထုတ်ရေးလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဟု ဆည်မြောင်းဦးစီးဌာနတာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ချင်းတွင်းသား(ပြန်/ဆက်)

## AFF Awards Night 2015 ဩဂုတ် ၂၂ ရက်၌ ကျင်းပမည်



အာဆီယံအသင်းများထဲတွင် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲယှဉ်ပြိုင်ခွင့် ရရှိခဲ့သည့် မြန်မာယူ-၂၀ အသင်း။

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-ဖိုးသော်ဇင်

ရန်ကုန် ဩဂုတ် ၁၈

အာဆီယံဘောလုံး အဖွဲ့ချုပ်(AFF)က ဒုတိယအကြိမ် ကျင်းပမည့် AFF Awards Night 2015 ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ဩဂုတ် ၂၂ ရက်တွင် ရန်ကုန်မြို့ရှိ Novotel ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

အာဆီယံဘောလုံး အဖွဲ့ချုပ်သည် အဆိုပါဆုပေးပွဲတွင် ဆုအမျိုးအစား ၁၈ ခုချီးမြှင့်သွားမည်ဖြစ်ပြီး အကောင်းဆုံးဘောလုံးသမားဆု (အမျိုးသမီး)နှင့် (အမျိုးသား)၊ အကောင်းဆုံး အမျိုးသားအသင်းနည်းပြဆု၊ အကောင်းဆုံးအမျိုးသမီးအသင်းနည်းပြဆု၊ အကောင်းဆုံး

စာမျက်နှာ ၁၃ ကော်လံ ၂

## စပိန်စူပါဖလားပြိုင်ပွဲတွင် ဘီလ်ဘာအိုတို့ ဘာစီလိုနာကို နှစ်ကျော့ပေါင်းဂိုးပြတ်ဖြင့် ဗိုလ်စွဲ

သီဟ-ရေးသည်

ဘာစီလိုနာ ဩဂုတ် ၁၈

၂၀၁၅ စပိန်စူပါဖလား ဒုတိယအကျော့ပွဲစဉ်ဖြစ် ဘာစီလိုနာနှင့်ဘီလ်ဘာအိုတို့ ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက နူးကမ့်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ ပထမအကျော့တွင် ဘီလ်ဘာအိုတို့အိမ်ကွင်း၌ လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားပြီး နှစ်ကျော့ပေါင်း ငါးဂိုး-တစ်ဂိုးရလဒ်ဖြင့် ဘီလ်ဘာအိုအသင်း ဂိုးပြတ်အနိုင်ရရှိကာ ဖလားဆွတ်ခူးခဲ့သည်။




ပထမအကျော့ ဘီလ်ဘာအိုအိမ်ကွင်း၌ ပွဲချိန် ၁၃ မိနစ်တွင် ကွင်းလယ်ကစားသမား ဆန်ဂျို့စ်က အဖွင့်ဂိုးသွင်းယူခဲ့ပြီး ပွဲချိန် ၅၃ မိနစ်၊ ၆၀၊ ၆၇ မိနစ် (ပယ်နယ်တီ)တို့တွင် တိုက်စစ်မှူး အက်ဒ်ဗိုက်ဇ်က ဘီလ်ဘာအိုအတွက် ဟက်ထရစ်သွင်းယူကာ လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားသည်။

ဒုတိယအကျော့ ဘာစီလိုနာတို့အိမ်ကွင်း၌ ဂိုးပြတ်အနိုင်ရရှိရေးအတွက် တိုက်စစ်မှူး မက်ဆီက ၄၄ မိနစ်တွင် အဖွင့်ဂိုးသွင်းယူခဲ့ပြီး ဒုတိယပိုင်း ၅၆ မိနစ်တွင် နောက်တန်းကစားသမား ပီကေးတိုက်ရိုက်အနီဖြင့် ထုတ်ပယ်ခံရသည်။ ဘီလ်ဘာအိုအသင်း ချေပဂိုးကို ၇၅ မိနစ်တွင်အက်ဒ်ဗိုက်ဇ်က သွင်းယူခဲ့သည်။ ပွဲချိန် ၈၅ မိနစ်တွင် ဘီလ်ဘာအိုအသင်းမှ ဆိုလာကို တိုက်ရိုက်အနီဖြင့် ထုတ်ပယ်ခဲ့ပြီး ပွဲပြီးချိန်တွင်

စာမျက်နှာ ၁၃ ကော်လံ ၁

### ယနေ့ ပတ်စရာ

ညောင်တုန်းမြို့နှင့် ဓနုဖြူမြို့နယ်များရှိ ရေကာတာ၊ တာတမံများနှင့် ရေဘေးကာကွယ်ရေးလုပ်ငန်းများကို နယ်သာလန်နိုင်ငံမှ ပညာရှင်များ လာရောက်လေ့လာ

စာမျက်နှာ ၈

ဗန်းကောက်မြို့လယ် ဗုံးခွဲတိုက်ခိုက်မှု သံသယရှိသူ စီစီတီဗွီကင်မရာတွင် တွေ့ရ

စာမျက်နှာ ၁၂

မြန်မာ့အလင်း
mmalin.mpt @ gmail.com, www.facebook.com/MYANMAALINNEWS



